

www.burmeseclassic.com
အောင်မြင်
လုံးချင်းဝတ္ထုသစ်
မြှပုလဲခင်
နန်းရှိလာ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃

မြပုလဲခင်
နန်းရှိလာ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၁။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



ရန်ကြီးအောင်။

နင်သိထားဖို့ တစ်ခုလိုတာက လောကကြီးမှာ ဆင်နဲ့မိန်းမများဟာ သူတို့ကို အနာတရ လုပ်ထားသူကို ဘယ်သောအခါမှ မေ့ပျောက်မရဘူးဆိုတာကိုပါ။

ဒါကြောင့် နင့်ကို ငါ ဘယ်တော့မှ မေ့မရဘူး၊ အမြဲသတိရနေတယ်။

ဟုတ်တယ်. . . ငါ့ကို အနာတရဖြစ်အောင် လုပ်ထားတဲ့ နင့်ကို အနာတရဖြစ်အောင် လုပ်ဖို့ကို ငါ့နှလုံးခုန်သံစဉ် မပျောက်သရွေ့ သတိရနေတယ်။

ခု နင်ဘယ်ရောက်တယ်၊ ဘာလုပ်နေတယ်၊ ဘယ်တော့ပြန်လာမယ်၊ အဲ. . . နင်ပြန်ရောက်လာတာနဲ့ နင်ဟာ နန်းရှိလာဆိုတဲ့ ငါ့ဆီကို လာတွေ့မှာပါ။ ဟုတ်တယ်. . . နင် ငါ့ကို မတွေ့ရရင်



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်ဘူး၊ တွေ့ကိုတွေ့ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါပစ်ခွင်း
လိုက်တဲ့မြားဟာ နှင့်နှလုံးသားဆီကို တန်းတန်းမတ်မတ် သွားနေပြီ
ဆိုတာကို ကိုယ့်လက်ကိုယ်ယုံကြည်တဲ့ မုဆိုးလို ငါ့ကိုယ်ငါ ယုံကြည်
နေလို့ပါပဲ ရန်ကြီးအောင်။

ဟုတ်တယ်. . . ငါပစ်ခွင်းလိုက်တဲ့ အချစ်မြားဟာ နှင့်
နှလုံးသားကို တည့်မတ်စွာ ခွင်းလိုက်နိုင်မှာပါ။

ဒါကြောင့် နှင့်ကို ငါမျှော်နေတယ်။ ရန်ကြီးအောင်. . .


ကချူးနဲ့ဆင် လယ်ပြင်မှာ တွေ့သလို နှင်နဲ့ငါနဲ့လဲ. . .

အင်း. . . ဒီတစ်ကြိမ်တော့. . .

ငါနိုင်ရမှာပါ။

နှင့်ကို မနိုင်ရင်လေ. . . ငါ. . . ငါ. . .





အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

နင်နဲ့ငါ ယှဉ်ပြိုင်မှုက ကျောင်းတော်ကတည်းကနော်။ ကျောင်းတော်က ရန်စလို့ ဆိုရမယ်။

တောင်ကြီးက ပြောင်းလာတဲ့ ငါဟာ ရန်ကုန်မြို့ရဲ့ အကောင်းဆုံးလို့ နာမည်ရတဲ့ ကျောင်းတစ်ကျောင်းကို ကျောင်းသူသစ်အနေနဲ့ ရောက်လာတယ်။

အဲသည်ကျောင်းဟာ အတော်တွေကို အတန်းသပ်သပ်ထား၊ အညံ့တွေကို အတန်းသပ်သပ်ထားတဲ့ ကျောင်းမျိုး မဟုတ်





ဘူး။ သူငယ်တန်းကနေစပြီး အတန်းစဉ် တက်သွားတဲ့ကျောင်းမျိုးဖြစ်လို့ နင်နဲ့ငါ ဆုံခွင့်ရတာ။ လိုအပ်တဲ့အတန်းမှာ ကျောင်းသားအသစ်ကို လက်ခံလေ့ရှိတယ်။ ဒါကြောင့် သိပ်စာတော်တဲ့ နင်နဲ့ တောင်ကြီးကျောင်းမှာတော့ စာအတော်ဆုံးဖြစ်တဲ့ ငါနဲ့ ယှဉ်ပြိုင်မှုက စတင်လာတယ်နော်။

ဆယ်တန်းရောက်မှ နင်နဲ့ငါ တွေ့ကြတာဆိုတော့ နင်နဲ့ငါဟာ ငယ်ကျွမ်းဆွေ မဟုတ်ဘူး။

ဒါပေမယ့် တစ်တန်းတည်းသား သူငယ်ချင်းတွေနော်။

မှတ်မှတ်ရရ နင် ငါ့အသိအာရုံထဲ ဝင်လာတဲ့နေ့ကို ဒီနေ့အထိ မေ့ပျောက်လို့ မရနိုင်အောင်ပါပဲ။

အဲဒီနေ့က ငါတို့အတန်းကို အင်္ဂလိပ်စာ ဆရာမ မလာဘူး။ အစားဝင်တဲ့ဆရာလည်း မရှိတဲ့နေ့ပဲ။

ဆရာမရှိဘူးဆိုတော့လည်း ကြောင်မရှိတဲ့အရပ်က ကြွက်တွေလိုပေါ့၊ ကျွိ. . . ကျွိ. . . ကြွကြွနဲ့ စကားတွေ ပြောကြ၊ စကြပြောင်ကြပေါ့၊ ဒါ သဘာဝပဲလေ။

ငါက ငါစိတ်ဝင်စားတဲ့အကြောင်းကို ငါ့ဘေးနားက သူငယ်ချင်းဆီမှာ စပ်စုတယ်။

"သုံးလပတ်တုန်းက ဒီအတန်းမှာ ပထမ ဘယ်သူရသလဲ"

"ရန်ကြီး"

"ဘာရယ်"

နင့်နာမည်က ထူးထူးဆန်းဆန်းပါလား။

"ဩော်. . . သူ့ကို သူငယ်ချင်းတွေက ရန်ကြီးလို့ ခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အပြည့်အစုံက ရန်ကြီးအောင်တဲ့"

"ရန်ကြီးအောင် ဟုတ်လား"

ငါ့နားထဲမှာ နင့်နာမည်ဟာ ထူးထူးဆန်းဆန်းဖြစ်နေတယ်။

"ဟုတ်တယ်. . . သူက သိပ်တော်တာ၊ အတန်းအားလုံးမှာလည်း သူ့အမှတ်ပေါင်းက အများဆုံးပဲ"

"ဘယ်လောက်လဲ"

"ငါးရာသုံးဆယ့်ခြောက်"

"ဟင်း. . . ဟင်း. . . ဒီလောက်များ"

ငါက လှောင်ရယ်,ရယ်ပစ်လိုက်တယ်။

ဆယ်တန်းကို အဲဒီတုန်းက သိပ္ပံ ဝိဇ္ဇာ ခွဲထားပြီး ခြောက်ဘာသာ သင်ရတဲ့ခေတ်ဆိုတော့ ခြောက်ရာမပြည့်သရွေ့ ငါ ဘယ်သူ့ကိုမှ အထင်မကြီးနိုင်ဘူး။

ဒါပေမယ့် ငါးရာကို အနည်းငယ် ကျော်ရုံကျော်ခဲ့တဲ့ ငါဟာ နင့်ကို ကျော်လွန်ဖို့အတွက် အများကြီး ကြိုးစားရမယ်ဆိုတာတော့ ငါသိလိုက်ပြီ။

"အင်္ဂလိပ်စာ ဘယ်လောက်လဲ"

"ကိုးဆယ့်နှစ်"

"ဟင်. . ."

နင်က အင်္ဂလိပ်စာအမှတ် တယ်ကောင်းပါလား။ နာမည်က ရန်ကြီးအောင်ဆိုတဲ့ မြန်မာ့ရာဇဝင်ထဲက အထင်ကရမြို့နာမည်ကို ပိုင်ဆိုင်ထားသူကများ။





"သူ ဘယ်မှာ ထိုင်သလဲ"

သည်ကျောင်းကို ရောက်တာ သုံးရက်မြောက်လောက်ပဲ ရှိသေးတာဆိုတော့ အတန်းသားတွေရဲ့နာမည်နဲ့ ရုပ်သွင်ကို ငါ မတွဲမိသေးဘူး။

"ဟာ. . . ပြဿနာပဲ. . . . ဆရာမကြီး"

ငါ့အမေးကို မဖြေနိုင်ဘဲ သူငယ်ချင်း နှင်းနှင်းအေးက နှုတ်မှ အလန့်တကြား ရေရွတ်လိုက်တယ်။

တစ်ပြိုင်နက် ဆိုသလိုပါပဲ။ မီးကို ရေနဲ့ ငြိမ်းသတ်လိုက်သလို ရှဲခနဲ ငြိမ်ကျသွားတဲ့ အတန်းသားအားလုံးဟာ မတ်တတ်ရပ်လိုက်ကြတယ်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ရီဟာ မျက်မှန်ကြီးတဝင်းဝင်းနဲ့ အတန်းထဲက စတိတ်ပေါ်ကို တက်လာတယ်။

"မင်္ဂလာပါ ဆရာမကြီး"

"စောစောက ဆူညံနေတဲ့အတန်းဟာ မင်္ဂလာရှိတဲ့အတန်းတစ်တန်း မဟုတ်ဘူးဆိုတာ တပည့်တို့ နားလည်ရဲ့လား"

"နားလည်ပါတယ်"

ကျောင်းသားတွေဘက်က အသံထွက်လာတယ်။

"ဟုတ်ပြီ. . . မင်းတို့ဟာ နားလည်လွယ်တဲ့ တပည့်တွေဖြစ်လိမ့်မယ်ဆိုတာ ဆရာမကြီး ယုံကြည်ပြီးသားပါ"

ဆရာမကြီးက စကားကို ဖြတ်တောက်လိုက်ပြီး အတန်းကို အကဲခတ်လိုက်သည်။

ဆရာမကြီး၏မျက်လုံးသည် စူးရှတောက်ပြောင်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းတစ်တန်းလုံးရှိ လူကုန်ကို အကဲခတ်ပြီးဖြစ်သွားသည်။

တစ်တန်းလုံး အပ်ကျသံ ကြားရလောက်အောင် ငြိမ်သက်လျက် တုတ်တုတ်မျှ မလှုပ်ရဲကြချေ။

"ဟုတ်ပြီ. . . နာခံတတ်သော ခုလိုတပည့်မျိုးကိုမှ ဆရာမကြီးက နှုတ်ဆက်ချင်တာ၊ ကိုင်း. . . ပြန်နှုတ်ဆက်ကြပါဦး"

"မင်္ဂလာပါ ဆရာမကြီး"

"အေး. . . မင်္ဂလာပါ တပည့်တို့၊ ထိုင်နိုင်ပါပြီ"

ငါလဲ အသာထိုင်လိုက်တယ်၊ အခုမှပဲ သက်ပြင်းချနိုင်တယ်။ ငါဟာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေတတ်ပေမယ့် ရှိသေထိုက်သူကိုတော့ ရှိသေပါတယ်။

"အခု ဘာအချိန်လဲ"

"အင်္ဂလိပ်စာအချိန်ပါ"

"အင်္ဂလိပ်စာဆရာ ခွင့်ယူထားတယ်၊ အခြားဆရာတွေလဲ မအားလို့ အစားမဝင်နိုင်ကြတဲ့အခါမျိုးမှာ စကားတွေ များနေမယ့်အစား အင်္ဂလိပ်စာကိုဖြစ်ဖြစ်၊ အခြားဘာသာရပ်တစ်ခုခုကိုဖြစ်ဖြစ် ဖတ်နေကြမှပေါ့၊ ဒါမှ ကိုယ့်အတွက် အကျိုးရှိမှာ၊ ပထမ အစမ်းစာမေးပွဲကလဲ နီးနေပြီ"

ပြောပြောဆိုဆိုနဲ့ ဆရာမကြီးက ရှေ့ဆုံးတန်းမှာ ထိုင်တဲ့ကျောင်းသူတစ်ယောက်ရဲ့စာအုပ်ကို ယူကြည့်လိုက်တယ်ဆိုရင်ပဲ. .

"မင်းရဲ့အင်္ဂလိပ်လက်ရေးဟာ သိပ်ညံ့တာပဲ၊ သတ်ပုံတွေလဲ မှားတယ်"

ငါ့အနေနဲ့ ဆရာမကြီးကို ငေးကြည့်မိတယ်။ ဆရာမကြီး





ဟာ သည်ကျောင်းကို ပြောင်းလာတာ နှစ်လလောက်ပဲ ရှိသေးတယ်ဆိုတာ ငါ ကျောင်းအပ်တဲ့နေ့က သိခဲ့ရတယ်လေ။ အရင်ဆရာကြီးက သက်ပြည့်ပင်စင်ယူသွားလို့ သည်ဆရာမကြီး ရောက်လာတာတဲ့။

"ဟင်းသီးဟင်းရွက်ကို ဘယ်လိုခေါ်သလဲ ပြောစမ်း"

ဆရာမကြီးက တစ်တန်းလုံးကို သိမ်းကျုံးကြည့်ပြီး မေးလိုက်တယ်။

ငါတို့အားလုံးက. . .

"ဗယ်ဂျီတေးဘဲလ်"

တစ်တန်းလုံး ဖြေတယ်။

ဒါပေမယ့် ဘိုသံပေါက်နေတဲ့ ငါ့အသံဟာ အားလုံးထဲမှာ ကွဲလွဲစွာ ထွက်ပေါ်သွားပုံ ရတယ်။ ဆရာမကြီးရဲ့ဝင်းဝင်းတောက် မျက်မှန်အောက်က စူးရှရှမျက်လုံးအစုံဟာ ငါ့ထံကို ရောက်ရှိလာတယ်။

တစ်ဆက်တည်း လက်ညှိုးက ငါ့အပေါ် ကျရောက်လာပြီး

"စာလုံးပေါင်းပြပါ"

ငါလည်း မတ်တတ်ရပ် လက်ကလေး ပိုက်လို့ပေါ့။ ဆရာရှေ့ရောက်သောတပည့်ရဲ့ရင်ခုန်ခြင်းဟာ ဘယ်လောက်ရဲတင်းသူဖြစ်ပါစေ ရှိစမြဲပဲ။ ငါလည်း နည်းနည်းတော့ ရင်ခုန်သွားတယ်။

ဒါပေမယ့် သည်စာလုံးလောက်ကတော့ စလွယ်လေးပဲ။

"ဗွီအီးဂျီအီးတီအေဘီးလ်အယ်လ်အီး. . . ဗယ်ဂျီတေးဘဲလ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်"

ဆရာမကြီးက ပြောရင်း ငါ့ကို စူးစိုက်ကြည့်တယ်။

"မင်းက ဟိုတစ်နေ့ကမှ အပ်တဲ့ ကျောင်းသူအသစ်ပဲ၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဆရာမကြီးက အဲသည်စကားကို အင်္ဂလိပ်လို ပြောပြီး ငါ့ကို မေးခွန်းထုတ်လိုက်တာ။ ငါကလည်း အင်္ဂလိပ်လို ပြန်ဖြေလိုက်တယ်။

"နန်းရှီလာလို့ ခေါ်ပါတယ်"

"ဟုတ်ပြီ နန်းရှီလာ၊ ဟင်းသီးဟင်းရွက်ငါးမျိုးရဲ့အမည်ကို မြန်မာလို ပြောပါ"

ဆရာမကြီးက ဗဟုသုတအနေနဲ့ အကျဆေးမှာ အသုံးဝင်နိုင်စေဖို့ ကြုံကြိုက်တုန်း ပညာပေးနေတာကို ငါနားလည်လိုက်တယ်။

ဒါကြောင့်. . .

"သခွားသီး"

ငါက ပြောလိုက်တော့ ဆရာမကြီးက မြေဖြူယူပြီး ကျောက်သင်ပုန်းကြီးပေါ်မှာ ရေးချလိုက်တယ်။

ဆရာမကြီးလက်ရေးဟာ ပုံနှိပ်စာလုံးလိုပဲ ဝိုင်းစက်ညီညာနေတာကို ငါအားကျမိတယ်။ ငါ့လက်ရေးလှအောင် လေ့ကျင့်ရဦးမယ်။

"နောက်လေးမျိုး ဆက်ပြောပါဦး"

"ဂေါ်ဖီထုပ်"





"ဟုတ်ပြီ"

"ဘူးသီး"

"ဆက်ပြော"

"အာလူး"

"ဟုတ်ပြီ. . . နောက်တစ်မျိုးပဲ ကျန်တယ်"

"ချဉ်ပေါင်ရွက်"

တစ်တန်းလုံးဟာ တိတ်ဆိတ်ငြိမ်သက်စွာနှင့် ဆရာမကြီးနှင့် ငါ့ကို အာရုံစိုက်နေတယ်လေ။ အဲသည်အထဲမှာ ရန်ကြီးအောင်ဆိုတဲ့နင့်ကို ငါမမြင်ရသေးဘဲနှင့် ခန့်မှန်းကြည့်နေတယ်။

"ကောင်းပြီ. . . ဟင်းသီးဟင်းရွက်ငါးမျိုးကို ရပြီဆိုတော့ အဲ့ဒီဟင်းသီးဟင်းရွက်ငါးမျိုးကို အင်္ဂလိပ်လို ပြောနိုင်တဲ့လူ ရှေ့ကို ထွက်ခဲ့"

တစ်တန်းလုံး ကျောက်ဆစ်ရုပ် ဖြစ်သွားတယ်။

"ကျွန်မ ပြောလို့ရမလား"

ငါက ရဲတင်းစွာ ပြောလိုက်တယ်ဆိုရင်ပဲ ဆရာမကြီးက လက်ကာပြီး. . .

"နေ. . . နေ. . . မင်းထိုင်တော့ နန်းရှီလာ၊ ကျန်တဲ့လူ ဖြေရမယ်"

အဲသည်အချိန်မှာ နောက်တန်းက ကျောင်းသားတစ်ယောက် ရှေ့ကို ထွက်လာတယ်။

"ရန်ကြီးတွ"

ယောကျ်ားလေးဘက်က အသံထွက်လာတယ်၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်မှာ နင့်ကို စပြီး ငါတွေ့ဖူးခြင်းပဲ။

အသားမဖြူမညို အရပ်မြင့်မြင့်၊ မျက်ခုံးကောင်းကောင်း နှာတံပေါ်ပေါ်နှင့် ပိရိသောနှုတ်ခမ်း၊ ကြွခိုင်သောမေးရိုးနှင့် နင်ဟာ ယောကျ်ားပီသသော လူချောစာရင်းဝင် လူတစ်ယောက်ပါပဲ။

"အဲဒါ ရန်ကြီးအောင်"

နှင်းနှင်းအေးက ငါကြားရုံလေသံနှင့် ငါ့ကို ပြောလိုက်တယ်။

"အင်း. . . အညာသားရုပ်"

ဘာကြောင့်ရယ် မသိဘူး။

နင်နဲ့ ပတ်သက်လာရင် ငါ့မှာအကောင်းမြင်ဝါဒ မရှိချင်ဘူး။ အသားဆွတ်ဆွတ်ဖြူတဲ့ ငါ့ထက်စာလျှင်တော့ နင်ဟာ အသားညိုသူအဖြစ် ငါက အညာသားလို့ တမင်ပြောပစ်တာ။ နှင်းနှင်းအေးက မကျေနပ်။

"ဖြူပါတယ်ဟယ်"

"ဟွန်း. . . ဒီအသားများ၊ လူပုံကိုက တိုက်ဂေါ်"

ငါ့အကြည့်က နင့်အပေါ်မှာ ဝန်တိုခြင်းတွေ ကျရောက်သွားတယ်။

ငါက ငါ့ထက် စာတော်သူဆိုရင် ကြည့်မရတတ်တဲ့ရောဂါရှိတယ်။

"မင်းနာမည်"

ဆရာမကြီးက အင်္ဂလိပ်လိုပဲ မေးတယ်။ ဒါကို နင်က ပီသစွာနှင့် အင်္ဂလိပ်လို. . .





"ရန်ကြီးအောင်"

"သိပ်ကို အတိတ်နိမိတ်ကောင်းတဲ့ နာမည်ပဲ၊ ဟုတ်ပြီ ရန်ကြီးအောင်. . . ပြောပါ"

ဆရာမကြီးက သခွားသီးတစ်လုံးကို မြေဖြူနှင့် ထောက်ပြီး မေးသည်။

"သခွားသီးကို ကျူကမ်းဘားလို့ ခေါ်ပါတယ် ဆရာမကြီး"

နင်က လက်ပိုက်ပြီး ရိုကျိုးစွာ ဖြေတယ်။

ကြည့်စမ်း. . .။

နင်ဟာ တော်ရုံလေ့လာထားရုံနှင့် မသိနိုင်တဲ့အသီးကို သိနေတယ်။ ဆရာမကြီးကသာ သည်လိုအမေးအဖြေ လုပ်မည်မှန်း သိရင် ငါ အခက်ခဲဆုံး အသီးအနှံတွေ စဉ်းစားပြီး ပြောမိမှာအမှန်ပဲ။

"စာလုံးပေါင်းပြပါ ရန်ကြီးအောင်"

ဆရာမကြီးက ရန်ကြီးအောင်ဆိုတဲ့စာလုံးကို သဘောတွေ့နေပုံရတယ်။

"စီယူစီယူအမ်ဘီအီးအာရ် (Cucumber)"

"မှန်တယ်. . . ဆက်ပြောပါဦး ရန်ကြီးအောင်"

"ဂေါ်ဖီထုပ်ကို ကယ်ဘေ့ချ် (Cabbage)၊ စီအေဘီဘီအေဂျီအီး"

"မှန်တယ်"

"ဘူးသီးကို ဂျီအိုယူအာရ်ဒီ (Gourd) ဂေါက်ဒ်"

"ဘဲရီးဂွတ် (Very Good)"



www.burmeseclassic.com

www.burmeseclassic.com



"အာလူးကို ပိုတေးတိုး၊ ပီအိုတီးအေတီအို (Potato)"

"ဆက်ပြော. . . ရန်ကြီးအောင်"

"ချဉ်ပေါင်ရွက်၊ အာရ်အိုအက်စ်အီးအဲလ်အဲလ်အီး၊ အဲ

အီးအေအက်ဖ် (Rosselle Leaf) ရိုဇဲလ်လိဖ်"

"အားလုံးမှန်တယ်"

ယောကျ်ားလေးတွေဘက်က လက်ခုပ်သံ ခပ်တိုး

ထွက်လာတယ်။

နင်က ရှက်ပြုံးပြုံးပြီး နင့်နေရာ နင်ပြန်သွားဖို့ စတိတ်

က ဆင်းလိုက်တော့. . .

"နေဦး ရန်ကြီးအောင်"

နင်က ဆရာမကြီးကို လှမ်းကြည့်လိုက်တယ်။

"မပြန်နဲ့ဦး"

နင် စတိတ်ပေါ် ပြန်တက်တယ်။

လက်ပိုက်တယ်။ နာခံရိုကျိုးသော တပည့်တစ်ဦး အ

အထားမျိုး နင့်မှာ ရှိနေတယ်။

"နောက်ထပ် ဟင်းသီးဟင်းရွက်ငါးမျိုးရဲ့အမည်ကို မြန်

လို ပြောပါဦး"

နင်က ခေတ္တစဉ်းစားလိုက်ပြီး. . .

"ငရုတ်သီး"

"ကြက်သွန်နီ"

"ကြက်သွန်ဖြူ"

"ကန်စွန်းရွက်"





"ခဝဲသီး"

နင်ပြောသမျှကို ဆရာမကြီးက ကျောက်သင်ပုန်းပေါ်မှာ ရေးချပြီး အတန်းကို အကဲခတ်လိုက်တယ်ဆိုရင်ပဲ. . .

ငါ့ရင်ထဲက တဒိတ်ဒိတ် ခုန်လာတယ်။ နင်ပြောသမျှကို ငါ လေးမျိုးစလုံး ရပေမယ့် ခဝဲသီးကို ငါ မလေ့လာမိဘူး ထင်တယ်။

အဲသည်အချိန်မှာပဲ ဆရာမကြီးက. . .

"ကိုင်း. . . အခု ရန်ကြီးအောင် ပြောသွားတဲ့ ဟင်းသီး ဟင်းရွက်ကို အင်္ဂလိပ်လို ပြောနိုင်တဲ့သူ ရှေ့ထွက်ခဲ့ပါဦး"

တစ်တန်းလုံး တိတ်ဆိတ်သွားတယ်၊ သူတို့မျက်ဝန်းနဲ့ ဆရာမကြီးမျက်ဝန်း ခလုတ်တိုက်မှာကို စိုးရိမ်တဲ့အလား မျက်လွှာ လေးတွေချ၊ ခေါင်းလေးတွေ အနည်းငယ် ငုံ့လျှိုးလျက် ရှိနေကြ တယ်။

ဆရာမကြီးအကြည့် ငါ့ထံ ရောက်လာတယ်။

"နန်းရှိလာ"

"ဟုတ်ကဲ့. . . ကျွန်မ ကြိုးစားကြည့်ပါဦးမယ်"

ငါ မဝံ့မရဲ ဖြစ်ရပြီလေ။ ဒါပေမယ့် ငါ ရှေ့ကို ထွက်ခဲ့ တယ်။ နင့်ကို ငါအရှုံးမပေးနိုင်ဘူး။

စတိတ်ပေါ်မှာ မတ်တတ်ရပ် လက်ပိုက်ပြီး. . .

"ငရုတ်သီးကို ချီလီ (Chilli)"

"ကြက်သွန်နီကို အွိုင်းနီးယန်း (Onion)"

"ကြက်သွန်ဖြူကို ဂါးလစ် (Garlic)"

"ကန်စွန်းရွက်ကို ဝါးတားဂရင်းလ် (Water Green)"



www.burmeseclassic.com

www.burmeseclassic.com



"ခဝဲသီး. . . ခဝဲသီးကို ကျွန်မ မသိဘူး ဆရာမကြီး"

"စဉ်းစားပါဦး"

"ကျွန်မ စဉ်းစားပါတယ်၊ မသိလို့ပါ ဆရာမကြီး"

မသိတာကို ဟန်ဆောင်ပြီး ခွေးအကြီး လှည်းနင်းသလို ဝါးချတတ်တဲ့ ဝါသနာ ငါ့မှာ မရှိဘူး ရန်ကြီးအောင်။ ဒါကြောင့် ငါငြင်းပယ်လိုက်တယ်။

"အတန်းသားတွေ ဘယ်သူသိကြသလဲ"

အတန်းသားတွေရဲ့ခန္ဓာကိုယ်ဟာ ပိုကျုံ့သွားသလိုပဲ ငါ ထင်လိုက်ရတယ်။

"ရန်ကြီးအောင်"

နင်နဲ့ငါဟာ စတိတ်ခုံပေါ်ရဲ့ အစွန်းတစ်ဖက်စီမှာ မျက်နှာ ချင်းဆိုင် ရှိနေကြတယ်။

"ခင်ဗျာ"

"ခဝဲသီးကို အင်္ဂလိပ်လို မင်းပဲ အဖြေပေးလိုက်ပါ"

"ဟုတ်ကဲ့"

နင့်အကြည့်က ငါ့ဆီ လျှပ်တစ်ပြက် ရောက်လာတယ်၊ အောင်နိုင်သူရဲ့အကြည့်လားလို့ ငါ စက်ဆုပ်မုန်းတီးစွာ ကြည့်လိုက်မိတယ်။

"ရစ်ဂ်ျဂေါ့ဒ် (Riged gourd) လို့လဲ ခေါ်ပါတယ်၊ နောက် တစ်မျိုးက ဘယ်ဂျီတေးဘဲလ်မားရိုး (Vegetable marrow) လို့လည်း ခေါ်ပါတယ်"

"မှန်တယ်. . . မင်းတော်တယ်"





အောင်နိုင်မှု သရဖူ ဆုလာဘ်ကို နင်ဆောင်းလိုက်ရပြီပေါ့ ရန်ကြီးအောင်။

ငါ့မျက်နှာတစ်ပြင်လုံး ထူပူသွားတာပဲ။ ဆရာမကြီးက. .

"ကျွန်တဲ့ကျောင်းသားတွေ မရှက်ကြဘူးလား"

"အထူးသဖြင့် မိန်းကလေးတွေ၊ ကြိုးစားကြဦး. . . မင်းတို့ ဟာ ဆယ်တန်းရောက်နေပြီ၊ နေ့စဉ်သုံး အင်္ဂလိပ်စကားလုံးတွေကို အင်္ဂလိပ်လို သိအောင် ကြိုးစားကြ. . . လေ့လာကြ၊ ဥပမာ သစ်သီး တွေ သားငါးတွေ၊ မြန်မာအစားအစာတွေပေါ့၊ နောင်တစ်ချိန်ချိန်မှာ မင်းတို့အတန်းကို ဆရာမကြီး လာခဲ့ဦးမယ်၊ ကိုင်း. . . ရန်ကြီး အောင်နဲ့ နန်းရှီလာ ကိုယ့်နေရာကိုယ် ပြန်ထိုင်နိုင်ပါပြီ"

စတိတ်ပေါ်မှာ ဆင်းခဲ့တဲ့နင်ဟာ ရင်ကော့ကောင်း ကော့ နေလိမ့်မယ်။ အောင်နိုင်သူကို။

ငါကတော့ ရှုံးနိမ့်သူအဖြစ်နဲ့ ခြေလှမ်းမမှားအောင် မနည်း ဝရုစိုက် ဆင်းလိုက်ရတယ်။

အဲ့ဒီနေ့ကစပြီး နင့်ကို မုန်းသွားတာပဲ ရန်ကြီးအောင်။


ငါ့ကို နိုင်တဲ့သူ လောကမှာ မရှိစေရဘူး၊ နင့်ကို ငါနိုင်ရ မယ်။ ဟုတ်တယ်၊ နင့်ကို အမြဲနိုင်ရမယ်။ ငါ အရင်ကြိုးစားတာ ထက် ပိုပြီးကြိုးစားတော့မယ်လို့ သန္နိဋ္ဌာန် ချလိုက်တယ် ရန်ကြီး အောင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"နန်းရှီလာ"

"ဗျာ"

"မျက်နှာမကောင်းပါလား၊ ဘာဖြစ်သလဲ. . နေမကောင်းဘူးလား"

ပါပါက ငါ့ကို သိပ်ချစ်တာဆိုတော့ ငါ့မျက်နှာပျက်နေတာကိုလည်း ချက်ချင်းသိတယ်လေ။

ငါ့ရင်ထဲမှာ အစာမကြေဘူး။ နင့်အပေါ် မကျေနပ်ချက်တွေက အိမ်ပြန်ရောက်တဲ့အထိ အရိပ်လို လိုက်ပါတုန်းပဲ။





"ကျောင်းမှာ ဘာဖြစ်ခဲ့လဲ နန်းရှီလာ"

ပါပါနှင့်ငါက သားအဖ ဖြစ်ပေမယ့် သူငယ်ချင်းပေါင်း ပေါင်းကြတာဆိုတော့ ငါ့အနေနဲ့ ရင်ဖွင့်ဖို့ ဝန်မလေးဘူး။

"ဖြစ်ခဲ့တယ်"

"ဘာကိစ္စဖြစ်ရတာလဲ"

"ဒီနေ့ နန်းရှီလာ အရှက်ကွဲခဲ့တယ် ပါပါ"

ပါပါက ပြုံးပြီး ငါ့ရဲ့ဝေဒနာကို ဖောပေးဖို့ ကြိုးစားလိုက်တယ်။

"ဘယ်လောက် ကြီးကြီးကျယ်ကျယ်မို့လို့လဲ ရှီလာ၊ ပါပါ့ကို သေသေချာချာ ရှင်းပြပါဦး"

"ဒီနေ့ အင်္ဂလိပ်စာအချိန်မှာ ဆရာမ မလာဘူး၊ ခွင့်ယူထားတယ်"

အစချီပြီး နင်နဲ့ငါ ယှဉ်ပြိုင်မှုမှာ ခဝဲသီး တစ်လုံးတည်းနဲ့ ရှုံးနိမ့်ခဲ့ရတာတွေ ပါပါ့ကို ပြောပြလိုက်တယ်။

"ဆရာမကြီးက မိန်းကလေးတွေ ပိုကြိုးစားဖို့ လိုတယ်လို့ အပြောခံလိုက်ရတာ နန်းရှီလာဘဝမှာ အကြီးအကျယ် ရှုံးနိမ့်သွားခြင်းပဲ ပါပါ၊ သူ့ကို လုံးဝမကျေနပ်ဘူး"

ပါပါက ရယ်တယ်လေ။

"ပါပါက ဘာရယ်တာလဲ၊ နန်းရှီလာဘက်က မနာဘူးလား"

"ဟား. . . ဟား. . . သမီးရှီလာရယ်၊ ဒါများကွာ. . . အသေးအမွှားလေးပါ၊ ဒီအတွက်များ ဒီလောက်အထိ မျက်နှာညှိုးရ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ကွာ"

"နန်းရှီလာကို နိုင်တဲ့လူမှ မရှိခဲ့ဘူးပဲ"

"ဟုတ်လား. . . အရင်က မရှိခဲ့ပေမယ့် အခုရှိလာပြီလေ ဒါ သိပ်ကောင်းတဲ့အလားအလာပဲ ရှီလာ"

ငါက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး ပါပါ့ကို ကြည့်တယ်။ တကယ်ဆို ပါပါ့စကားကို ငါနားမလည်ဘူး။

"ဘယ်အရာမဆို ပြိုင်ဘက်ရှိမှ တိုးတက်တယ်၊ အခု ရှီလာမှာ ပြိုင်ဘက်ရှိလာပြီ၊ ဒီပြိုင်ဘက်က ရှီလာထက် အင်အားတစ်ခု သာလွန်နေပြီဆိုတာ သေချာတယ်"

"အင်အား"

"ဟုတ်တယ်. . . လောလောဆယ်တော့ ဉာဏ်အင်အား ပေါ့၊ သူ့ရဲ့ဉာဏ်အင်အား သာလွန်လို့ ရှီလာကို သူနိုင်သွားတာ ဒါကို ရှီလာ သင်ခန်းစာ ယူရမယ်"

"ရက်စ် ပါပါ"

"ယောက်ျားဟာ မိန်းမထက် ခွန်အားမှာ သာလွန်တယ် ဆိုတာကို ပုံသေနည်းတစ်ခုမှ လိုက်ယူရမှာ မှန်ပေမယ့် ဉာဏ် ကောင်းတယ်လို့ ရှီလာ မမှတ်ယူရဘူး"

"သူငယ်ချင်းတွေက ပြောပြောနေကြတယ်၊ ယောက်ျား မိန်းမမှာ ယောက်ျားတွေက ဉာဏ်ပိုကောင်းတယ်တဲ့"

"ဉာဏ်ဆိုတာ ဝီရိယနဲ့လဲ ဆိုင်တယ် ရှီလာ၊ စာတစ်ပုဒ် ငါးခေါက်ကျက်မှ ရတဲ့ လူတစ်ယောက်ဟာ နောက်ထပ်သုံးလေး ခေါက် ကျက်လိုက်မယ်ဆိုရင် တစ်သက်လုံး မမေ့နိုင်တဲ့ သင်ခန်း





ဖြစ်သွားမယ်ဆိုရင် ရှီလာ ဘယ်နှစ်ခေါက် ကျက်လဲ"

"ဆယ်ခေါက်"

"အေး. . . အဲဒါ ဝီရိယပဲ၊ ဝီရိယတဲ့ဝါယမ စိုက်ထုတ်တာ ဉာဏ်ကောင်းစေခြင်းရဲ့အဓိကသော့ချက်ပဲ၊ ပြီးတော့ ထပ်ခါတလဲလဲ လေ့ကျင့်ပေးမယ်ဆိုရင် ရှီလာ ကျက်ထားသမျှစာကို မေ့သွားတော့မှာ မဟုတ်ဘူး"

"ဒါပေမယ့် ခဝဲသီးကို အင်္ဂလိပ်လို မလေ့လာခဲ့မိဘူး ထင်တယ်"

"ဟုတ်ပြီ. . . ဒီနေ့ကစပြီး အိမ်မှာ မြင်မြင်သမျှသော အစားအစာတွေ ရှီလာ အင်္ဂလိပ်လို လိုက်မှတ်ပေတော့၊ ဒါလဲ ဝီရိယဆိုတဲ့ ကြိုးစားအားထုတ်မှုပဲ၊ ဝီရိယ စိုက်ထုတ်သူအတွက် ဉာဏ်ရည်ဟာ အမြဲတမ်း ပြည့်ဖြိုးလျက်ပဲဆိုတာ ရှီလာ သဘောပေါက်တယ်နော်"

"ရက်စ်. . . ပါပါ၊ ဆိုးသင့်ခ်"

"အိုကေ. . . ဒါဖြင့် ဒီနေ့ကစပြီး ရှီလာဟာ တောင်ကြီးကျောင်းတုန်းကလို စာအတော်ဆုံးသူ ဖြစ်ရမှာပေါ့"

"ဖြစ်ကိုဖြစ်ရမယ် ပါပါ"

နန်းရှီလာဆိုတဲ့ ငါ့ဘဝမှာ မဖြစ်နိုင်တာ ဘာမှမရှိစေရဘူး ရန်ကြီးအောင်။ နင့်ကို ငါနိုင်ရမယ်။

ငါ အမြဲ ပထမ ရ,ရမယ်။

နင့်ကို ငါ ဒုတိယ ရစေချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ငါယှဉ်ပြိုင်တဲ့လူဟာ ခပ်ညံ့ညံ့ လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေချင်ဘူး။ ခပ်ညံ့ညံ့လူနှင့် ယှဉ်ပြိုင်တယ်ဆိုတာ ဘာမှ အဓိပ္ပါယ် မရှိတဲ့အလုပ်ပဲ။

ငါ အဓိပ္ပါယ်မရှိတဲ့အလုပ်ကို မလုပ်တတ်ဘူး။

"ကယ်ရီအွန်. . . နန်းရှီလာ၊ ပညာအရာ ယှဉ်ပြိုင်ခြင်းဆိုတာ ကောင်းသောယှဉ်ပြိုင်ခြင်း ဖြစ်လို့ ပါပါ အားပေးတယ်"

"ပြိုင်ပွဲတစ်ခုမှာ ဆုလာဘ်ရှိတယ်နော် ပါပါ"

ပါပါက ရယ်သည်။

တစ်ဦးတည်းသောသမီး ငါ့ကို ပါပါနှင့်မာမာ ဘယ်လောက် ချစ်တယ်ဆိုတာ ငါက သိနေတယ်လေ။

"ကိုင်း. . . ပထမအစမ်းမှာ ပထမ ရရင် ရှီလာကို ပါပါ ဆိုင်ကယ်ဝယ်ပေးမယ်"

"ဘာ. . . ဘာရယ် ကိုကို"

မာမာက နားစွန်နားဖျား ကြားပြီး ငါ့အခန်းထဲ ရောက်လာတယ်လေ။

"သြော်. . . ရှီလာ ပထမရခဲ့ရင် ဆိုင်ကယ်ဝယ်ပေးမယ်လို့ ပြောတာပါ ဒါလင်"

"ရန်ကုန်မှာ ဆိုင်ကယ်စီးတာ အန္တရာယ် ဘယ်လောက်များသလဲဆိုတာ ကိုကို မသိဘူးလား၊ ပြီးတော့ ကိုကို့သမီးက ဆယ့်ရှစ်နှစ်ကော ပြည့်သေးရဲ့လား၊ တောင်ကြီးလိုနေရာမျိုးမှာ ဆိုင်ကယ် စီးတာက ဘာမှမဖြစ်ဘူး"

"အေးပါကွာ. . . ကိုကိုက ဝယ်ရုံတင် ဝယ်ပေးထားမှာပါ ဒါလင်ရာ၊ ရှီလာ ဆယ့်ရှစ်နှစ်ပြည့်ပြီးတော့ စီးပေါ့. . . ဟုတ်လား၊





ရှီလာကကော ဘာလိုချင်သေးသလဲဆိုတာ ပြောဦး"

"နန်းရှီလာ လောလောဆယ် လိုချင်တာ တစ်ခုပဲ ရှိတယ် ပါပါ"

"ဘာလဲ ရှီလာ. . . ပြော၊ ပါပါ ဝယ်ပေးမယ်"

"ရန်ကြီးအောင်ကို အနိုင်ရဖို့"

"တော်သေးတာပေါ့. . . အနိုင်ရဖို့ ပါလို့၊ ပါပါက ရန်ကြီးအောင်ကိုများ ဝယ်ခိုင်းတာလားလို့ မျက်လုံးပြူးသွားတာပဲ"

"ဘယ့်နှယ့်. . . ဒါ သားအဖ ပြောရမယ့်စကားလား. . . ကိုကိုနော်"

ပါပါ့ရယ်သံက ငါ့အခန်းထဲမှာ ဟိန်းထွက်လာတယ်။ မာမာက မျက်စောင်းခဲလို့ပေါ့။ ငါလည်း လိုက်ရယ်မိတယ်။

ငါက ရန်ကြီးအောင်ကို လိုချင်တယ်ဆိုရင်တောင် ပါပါက ဝယ်ပေးချင် ဝယ်ပေးမယ့်အဖေမျိုးဟ။

ဒါပေမယ့် ရန်ကြီးအောင်ဆိုတဲ့ နင်ဟာ ငွေနဲ့ ဝယ်ယူလို့ရမယ့် ယောကျာ်းမျိုးဆိုရင် နင်နဲ့ငါ ယှဉ်ပြိုင်ပွဲကို ငါ အလိုအလျောက် နှုတ်ထွက်မိမှာ ကျိန်းသေတယ်။

ဘာဖြစ်လို့လဲဆိုတော့. . .

ငါဟာ အတတ်ပညာကို ငွေထက်မက မက်မောတန်ဖိုးထားတဲ့မိန်းမ ဖြစ်နေလို့ပဲ ရန်ကြီးအောင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"ရန်ကြီးအောင်က အဘိုးနဲ့ နေတာ"

"ဘယ်မှာ နေသလဲ"

"ရန်ကင်းမှာ"

အစိုးရဝန်ထမ်းတွေ၊ ပင်စင်စားတွေ နေတဲ့ ရန်ကင်းတိုက်ခန်းမှာ နေတယ်ဆိုတဲ့ နှင့်ရဲ့နေအင်အားကြွယ်ဝမှုကို ငါ သဘောပေါက်သွားပြီ။

"သူ့အဘိုးက အငြိမ်းစား တိုင်းပညာရေးမှူးတစ်ယောက်ပဲ"





"အင်း. . ."

ငါက စိတ်မဝင်စားသလို 'အင်း' လိုက်တယ်။ ပညာတတ်မျိုးရိုးက ပေါက်ဖွားလာတဲ့ နှင်ဟာ ပညာကို မက်မောတဲ့လူစားမျိုးဖြစ်မယ်ဆိုတာ ပေဒင်မေးစရာ မလိုပါဘူး။

"သူ့အမေက အထက်တန်းပြဆရာမတစ်ဦးပဲ၊ ဒါပေမယ့် ဆုံးသွားပြီ၊ သူ့အဖေက နောက်အိမ်ထောင်ပြုလိုက်လို့ ရန်ကြီးက မိထွေးနဲ့ မနေချင်ဘူးဆိုပြီး အဖိုးအဖွားနဲ့ နေတာ၊ ဒီကျောင်းမှာ ခြောက်တန်းက စနေတာ နှစ်တိုင်း တောက်လျှောက် ပထမဆုချည်းပဲ ယူလာခဲ့တာ ခုထိဆိုပါတော့"

"ဪ. . ."

နှင်ဟာ ပြုံကွဲနေတဲ့ မိသားစုက ပေါက်ဖွားလာတဲ့သူပါလား။ ဒါပေမယ့် အချို့လူငယ်တွေလို နှင်က မပျက်စီးဘူး။ နှင့်ဘဝကို နှင် နားလည်ပြီး ကြိုးစားနေတဲ့လူပါလား။

မဆိုးပါဘူး၊ နှင့်စိတ်ဓါတ် ကြံ့ခိုင်တယ်။ နှင့်လိုလူမျိုးနဲ့ ယှဉ်ပြိုင်ရတာ ငါကျေနပ်တယ်။ အားရတယ်၊ ဂုဏ်ယူတယ်။

"ရန်ကြီးအောင် ဘယ်ကျူရှင်တွေ တက်သလဲ"

"အဲဒါ သိပ်ထူးဆန်းတယ်"

"ဘာဖြစ်လို့လဲ"

"သူ ဘယ်ဘာသာမှ ကျူရှင်မယူဘူး"

"ဟင်. . ."

ဘာသာစုံ ကျူရှင်ယူရုံ မကဘူး၊ အင်္ဂလိပ်စာဆိုရင် ကျူရှင်နှစ်ခုတောင် ယူတဲ့ ငါနဲ့နှင်နဲ့ ယှဉ်ပြိုင်မှုမှာ တရားပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ပါဘူးလေ။ ဒါဟာ ဉာဏ်ရည်ပြိုင်တာပဲ။

"သူ့အဘိုးက အင်္ဂလိပ်စာ သိပ်တော်တာ၊ အင်္ဂလိပ်စာရော မြန်မာစာရော ကောင်းကောင်းပြပေးနိုင်တယ်ဆိုပဲ၊ နင်လဲ တွေ့သားပဲ၊ ကျောင်းမှာလဲ သူ မရှင်းတာရှိရင် ဆရာ ဆရာမတွေကို လိုက်မေးနေတာပဲဟာ"

"သူက ပိုက်ဆံမတတ်နိုင်လို့ ကျူရှင်မယူတာလား"

"ဒီလိုလဲ မဟုတ်ဘူး၊ အချိန်ကုန် ငွေကုန်တယ်တဲ့၊ မယူလဲ ရနေတာပဲတဲ့လေ၊ အမယ်. . . သူ့မျက်နှာဆိုင်အိမ်ခန်းက မင်းထိုက်ကိုတောင် သူက စာပြပေးနေတာ"

"ကိုးတန်းအေ ကွင်းလား"

အဲဒီတုန်းက ကိုးတန်းကွင်းက ရတနာမင်းထိုက်ဆိုတဲ့ ရန်ကင်းသူလေ။ နင်နဲ့ မျက်နှာချင်းဆိုင်အခန်းဆိုတော့ ငါ့ရင်ထဲမှာ တစ်မျိုးပဲ။

ဆယ်တန်းကွင်းကိုတော့ ငါဆိုတဲ့ နန်းရှီလာကို ရွေးထားကြတယ်လို့ သိရတယ်။

"အင်း. . . ဟုတ်တယ်"

"ထင်သလောက် မလှပါဘူး၊ အသားဖြူတာ တစ်ခုပဲ"

ဝန်တိုမှုဆိုတဲ့စိတ်ဟာ ငါ့ခန္ဓာကိုယ်အတွင်း ဘယ်အချိန်က များ ထိရောက် ကိန်းအောင်းသွားတယ်ဆိုတာ ငါ့ကိုယ်ငါတောင် မသိလိုက်ပါလား။

"ဟုတ်တယ်. . . နင်က ဖြူရုံတင် မကဘူး၊ ချောလည်း ချောတယ်"





"နင် ဘာစားချင်သလဲပြော နှင်းနှင်း"

"တကယ်ပြောတာ"

"ဒါပေမယ့် ငါ့မှာ ကျွေးဖို့တာဝန် ရှိသွားပြီ၊ လာ. . . မုန့်ဈေးတန်း သွားရအောင်"

အဲဒီအချိန်မှာ အတန်းထဲကို နင်နဲ့အောင်ချမ်းသာဆိုတဲ့ ခပ်ရွှတ်ရွှတ်နောက်နောက် ကျောင်းသား ဝင်လာတယ်။

နင်က နင့်စားပွဲမှာ နင်ထိုင်လိုက်တယ်။

"ငါစားချင်လို့ ပြောတာမဟုတ်ဘူး၊ တကယ်ပြောတာ၊ ဗိုက်လဲ ပြည့်နေတယ်၊ ဂဏန်းတွက်လိုက်ဦးမယ်"

နှင်းနှင်းအေးက ရိုးရိုးကုပ်ကုပ် စာကြိုးစားသူဖြစ်တယ်။

"ဒါဖြင့်လည်း အကြွေးမှတ်ထား၊ ကြုံတဲ့တစ်နေ့ နင့်ကို ငါ ပြုစုမယ်၊ ငါ သူ့ဆီ ခဏသွားလိုက်ဦးမယ်"

"ဘယ်သူ့ဆီလဲ"

နှင်းနှင်းအေးအမေးကို ငါမဖြေနိုင်သေးဘဲ နင့်ဆီကို ငါ လျှောက်ခဲ့တယ်။

နင်ဟာ သိပ်ကို ဣန္ဒြေကောင်းတဲ့သူပဲ။ ငါလာတာကို လုံးဝ မော့မကြည့်ဘဲ စာအုပ်တစ်အုပ်ကို သဲကြီးမည်းကြီး ဖတ်နေတယ်။

အောင်ချမ်းသာကသာ ငါ့ကို မျက်လုံးအပြူးသား၊ ပါးစပ်ကလည်း ပြုံးစိစိနဲ့ လှမ်းကြည့်တယ်။

"အိုင်ဆေး ရန်ကြီးအောင်. . . နင် ငါ့ကို တစ်ခုကူညီနိုင်မလား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့ကို တအံ့တသြ မော့ကြည့်တယ်။ ငါက ခပ်တင်းတင်းပဲ ကြည့်ရင်း. . .

"နင့်ဆီက အကူအညီတစ်ခု လိုချင်တယ်"

"ငါ ဘာကူညီရမလဲ"

"နင်လေ့လာနေတဲ့ အင်္ဂလိပ်စာအုပ် ငါ့ကို ခဏငှားပါ"

"ငါလေ့လာတဲ့စာအုပ် ဟုတ်လား"

"ရက်စ်"

"အဲဒီလိုဆိုရင် ငှားလို့ရမှာမဟုတ်ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"

"နင်က ပညာလျှို့ချင်တဲ့သဘောပေါ့"

"ဘာဖြစ်လို့လဲဆိုတော့ ငါက နေ့စဉ်ထွက်(Working People's Daily) ရော၊ ( Guardian) ဂါဒီယန်းကော ဖတ်တယ်"

"နင် ဖတ်နိုင်တယ်"

ငါ တအံ့တသြ ဖြစ်သွားတယ်။

"အကုန်လုံးတော့ ဘယ်ရမလဲ၊ မရတဲ့စာလုံးကို ကျော်ပြီး ဖတ်တယ်၊ တစ်ခါတစ်ရံ ကိုယ့်အတွက် မှတ်သင့်တယ်ထင်တဲ့ စကားလုံး တွေ့ရင် အဘိုးကို မေးပြီး မှတ်ထားပြီး အရကျက်လိုက်တာပဲ"

"ဩြော်"

နင့်စားပွဲပေါ်က စာအုပ်ကို ကြည့်လိုက်တော့ 'ခေတ်ပေါ် မြန်မာကဗျာ' တဲ့။ အင်္ဂလိပ်လိုလဲ ရေးထားတယ်။ MODERN BURMESE POETRY လို့လေ။ စာရေးသူကို ကြည့်တော့ ဝင်းဖေ





မြင့်ဆိုသည်တဲ့။

"ပလိစ်. . . ငါ့ကို အဲဒီစာအုပ် ပြပေးနိုင်မလား"

"ရပါတယ်"

နင်က ငါ့ကို စာအုပ်ကမ်းပေးတယ်။

ငါ အနည်းငယ် လှန်လှောကြည့်လိုက်တော့ သခင်ကိုယ်တော်မှိုင်းကနေ၊ ဆရာဇော်ဂျီ၊ မင်းသုဝဏ်၊ ဒဂုန်တာရာ၊ နုယဉ်တို့ကအစ မောင်ပန်းမွေးတို့အထိ ကျော်ကြားခဲ့တဲ့ မြန်မာကဗျာတွေကို အင်္ဂလိပ်ဘာသာနဲ့ပါ တွဲလျက် ဖော်ပြပေးထားတာ။

ငါနားလည်ပါပြီ။ နင်ဟာ ကျောင်းစာတင် မကဘူး၊ ပြင်ပဗဟုသုတတွေကိုပါ လေ့လာဆည်းပူးသူတစ်ယောက် ဖြစ်လို့ နင်စာတော်တာပဲ ဖြစ်မယ်။

"နင်ဖတ်ချင်ရင် ငါငှားလိုက်မယ်"

"ရပါတယ်. . . ငါ့ပါပါကို ငါဝယ်ခိုင်းလိုက်မယ်"

နင့်စာအုပ်ကို နင့်ခုံစောင်းပေါ် တင်ခဲ့ပြီး ငါ့နေရာကို ငါပြန်ခဲ့တယ်။

အောင်ချမ်းသာရဲ့အသံဟာ ငါ့နောက်ပါးကို ကပ်ငြိပါလာတယ်။

"အိုင်ဆေး ရန်ကြီးအောင်၊ အိုင့်ကို တစ်ခုကူညီစမ်းပါ"

"ဟော့ကောင်"

"အေ ကတ်ထ ဆက်ထ အွန်အေ မက်ထ (A cat sat on a mat)"

"ဖိုးချို. . . မင်းပါးစပ် ပိတ်ထားစမ်း၊ ကြားသွားရင်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး”

နင်က ခပ်တိုးတိုး ဟန့်တားတယ်၊ ငါကြားပါတယ်။ ဒါပေ မယ့် အရေးမလုပ်ဘူး။ ငါ့ကို ဘူးယို ဘိုရှုးလို့ပဲထင်ထင် ငါ အင်္ဂလိပ် စာ အတော်ဆုံး၊ ဘာသာအားလုံးမှာလည်း အတော်ဆုံးပဲ ဖြစ် မယ်။

“အိုင်ဆေး . . အိုင်ဆေး . . ရန်ကြီးအောင်”

“ဟေ့ကောင်”

“အိုင်ဆေး . . . အိုးဆေး . . . ပန်းကန် . . ဝူး . . . ဝူး”

အောင်ချမ်းသာ ပါးစပ်ကို နင်လိုက်ပိတ်တယ်လို့ နှင်းနှင် အေးက လှည့်ကြည့်ပြီး ငါ့ကို ပြောတယ်။

အဲဒီနေ့ကစပြီး အောင်ချမ်းသာ ခေါ် အိမ်နာမည် ဖိုးချို သူလည်း နင်တို့ရန်ကင်းသားပဲ။ သူ့ကောင်းမှုကြောင့် နင့်နာမည် တစ်မျိုးတိုးလာတယ်။

ရန်ကြီးအောင် ခေါ် ရန်ကြီး ခေါ် အိုင်ဆေးတဲ့လေ


ရယ်ရတယ်နော်။

တစ်ခါတစ်ရံ ငယ်ငယ်တုန်းက အဖြစ်အပျက်တွေဟာ ရယ်စရာ၊ ရင်ခုန်စရာ၊ ပျော်မြူးစရာတွေနဲ့ ပြည့်နှက်နေတတ်တယ်

နင်နဲ့ ပတ်သက်လာရင် ငါ့မှာ မေ့သွားတဲ့အကြောင်းအရာ ရယ်လို့ကို မရှိပါဘူး။







# အခန်း(၄)

နင့်ကို ငါ အမြင်ကတ်စွာ မုန်းတီးရတဲ့နေ့ကတည်းက …ယနေ့ကို ငါမမေ့နိုင်အောင်ပဲ ရန်ကြီးအောင်။

နင် မှတ်မိတယ် မဟုတ်လား၊ ဆရာမကြီးဟာ ကြိုတင် …ပြောထားသလိုပဲ။ ငါတို့အတန်းကို မြန်မာစာဆရာမ မလာတဲ့နေ့မှာ …ရောက်လာတယ်။

“မင်္ဂလာပါ ဆရာမကြီး”

“မင်္ဂလာပါ တပည့်တို့ . . . ထိုင်နိုင်ပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



“ကျေးဇူးတင်ပါတယ် ဆရာမကြီး”

ငါက ထိုင်လိုက်ရင်း ရင်တွေ ခုန်လာတယ်။ တစ်ဆ
တည်း ဒီနေ့ နင့်ကို ငါနိုင်ရမယ်ဆိုတဲ့အတွေး ငါ့မှာ ဝင်ရောက်
တယ်။

“ကိုင်း. . . ဒီနေ့ မင်းတို့အတန်း မြန်မာစာဆရာမ ခွင့်
ထားတယ် သိလိုက်တာနဲ့ ဆရာမကြီး တမင်လာခဲ့တာ၊ တပည့်တ
ဆရာမကြီးအလာကို မျှော်လင့်နေကြမယ်လို့ ထင်ပါတယ်”

“ဟုတ်ကဲ့. . . မျှော်လင့်ပါတယ်”

ဆိုတဲ့စကား ငါတစ်ယောက်တည်းထံက ထွက်သွ
တစ်တန်းလုံးရဲ့မျက်စောင်းဒဏ်ကို ခံလိုက်ရတယ်။

နှင်းနှင်းအေး ငါ့ကို လက်ကုတ်တယ်။

“ကိုင်း. . . ဒီနေ့တော့ မြန်မာအစားအစာတွေထဲက
မျိုးကို မိန်းကလေးဘက်က တစ်ယောက်ယောက်က ထွက်ရေး

ဆရာမကြီးက လက်ရေးကိုပါ စစ်ဆေးပြီလို့ ငါ သ
ပေါက်လိုက်တယ်။

ဘယ်ရမလဲ. . . နန်းရှိုလာပဲ။ အရင်နေ့ ဆရာမကြီး
အတန်းကို ဝင်သွားပြီးကတည်းက လက်ရေးလှစာအုပ်မှာ တ
ကို တစ်နာရီလောက် လေ့ကျင့်ခဲ့တဲ့ငါဟာ လက်ရေးသိပ်လှ

ငါ ထလိုက်တယ်ဆိုရင်ပဲ ကျောင်းသူတွေဘက်က

“နန်းရှိုလာကွ” လို့ ငါ့ကို အားပေးသံ မတိုးမကျယ်
ထွက်လာတယ်။

ကျောက်သင်ပုန်းပေါ်မှာ ရေးချလိုက်တဲ့ မြန်မာအ





စာ ငါးမျိုးစလုံးကို နင်ရနိုင်မယ်ဆိုရင်တော့လည်း၊ အို. . .
နိုင်ဘူးလို့ ငါ့ကိုယ်ငါ အားပေးလိုက်တယ်။

(၁) လက်သုပ်စုံ
(၂) မုန့်ဟင်းခါး
(၃) အကြော်စုံ
(၄) ကြာဆံချက်
(၅) အုန်းနို့ခေါက်ဆွဲ

“ဟုတ်ပြီ. . . ဒါ မြန်မာလူမျိုးတွေ နှစ်သက်တဲ့ အစား
စာပဲ၊ ကိုင်း. . . ယောကျ်ားလေးတွေဘက်က တစ်ယောက်ထွက်
ပြီး အသံထွက်နဲ့တကွ စာလုံးပေါင်း ရေးပြပါ”

ဆရာမကြီးက ငါ့ကို ပြန်မထိုင်ခိုင်းဘူး။

ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့သလို နင်နဲ့ငါလဲ စာသင်
ခန်းထဲက စတိတ်ပေါ်မှာ မကြာခဏ ဆုံတွေ့ရတယ်။

နင်ပဲ ရင်ကော့ဆင်းရမလား၊ ငါပဲ ခေါင်းမော့ဆင်းရ
မလား ကြည့်ကြသေးတာပေါ့ ရန်ကြီးအောင်။

ငါ ကြိုတင်မျှော်လင့်ထားသလိုပါပဲ၊ နင်ပဲ ထလိုက်တယ်။

“ရန်ကြီးအောင်ပဲလား”

“ရန်ကြီးကွ”

“အိုင်ဆေးကွ”

ကျောင်းသားတွေဘက် နင့်ကို အားပေးသံတွေ ထွက်လာ
တယ်။

သည်အသံလောက်ကို ဆရာမကြီးက နားလည်စွာနဲ့

www.burmeseclassic.com



မကြားဟန်ပြုထားတယ်။

"လက်သုပ်ကို ဆလပ်"

"ဟုတ်ပြီ. . . စာလုံးပေါင်း ရေးပြ"

ကြည့်စမ်း. . . နင့်လက်ရေးဟာ အနုပညာဆန်သော လက်ရေးပါလား။ တော်တော်ကြည့်လို့ကောင်းတဲ့လက်ရေးပဲ။

(၁) လက်သုပ် Salad

"မှန်တယ်"

တစ်တန်းလုံးဟာ စိတ်ဝင်စားစရာကောင်းသော ပြဇာတ် တစ်ပုဒ်ကို ကြည့်ရသလို တိတ်ဆိတ်ငြိမ်သက်နေကြတယ်။

"မုန့်ဟင်းခါးကို မုန့်ဟင်းခါးလို့ မြန်မာအသံထွက်အတိုင်း စာလုံးပေါင်းလို့လည်း ရပါတယ်၊ ရိုက်စ် နူး ဒဲလစ် ဝုစ်ဒ်ဖစ်ရှ်"

"ဟုတ်ပြီ. . . ရေးလိုက်"

(၂) မုန့်ဟင်းခါး = Mohinga Rice Noodles With Fish.

"မှန်တယ်"

ဆရာမကြီးမျက်လုံးထဲမှာ နင့်ကို ကျေနပ်နေတဲ့ အရိပ် အယောင်တွေ တွေ့လိုက်ရတယ်။

ဒါကိုကြည့်ပြီး နင့်ကို မုန်းတီးတဲ့စိတ်တွေဟာ တစ်မှိန်မှိန်နဲ့ ငါ့ခန္ဓာကိုယ်သွေးကြောထဲ ဝင်ရောက်လှည့်ပတ်နေတယ်။

"အကြော်စုံကို အဆော့တက်ဖရိုင်းစ်"

"ရေး. . ."

(၁) အကြော်စုံ = Assorted Fries,





"မှန်ပါတယ် ရန်ကြီးအောင်၊ ကြာဆံချက်ကကော"

"ဗာမီစီလီ ကွတ်"

"ရေးလိုက်"

(၄) ကြာဆံချက် Vermicclli Cook

"မှန်တာပေါ့. . . ကဲ. . . နောက်ဆုံး အုန်းနို့ခေါက်ဆွဲက ကော"

"ကိုကိုးနပ်တ် ဂျူးနူးဒဲလ်စ်"

"ကိုင်း. . . ရေးလိုက်ပါဦး"

(၅) အုန်းနို့ခေါက်ဆွဲ Coconut Juice noodles

"အားလုံးမှန်ပါတယ်၊ မင်းတော်တယ် ရန်ကြီးအောင်၊ ကိုင်း. . . မင်းက မြန်မာအစားအစာငါးမျိုးကို မြန်မာလို ရေးပြပါဦး"

"ဟုတ်ကဲ့"

ငါ ရင်ခုန်စွာနှင့် နင်ရေးလိုက်တဲ့ အစားအစာတွေ ကြည့်မိတယ်။

နင်လုပ်ချလိုက်ပြန်ပြီ။

ကြည့်စမ်း. . .

(၁) ကောက်ညှင်းပေါင်း

(၂) ပဲပြုတ်

(၃) ငံပြာရည်

(၄) ငါးပိရေချို

(၅) တညင်းသီး ဆားရည်စိမ်. . .



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငါ အမှုန့်ကြိတ်ပစ်ချင်လိုက်တာ။

တကယ်ပဲ. . .

တညင်းသီး မစားတဲ့ ငါ့အတွက်၊ ငါးပိမကြိုက်တဲ့ ငါ့ အတွက် အခက်အခဲ ဖြစ်ရပြီ။

အဲတန်းသားတွေ ရယ်သံထွက်လာတယ်။

"အင်း. . . သိပ်ကို မြန်မာကြိုက်တဲ့ အစားအစာတွေပဲ၊ ကိုင်း. . . မိန်းကလေးတွေထဲက ဘယ်သူကများ အင်္ဂလိပ်လို အဖြေ ပေးနိုင်မလဲ"

ငါကလွဲရင် ဘယ်မိန်းမမှ ဖြေနိုင်မှာ မဟုတ်ဘူးဆိုတာ ငါသိနေတယ်။ ငါတောင်မှ တညင်းသီး ဆားရည်စိမ် မပြောနှင့်၊ တညင်းသီးကိုတောင် မသိဘူး။

"ကိုင်း. . . နန်းရှိုလာပဲ ကြိုးစားကြည့်ပါဦး"

"ဟုတ်ကဲ့"

ဆရာမကြီးက ငါ့ရဲ့အရိပ်အကဲကို သိတဲ့ပုံပဲ။ ငါ ဇောချွေးတွေ နည်းနည်းစို့ထွက်လာတယ်။

အသံထွက်တောင် နည်းနည်းတိုးနေတယ် ထင်တယ်။ လက်မတုန်အောင်လည်း သတိထား ရေးရတယ်။

(၁) ကောက်ညင်းပေါင်း - Steamed Glutinous rice

(၂) ပဲပြုတ် - Boled Peae

(၃) ငံပြာရည် - Fish Sauce

(၄) ငါးပိရည်ကျို - Pressed Fish Sauce

တညင်းသီး ဆားရည်စိမ် -





ငါ နင့်ကို လှမ်းကြည့်လိုက်တယ်။

အမြင်ကတ်လိုက်တာ။ နင်ကငါ့ကိုအောင်နိုင်သူအပြုံးနှင့် ပြုံးပြတယ်။

တကယ်ပါ။

ငါ့မှာ အမှုန့်ကြိတ်စက်ရှိရင် သည်လောက်တောင် ငါးပိ ကြိုက်၊ တညင်းသီးဆားရည်စိမ် ကြိုက်တဲ့ နင့်လိုအကောင်ကို ထည့် ကြိတ်ပစ်လိုက်မယ်။

ဒါမှမဟုတ် နင့်ဦးနှောက်ကို တညင်းသီးလို ဆားရည်စိမ် စိမ်လိုက်ချင်တယ်။

ဘာဖြစ်လို့ နင့်ဦးနှောက်က ငါမဖြေနိုင်ဘူးဆိုတဲ့ ဟာကိုမှ ရွေးချယ်သိနေရတာလဲ။

"စဉ်းစားပါဦး နန်းရှိုလာ"

"ကျွန်မ မသိဘူး ဆရာမကြီး"

"ဒါဖြင့် အတန်းထဲကကော ဘယ်သူတွေ သိကြသေး သလဲ"

ဘယ်သူမှ ခေါင်းမဖော်ကြဘူး။

"ဒီလိုဆိုရင် ရန်ကြီးအောင်ပဲ ပြန်ဖြေလိုက်ပါ"

"ဟုတ်ကဲ့"

နင်က ငါ့ကို ကြည့်တယ်၊ ငါက ဆရာမကြီး မမြင်အောင် မဲ့ပြလိုက်တယ်။

အောက်က ရယ်သံလေးတွေ ထွက်လာတယ်။

"တညင်းသီးကို လာဘာနမ်(မ်)လို့ ခေါ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ"

"တညင်းသီး ဆားရည်စိမ်ဆိုတော့ ဆော့မက်လာဘာနမ်ပါ"

နင်က ပြောပြောဆိုဆို ငါရေးရမယ့်နေရာမှာ ရေးတယ်။

(၅) တညင်းသီး ဆားရည်စိမ် Salted Laburnum

"မှန်တယ်. . . မင်းတော်တယ် ရန်ကြီးအောင်၊ တို့ကျောင်းဂုဏ်ကို မင်း အများဆုံး ဆောင်နိုင်လိမ့်မယ်လို့ ဆရာမကြီး ယုံကြည်တယ်၊ နန်းရှီလာလဲ ထပ်ကြိုးစားပါဦး၊ မင်းကိုလဲ ဆရာမကြီး အားထားပါတယ်၊ ကိုင်း. . . သွားထိုင်နိုင်ကြပါပြီ"


သည်ကနေ့ စင်ပေါ် ရင်ကော့ဆင်းရသူဟာလည်း နင်ပါပဲလား ရန်ကြီးအောင်။

တောသားငါးပိကြိုက်၊ တညင်းသီးကြိုက်၊ နင့်ကြောင့် ငါ အရှက်ရပြန်ပြီ။ ရှုံးနိမ့်ပြန်ပြီ။

နင့်လို ငါ့ပြိုင်ဘက်ကိုမှ မမုန်းရင် ငါ ဘယ်သူ့ သွားမုန်းရမလဲဟင်။







## အခန်း(၅)

နင် သိပ်ဘဝင်မြင့်တာပဲ။ စာတော်တယ်ဆိုပြီး နားထင်သွေးရောက်နေတာလား။ ငါ့ကို ကျောင်းသားတော်တော်များများက စကားမရှိ စကားရှာ၊ အကြောင်းမရှိ အကြောင်းရှာပြီး မိတ်ဖွဲ့ကြတယ်။ အဲသည်အထဲ နင်မပါဘူး။

နင့်ဆီကို ငါကိုယ်တိုင် စာအုပ်ငှားသလိုလို မိတ်ဖွဲ့ခဲ့ပြီးတာတောင် နင့်ဆီက ဘာသိဘာသာပဲ။

နင်နဲ့ အတွဲဆုံး အောင်ချမ်းသာနှင့်တောင် ငါနှင့် အတော်

www.burmeseclassic.com



ရင်းနှီးနေပြီ။

"နန်းရှီလာ"

"ဘာလဲ"

"ပထမအစမ်းအတွက် နင် တော်တော်ကျက်ပြီးပြီလား"

"ဆိုပါတော့"

"နင်နဲ့ရန်ကြီး ဘယ်သူက ပထမ ရမလဲလို့ ငါသိချင်လိုက်တာ"

"သိချင်ရင် စောင့်ကြည့်ပေါ့ ဖိုးချို"

အောင်ချမ်းသာကို နင်နှင့် ကျန်သူငယ်ချင်းတွေ ခေါ်သလို ဖိုးချိုလို့ပဲ ငါခေါ်တယ်။

"နင် ရန်ကြီးကို မနိုင်ပါဘူးဟာ"

"တော်. . . ဖိုးချို၊ ငါ့ကို ခင်ရင် နင် အဲ့ဒီစကားမျိုး ဘယ်တော့မှ မပြောနဲ့၊ သူလဲ ခေါင်းတစ်လုံးနဲ့၊ ငါလဲ ခေါင်းတစ်လုံးနဲ့ပဲ၊ ဘာဖြစ်လို့ မရနိုင်ရမှာလဲ"

"ဒါပေမယ့် သူက ငါးပိနဲ့ တညင်းသီးဆားရည်စိမ် စားတယ်ဟ"

"ဘာ. . . ဘာဆိုင်လို့လဲ"

"ဟုတ်တယ်လေ. . . ငါးပိစားတဲ့သူရဲ့ဦးနှောက်က ငါးပိလို ဖိသိပ်ပြီး အသိဉာဏ်တွေအများကြီးကို ဖိသိပ်ထည့်ထားနိုင်တာ"

အောင်ချမ်းသာဟာ တော်တော် ရယ်စရာ ပြောတဲ့ အကောင်။





"အင်း. . . ဆိုပါဦး"

ငါက ရယ်ရယ်မောမောပဲ မေးလိုက်တယ်။

"တညင်းသီးဆားရည်စိမ် စားတဲ့ သူ့ဦးနှောက်ဟာ ဆားရည်စိမ်ထားသလို နှစ်ချို့လေ ကောင်းလေပဲပေါ့"

"တော်စမ်းပါ"

"တကယ်ပြောတာ. . . ငါတောင် မယုံလို့ စမ်းပြီး စားကြည့်တာ"

"ဉာဏ်ကောင်းလာရောလား"

"ဟင်အင်း. . . မကျက်ရသေးတဲ့စာတွေအားလုံး မေ့ကုန်တယ်"

ငါ မနေနိုင်ဘူး၊ ရယ်လိုက်မိတယ်၊ ဖိုးချို တော်တော် ရယ်စရာ ပြောတာပဲ။ ဖိုးချိုလိုမျိုး နင်သာ ငါ့ကို ရင်းရင်းနှီးနှီး နေရင် ဘယ်လောက်ကောင်းလိုက်မလဲ။

ခုတော့. . .

"ဖိုးချို"

"ဘာလဲ အိုင်ဆေး"

"ငါနဲ့ ကိုးတန်းနဲ့ ရှစ်တန်းဘက် ခဏလိုက်ခဲ့ပါဦး"

"ဘာလုပ်မလို့လဲ. . . မင်းတို့က အိမ်မှာ တွေ့နေရတာတောင် အားမရသေးဘူးလား"

"တော်စမ်းပါ. . . အာစရိယ ပူဇော်ပွဲအတွက် အတန်းခေါင်းဆောင်တွေနဲ့ ညှိစရာကိစ္စ ရှိနေလို့ပါကွာ. . . လာစမ်းပါ"

ကြည့်စမ်း. . . နင် ဘယ်လောက်ရင့်သလဲဆိုတာ ငါ့နား



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိတဲ့ အောင်ချမ်းသာ(ဖိုးချို)ကို လာဆွဲခေါ်သွားတဲ့တိုင်အောင် နင့်မျက်လုံးက ငါ့ဆီကို တစ်စက်ကလေးမှ ရွေ့လျားရောက်ရှိဖော် မရပါလား။

ဘာလဲ. . . နင့်နားမှာ ရတနာမင်းထိုက်ဆိုတဲ့ အလှဘုရင်မလေး ရှိနေလို့လား။

ငါ နင်နဲ့ရတနာမင်းထိုက်ရဲ့ အခြေအနေကို သိအောင် စုံစမ်းရမယ်။

နှင်းနှင်းအေးက ကျောက်ကုန်းမှာ နေတယ်၊ နင်တို့နဲ့ ကျောင်းကားတူတူစီးတယ်ဆိုတော့. . .

“နှင်းနှင်း”

“ဘာလဲ နန်းရှိလာ”

ညနေဆည်းဆာဆိုတဲ့ စာစီစာကုံးတစ်ပုဒ်ကို စိတ်ပါဝင်စားစွာ ရေးနေတဲ့ နှင်းနှင်းအေးဟာ ဘောလ်ပင်ကို ချပြီး ငါ့ကို ကြည့်တယ်။

“ရန်ကြီးအောင်နဲ့နင်နဲ့ ဖယ်ရီတူတူပဲနော်”

“ဟုတ်တယ်”

“ရတနာမင်းထိုက်ကကော”

“သူက မစီးဘူး၊ နင့်လိုပဲ ကိုယ်ပိုင်ကားနဲ့ လာတာ”

“ဟုတ်လား. . . ရန်ကြီးအောင်နဲ့သူနဲ့က မျက်နှာချင်းဆိုင် အခန်းကို၊ သူ့ကားနဲ့ ရန်ကြီးအောင် လိုက်မစီးဘူးလား”

“မစီးဘူး. . . ရန်ကြီးအောင်က မာနကြီးတယ်၊ သူများကား ကပ်မစီးဘူးတဲ့၊ ဖယ်ရီရှိရင် ဖယ်ရီစီးမယ်၊ မရှိရင် ဘတ်စ်





စီးပြီး ကျောင်းတက်မယ်လို့ အပြတ်ပြောထားပြီးသား၊ ဘယ်တော့မှ အထူးသဖြင့် ကျောင်းသူတွေရဲ့ကားကို စီးလေ့မရှိဘူး”

“သူတို့နှစ်ယောက် အခြေအနေကကော”

“အိမ်နီးချင်း ခြောက်တန်းလောက်ကတည်းက အတူနေလာတော့ ရင်းရင်းနှီးနှီးတော့ ရှိတယ်”

ဟင်းခနဲ ငါ သက်ပြင်းချလိုက်မိတယ်လေ။ ငယ်ကျွမ်းဆွေရှိလို့ နင်ဟာ ငါ့ကို အရေးမစိုက်တာလား။ ငါ့အလှကို မမြင်တာလား။ အဲသည်တုန်းက တွေးမရတဲ့ ငါ့အတွေးဟာ အခုအချိန်အထိပါပဲ။

နင့်ကို ငါစိတ်ဝင်စားတယ်။

ငါ့ကိုလည်း နင်စိတ်ဝင်စားစေချင်တယ်။

ဒါပေမယ့် ငါက နင့်ကို စိတ်ဝင်စားတာက နင့်ကိုမုန်းလို့။

နင့်ကို စိတ်ဝင်စားစေချင်တာက ငါ့ကို ချစ်လို့ စိတ်ဝင်စားခြင်းပဲ ဖြစ်စေချင်တယ်။

ဒါဟာ ငါ့ရဲ့အကြီးမားဆုံးသောဆန္ဒပဲ။

ပညာသင်ချိန်မှာ အချစ်ရေးဆိုတာ ကျောင်းသားကျောင်းသူတွေအတွက် အကြီးမားဆုံးသော မဟာရန်သူကြီး မှတ်လား။

သည်တော့ နင့်မှာ ငါ့ဘက်က ကူတိုက်ပေးမယ့် မဟာရန်သူကြီးသာ ရှိခဲ့ရင် နင့်ကို ငါအောင်နိုင်ရမယ်။

“နင် ရန်ကြီးကို စိတ်ဝင်စားနေသလား”

“နိုး. . . နိုး. . . ဒီတောသား ငါးပိကြိုက်ကိုများ ငါ တစ်သက် စဉ်းစားလိမ့်မယ် မထင်နဲ့”



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာလူမျိုး ငါးပိကြိုက်တာ အဆန်းမဟုတ်ပါဘူး၊ ငါလ
သိပ်ကြိုက်တာ၊ ငါးပိမပါရင် ထမင်းစား မမြိန်ဘူး၊ တညင်းသီး
ပေါ်တဲ့အချိန်ဟာ ထမင်းစား အမြိန်ဆုံးအချိန်ပဲ"

ငါ ရယ်လိုက်တယ်။ နှင်းနှင်းအေးလို သူငယ်ချင်းမျိုးတွေကို
ငါအနိုင်မယူချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဘာသာ
အောင်ဖို့ မနည်းကြိုးစားနေရတဲ့သူ ဖြစ်နေလို့ပဲ။

"အေးလေ. . . ပထမအစမ်း ရောက်ရင် ငါးပိစား ဦး
နှောက်နဲ့ ထောပတ်စားတဲ့ဦးနှောက် ဘယ်သူနိုင်မလဲ ကြည့်ကြသေး
တာပေါ့"

"နင်ကသာ ပြိုင်နေ၊ ရန်ကြီးက နင့်ကို ပြိုင်မယ်မထင်ပါ
ဘူး"

"သူလား မပြိုင်မှာ၊ ကြိတ်ကြိုးစားနေမှာ. . . ကြောင်နေ

နင့်ကိုဆိုရင် ငါ ဘယ်တော့မှ အကောင်းမမြင်ဘူး။


ဒါလဲ အဆန်းမဟုတ်ပါဘူးလေ။

နင့်ကို ငါမုန်းနေတာကို။

မုန်းတဲ့သူအပေါ် အပြစ်မြင်တတ်တာ သဘာဝတရား
တစ်ခုပါလေ။







## အခန်း(၆)

နင့်အပေါ် ငါ မုန်းတီးခြင်းဆိုတဲ့ ဝေဒနာရပ်အပေါ် ထပ်
ဆင့် ခိုင်မြဲစေလိုက်တာက ပထမအစမ်း အမှတ်စာရင်းတွေ သိရတဲ့
နေ့ပဲ။

နင် ငါ့ထက် အင်္ဂလိပ်စာမှာ နှစ်မှတ်သာပြီး ပထမ ရသွား
တယ်လေ။ ကျန်ဘာသာတွေမှာ နင်က တစ်မှတ်နှစ်မှတ် များလိုက်၊
ငါက များလိုက်နဲ့ အင်္ဂလိပ်စာ မသိရသေးတဲ့အချိန်အထိ အမှတ်
ပေါင်း တူနေတာ။ အဲ့ဒီ အင်္ဂလိပ်စာလည်း သိရရော ငါက ကိုးဆယ့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်မှတ်၊ နင်က ကိုးဆယ့်လေးနဲ့ ပထမ ရသွားတယ်။

ငါ ဟန်မဆောင်နိုင်ဘူး။ အိမ်သာထဲ သွားငိုခဲ့တယ်။

ဒါပေမယ့် အိမ်သာက ထွက်လာချိန်မှာတော့ ဘယ်သူမှ မရိပ်မိစေရဘူး။ နှင်းနှင်းအေးကိုတော့. . .

"အေး. . . ပထမအစမ်းမှာ ငါ ပထမ မရပေမယ့် ဒုတိယ အစမ်းမှာ ရစေရမယ်"

"ငါးပိစားတဲ့ ဦးနှောက်က အင်္ဂလိပ်စာလဲ တော်ပါတယ် နော်"

"နှင်းနှင်းအေး. . . နင်က ရန်ကြီးဘက်ကလား"

"ဘယ်ကလာ. . . နင့်ဘက်ကပါ၊ ဒါပေမယ့် နင်ပြောတဲ့ စကားကို ငါအမှတ်ရလို့ ပြောတာပါ"

"တော်စမ်းပါ. . . စိတ်ညစ်ရတဲ့အထဲ"

"စိတ်မညစ်ပါနဲ့. . . ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်ဖြူကုန်ဦး မယ်"

"ဖြူပါစေ. . . သူ့ထက်သာဖို့ အရေးကြီးတယ်"

နင့်ကို ငါ မသိမသာ လှမ်းကြည့်လိုက်တယ်။ နင်က စတယ် ကြီးနဲ့။ ပထမ ရတယ်ဆိုတာ နင့်အတွက် ဘာမှ အထူးအဆန်း မဟုတ်သလိုပါပဲ။

ဟုတ်တယ်. . . ငါ့အတွက်လည်း နင့်လိုပဲ ပထမ ရတယ် ဆိုတာ အထူးအဆန်း မဟုတ်ဘူး။

ဒါပေမယ့် ဒုတိယ ရတယ်ဆိုတာ ငါ့ဘဝအတွက် သိပ်ကို ထူးဆန်းနေပြီ။





အိမ်ရောက်တော့မှ အိပ်ရာထဲ ပြေးဝင်ပြီး တအားကို ငိုချပစ်လိုက်တယ်။

ပါပါနဲ့မာမာဟာ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ပျာယာခတ် ကုန်တော့တာပဲ။

"ယှဉ်ပြိုင်တယ်ဆိုတာ ကောင်းပါတယ် ရှိလာ၊ ဒါပေမယ့် အရှုံးအတွက် သောကကို မဝယ်ယူရဘူး၊ သောကဆိုတာ ဦးနှောက် ကြည်လင်မှုမှာ အကြီးအမားဆုံးသော အနှောင့်အယှက်ပဲ၊ နှစ်မှတ် ကပ်ပြီးအနိုင်ရသွားတဲ့ သူ့အပေါ် အပြတ်အသတ်အမှတ်နဲ့ အနိုင်ယူပြနိုင်အောင် ခေါင်းကို ကြည်ကြည်လင်လင် ထားပြီး ကြိုးစားရမယ် ရှိလာ"

"ဟုတ်ကဲ့ ပါပါ"

"တစ်မရပေမယ့်လဲ မာမာက သမီးဘတ်ဒ်ဒေးမှာ ဝတ်ဖို့ အတွက် စိန်တစ်ဆင်စာ လုပ်ပေးမှာပါ"

ငွေ၊ ရွှေ၊ စိန်တွေကို ငါမမက်မောဘူး၊ ငါမက်မောတာ ပညာပဲ။

အစစအရာရာ လိုလေသေးမရှိ ပြည့်စုံနေတဲ့ငါဟာ. . . အဘိုးအဘွားကို ကူညီလုပ်ကိုင်ပြီး အိမ်ဖော်မရှိ ဘာမရှိ နေရတဲ့ နင့်ကို မနိုင်နိုင်တာ အံ့သြစရာပဲ။

အံ့သြစရာကောင်းလောက်တဲ့ ဦးနှောက်ကို နင်ပိုင်ဆိုင် ထားသလား။

ဘာပဲဖြစ်ဖြစ် နင့်ကို ငါသိပ်မုန်းသွားပြီဆိုတာ သေချာ တယ်။



www.burmeseclassic.com


www.burmeseclassic.com



ငါ့ကို မျက်ရည်ကျအောင် လုပ်တဲ့နင် တစ်နေ့နေ့မှာ ငါ့အတွက် မျက်ရည်ကျစေရမယ်။







# အခန်း(၄)

"အိုင်ဆေး. . . ရန်ကြီးအောင်"

"ကောင်းကောင်းပြောစမ်းပါ ဖိုးချိုရာ"

"မင်း နန်းရှိလာကို ဘယ်လိုမြင်သလဲ"

"ဘာကို ဘယ်လိုမြင်ရမှာလဲ"

ဘယ်သူမှ မရောက်သေးဘူး အထင်နဲ့ နင်တို့နှစ်ယောက် ကြည့်တိုက်မှာ စာအုပ်တွေ စာရင်းပြုစုရင်း ငါ့အကြောင်း ပြော ကြတယ်၊ ငါလဲ စာကြည့်ခန်းထဲ မဝင်သေးဘဲ အကွယ်က ရပ်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေမိတယ်။

“မင်း နချင်ဟန်ဆောင်မနေနဲ့ အိုင်ဆေး”

“မင်းက ရှင်းရှင်းလင်းလင်း မေးစမ်းပါ”

“ကောင်းပြီ . . . မင်း သူ့ကို စိတ်မဝင်စားဘူးလား”

“ဘာကိစ္စ စိတ်ဝင်စားရမှာလဲ၊ ပညာသင်ချိန်မှာ မိန်းက လေးတစ်ယောက်ကို စိတ်ဝင်စားတယ်ဆိုတာ ကောင်းတဲ့အလ အလာ မဟုတ်ဘူးကွ၊ ငါ သူ့မှတင် မဟုတ်ဘူး၊ ဘယ်မိန်းကလေး မှ စိတ်မဝင်စားဘူး”

“ရတနာကျတော့ကော”

“ဟ . . . ဒါက မောင်နှမတွေလို ဖြစ်နေပြီလေကွာ၊ သူ အကောင်းအဆိုးဟူသမျှတို့ကို ပြုပြင်ပေးရမှာ အစ်ကိုတစ်ယော လို ဖြစ်နေတဲ့ အိမ်နီးချင်း ငါ့မှာ တာဝန်ရှိတယ်ကွ”

နင့်မှာက ဆင်ခြေဆင်လက် ဆင်နားရှက်တွေ အပြည် နေတယ်နော်။

“ဒါဖြင့် မင်း နန်းရှီလာကို လုံးဝစိတ်မဝင်စားဘူးပေါ့

“အင်း”

“သူ့အလှကိုကော မင်းမြင်ရဲ့လား”

“မျက်စိရှိတာပဲ . . . မြင်တာပေါ့”

“သူ့အလှကို မြင်တတ်လျက်နဲ့ မင်းစိတ်မဝင်စား ဆိုတာ အံ့ဩစရာ ဖြစ်မနေဘူးလား”

“ဒါပေမယ့် သူ့အလှဟာ ရိုးရိုးသာမန်အလှ မဟုတ် သာမန်ထက် လွန်ကဲတဲ့အလှကွ”





“ခေတ်နဲ့ ရင်ပေါင်တန်းနေတာဟာ လွန်ကဲတဲ့အလှလား ကွ”

“မင်းဘာဖြစ်နေတာလဲ ဖိုးချို မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး မင်းနဲ့ငါ အငြင်းပွားစရာ မလိုဘူး ထင်တယ်၊ ခေတ်ရှေ့ပြေးနေတဲ့ လွန်ကဲတဲ့အလှကို ငါ့မျက်စိထဲ ကြည့် မရဘူး”

အမယ် . . . ကြီးကြီးကျယ်ကျယ်၊ နင်ကများ ငါ့ကို။ ငါ့ အလှကို ယောကျ်ားလေးတိုင်း နှစ်သက်ကြတယ်။ ဒါကို နင်က ဆန့်ကျင်ရတယ်လို့။ နဂိုကမှ မုန်းရတဲ့ နင့်အပေါ် ငါ အမုန်းကြီး မုန်းရပြန်ပြီ ရန်ကြီးအောင်။

“အိုကေ . . . နင် ကြည့်မရတာကို ငါဝမ်းသာသွားပြီ အိုင်ဆေး”

“ဘာဖြစ်လို့လဲကွ”

“ဘာဖြစ်လို့လဲဆိုတော့ နင်ကြည့်မရတဲ့ သူ့ကို ငါက သိပ် ကြည့်ရနေလို့ပဲကွ အိုင်ဆေးရ”

“မင်းနော် . . . နှစ်ဘာသာကျကနေ ဘာသာစုံကျ ဖြစ် သွားမယ်”

“မဆိုင်ပါဘူးကွာ”

“ဆိုင်တယ်ကွ . . . ပညာသင်ချိန်မှာ မိန်းကလေးတစ် ယောက်ကို စိတ်ဝင်စားတယ်ဆိုတာ ပညာသင်ကြားရေးကို အ နှောင့်အယှက်ဖြစ်စေတတ်လို့ အပိုအလုပ်တစ်ခုကို မင်း မလုပ်ချင် စမ်းပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



ငါက စာအုပ်တွေ ပိုက်ပြီး အသံလှမ်းပြုပြီး ဝင်လိုက်တယ်။

ရုတ်တရက်တော့ နင်တို့နှစ်ယောက်လုံး မျက်စိမျက်နှာ ပျက်သွားကြတယ်နော်။

ငါက ခပ်တည်တည်ပဲ။ ဘာမှမဖြစ်သလို စာကြည့်တိုက် တာဝန်မှူး နင့်ဆီကို စာအုပ်တွေ ပေးရင်း. . .

"ဒီစာအုပ်တွေ ငါ စာကြည့်တိုက်အတွက် လာလှူတာ"

"သာဓု. . . သာဓု. . . သာဓု"

ဖိုးချိုက ရွှတ်ရွှတ်နောက်နောက် လုပ်တယ်။ နင်ကတော့

"ဟုတ်ကဲ့. . . ထားခဲ့ပါ"

ငါက လှည့်ထွက်မယ် လုပ်ပြီးမှ. . .

"ဩော်. . . ရန်ကြီးအောင်"

"ဘာလဲ. . . ပြော"

"သာမန်ထက် လွန်ကဲတဲ့အလှဆိုရင် The most beautiful သုံးလို့မရဘူး ထင်တယ်၊ ဘယ်လိုသုံးရမလဲ"

နင်တို့နှစ်ယောက်စလုံး ရုတ်တရက် ကြောင်သွားတယ်။

နင့်မျက်နှာက အနည်းငယ်တော့ ရဲသွားပြီး ဣန္ဒြေဆည်နိုင် တယ်။

"Extra ordinary လို့ သုံးတယ်"

"ဆိုးသိုင့်ခ်. . . ဘယ်အရာမဆို ကြားလိုက်တဲ့ စကားလုံး မှန်သမျှ ကိုယ် အင်္ဂလိပ်လို မသုံးတတ်ရင် မေးတတ်တဲ့အကျင့် ပါနေလို့ပါ၊ သွားမယ် ဖိုးချို"

ငါ ခပ်တည်တည်နဲ့ နင်တို့ကို တစ်ချက်စူးစိုက်ကြည့်ပြီး





လှည့်ထွက်ခဲ့တယ်။


နင်တို့ ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့တယ်ဆိုတာ ငါ သိပ်သိပေါ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

နင့်ကို ငါ လက်လျှော့ရမလို ဖြစ်နေတယ် ရန်ကြီးအောင်။

နင်နဲ့ငါ ရင်းနှီးမှု ရဖို့အတွက် စာကြည့်တိုက်မှူး နင့်ဆီမှာ စာအုပ်ငှားရမ်းခွင့်ကတ်ပြား လုပ်တယ်။ ပြီးတော့ ငှားတယ်။ တစ်ပတ်တစ်ခါ ပြန်အပ်ရက် ရောက်ရင်လည်း ပြန်မအပ်သေးဘဲ အချိန်ဆွဲနေခဲ့တယ်။

နင်က ငါ့ဆီမှာ စာအုပ်လိုက်တောင်းမယ်။ ဒီလိုဆို နင်နဲ့ငါ အလ္လာပ သလ္လာပ ပြောဖြစ်ကြလိမ့်မယ်။ အဲဒီကနေ ရင်းနှီးမှု စတင်





လိမ့်မယ်လို့ ငါထင်ခဲ့တယ်။

ဒါပေမယ့် နင်ဟာ သိပ်ကြီးကျယ်တာပဲ၊ ငါ့ဆီကို ကိုယ်တိုင် လာမတောင်းဘဲ အောင်ချမ်းသာ(ဖိုးချို)နဲ့ လွှတ်ပြီး တောင်းခိုင်းတယ်နော်။

အဲ့ဒါတွေကြောင့် နင့်ကို အမြင်ကတ်စွာနဲ့ အမုန်းပိုလာရတာ။

ဒါပေမယ့် တစ်နေ့မှာ နင်ရဲ့ရင်တွင်းကို ငါ ဖောက်ထွင်းမြင်လိုက်ရတယ် ရန်ကြီးအောင်။

ဆရာမကြီးဟာ ထုံးစံအတိုင်း သီးနှံတွေကို ရေးပြီး ငါတို့ကို မေးတယ်။

ငါကလည်း ငါပဲ။ ခိုးချင်တာလဲ ပျာလို့ . . . လက်နှေးတာကလဲ ချာလို့ ဆိုသလို ဖြစ်နေတယ်။

ဘယ်တော့မဆို အမျိုးအမည်တစ်ခုခုကို အမြဲမေ့တယ်။

"ဂေါ်ရခါးသီးဟာ ရာသီအလိုက် စားသုံးနေတဲ့ သီးနှံတစ်မျိုးပဲ၊ မရဘူးလား နန်းရှီလာ"

"ကျွန်မ မေ့နေတယ်"

"မင်း မေ့လို့ မရရင် ရန်ကြီးအောင်ကို ဖြေခွင့်ပေးလိုက်ရမလား"

ငါ့မျက်လုံးတွေက နင့်အပေါ် ဝန်တိုစွာ ကျရောက်သွားတယ်။

"ဟင်"

နင်နဲ့ငါ မျက်လုံးချင်း ဆုံတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီမှာ ငါ့ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားတယ်။

ငါ့မျက်ဝန်းနဲ့ ဆန့်ကျင်စွာ နင့်မျက်ဝန်းက နူးညံ့နေတယ်။ ဒါပေမယ့် တစ်စုံတစ်ခုကို တွေးလိုက်တဲ့အတွေးနဲ့ မျက်ဝန်းလို့ ငါ သိနေတယ်။

နင် ငါ့ကို အလျှော့ပေးမလို့ တွေးလိုက်တဲ့အတွေးလား။

"ကဲ. . . ရန့်ကြီးအောင်၊ မင်းပဲ ဖြေလိုက်ပါ"

နင့်အကြည့်က ငါ့ဆီကို ရောက်လာတယ်။ ပြုံးယောင်သမ်းနေတယ်။

နင်. . နင်. . ငါ့ကို အလျှော့ပေးမလို့လား။ အမှတ်ပေးစနစ်နဲ့ ယောက်ျားလေးနဲ့မိန်းကလေး ဉာဏ်ပြိုင်ပွဲမှာ နင်သာ ဖြေလိုက်နိုင်ရင် နင်တို့ပဲ နိုင်သွားမှာ။

နင်တို့ဆိုပေမယ့် အထူးသဖြင့် နင်နဲ့ငါပဲ။

ကျန်တဲ့လူတွေက တစ်မျိုးနှစ်မျိုးစာလောက်ပဲ ပံ့ပိုးကြတာ မဟုတ်လား။

"ရန့်ကြီးအောင်ကွ"

နင် ဖြေလိုက်ပါ။ နင်ရတယ်ဆိုတာ ငါသိတယ်. . . ရှုံးပါစေ။ သနားလို့ အလျှော့ပေးတာမျိုး ငါမလိုချင်ဘူး။ ငါဟာ အသနားခံ မိန်းကလေး မဟုတ်ဘူး။

"ဖြေလေ ရန့်ကြီးအောင်"

ဆရာမကြီးတောင် တွေဝေနေတဲ့ မင်းကို ထပ်ဆင့်တိုက်တွန်းလိုက်တယ်။

"ကျွန်တော်လည်း မေ့နေတယ် ဆရာမကြီး"





"ဟာ"

"ဟင်"

"ဘယ်လိုဖြစ်တာလဲ"

ယောက်ျားလေးတွေဖက်က မကျေနပ်သံတွေ ထွက်လာတယ်။

"ရန့်ကြီးအောင် ဘာကြောင်တာလဲ"

"အားလုံး တိတ်နေကြစမ်း"

ဆရာမကြီးက အသံကျယ်ကျယ်နဲ့ တစ်ချက် မာန်မဲတော့မှ အတန်းဟာ ငြိမ်သက်သွားတယ်။

ငါ့ရင်ထဲမှာ ခံပြင်းလိုက်တာ။ ငါဟာ နင်အလျှော့ပေးရလောက်အောင် သနားစရာကောင်းတဲ့ မိန်းကလေးအဖြစ်ကို ရောက်သွားပြီလား။

ငါ အသနားခံ မိန်းမအဖြစ်ကို မုန်းတီးတယ်။ မလိုချင်ဘူး။

ငါ့ကို အရှုံးပေးလိုက်တဲ့ နင့်ကို ငါကျေအေးမယ် ထင်သလား။ မကျေအေးနိုင်တဲ့အပြင် ပိုတောင် မုန်းတီးသွားသေးတယ်။

"ရန့်ကြီးအောင်. . . မရတာလား မေ့နေတာလား"

"မေ့နေတာပါ"

ဆရာမကြီးက ပြုံးတယ်။

"ကိုင်း. . . ဒါဖြင့် ဆရာမကြီးပဲ ဖြေပြမယ်၊ အားလုံး နားထောင်ပါ"

ငါ လက်ဖျားခြေဖျားတွေ အေးစက်လာတယ်။

"ငါ်ရခါးသီးကို ချာရိုးတီးလို့ ခေါ်တယ် ရန့်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



ရေးလိုက်ပါ"

နင်က ကောက်ကာငင်ကာပဲ စာလုံးပေါင်းကို ရေးပြတယ်။

Chayote

နင့်လိမ်ညာမှုကို နင် အငိုက်ခံလိုက်ရပြီနော်။

ဆရာမကြီးက နင့်ကို ပြုံးကြည့်ပြီး. . .

"သိုင့်ခ်ကျူး ရန်ကြီးအောင်၊ အသံထွက် မေ့ပေမယ့် စာလုံးပေါင်းတော့ ရသားပဲကို"

နင့်မျက်နှာဟာ ခိုးထုပ်ခိုးထည်နှင့် လူအမိခံလိုက်ရသလို ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ မျက်နှာတစ်ခုလုံး ရဲတွတ်သွားတယ်။

"ကိုင်း. . . ဒီနေ့တော့ ယောကျ်ားလေးနဲ့မိန်းကလေး သရေပါပဲ. . . Draw Draw"

လို့ ဆရာမကြီးက အဆုံးအဖြတ် ပေးလိုက်တယ်။

နင် ငါ့ကို ဘာဖြစ်လို့ အလျှော့ပေးလိုက်တာလဲ။


ငါ့ကို အလျှော့ပေးတဲ့ နင့်ကိုလည်း ငါမုန်းတာပဲ ရန်ကြီးအောင်။

ငါ ဘယ်လိုမှ ကျေအေးလို့မရနိုင်ဘူး။

ပြီးတော့ နင့်စိတ်ဟာ သိရခက်တယ်နော်။







## အခန်း(၉)

အဲ့ဒီနေ့ ကျောင်းဆင်းတုန်းက နင်နဲ့အောင်ချမ်းသာဟာ ရှေ့က သွားတယ်။

ကျောင်းအဆင်း စုပြုံအုံဆင်းနေတဲ့ကြားကမှ တိုက်တိုက်ဆိုင်ဆိုင် နင်တို့နောက်မှာ ငါ ကပ်ငြိပါသွားတယ်။

"ဘယ်လိုလုပ်လိုက်တာလဲ အိုင်ဆေး"

"ဘာလုပ်လို့လဲ"

"မင်း ရလျက်နှင့် မရဘူးလို့ လျှိုလိုက်တာ ဘာသဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရလို့ပါကွာ"

"မင်းနဲ့ငါ ငယ်ပေါင်းနော် အိုင်ဆေး၊ မင်းညာလို့မရဘူး"

"မညာပါဘူးကွာ. . . ဘာကိစ္စ လျှိုရမှာလဲ"

"မသိပါဘူး. . . မင်းအသနားပိုပြီး ညာလိုက်တာလားလို့"

"မညာပါဘူး"

"အေး. . . သူ့ကို မထိနဲ့နော်၊ ထိလို့ကတော့ မင်းနဲ့ အချ ဆုံးကနေ အမုန်းဆုံးဖြစ်သွားလိမ့်မယ်"

"တော်စမ်းပါ ဖိုးချိုရာ၊ အဓိပ္ပါယ်မရှိတာတွေ မပြောစမ်း နဲ့၊ ငါ့ဘာသာ သန့်သန့်လေးပဲ နေပါရစေ"

ဘယ်လောက်ခံပြင်းစရာကောင်းသလဲ၊ အမြဲတမ်း ကော် လဲ ကတုံး ဝတ်တတ်တဲ့ နင့်ကို ငါ နောက်ကနေ မျက်စိဆံပင်မွေး စူးစွာ စိုက်ကြည့်မိတယ်။

နင်နဲ့ငါ ဘယ်ရှေ့ရေစက်လဲ မသိဘူး၊ နင့်ကို မြင်တာနဲ့ ငါ့စိတ်ထဲမှာ ဆွဲကုတ်ချင်သလိုလို ရိုက်ပစ်ချင်သလိုလို ဖြစ်နေတယ်။

အဲ့ဒါ မုန်းလွန်းအားကြီးလို့ပဲ ဖြစ်မှာပါ။

ဒါပေမယ့် တစ်ခုရှိသေးတယ် ရန်ကြီးအောင်။ နင့်ကို မုန်း ပေမယ့် ငါ့ကို စိတ်ဝင်စားစွာနဲ့ ချဉ်းကပ်ဖို့ ကြိုးစားနေတဲ့ ဖိုးချိုကို ငါသဘောကျသလားဆိုတော့လဲ သဘောမကျဘူး။

သူနဲ့ ပတ်သက်လို့ ငါ့မှာ ခံစားချက် ဗလာနတ္ထိပဲ။

ဖိုးချိုတင် မကပါဘူး။ အခြားသော ယောကျ်ားလေးတွေ အားလုံးကိုလည်း ဒီအတိုင်းပဲ။

ကျောင်းဂိတ်နား ရောက်တော့မှ ဖိုးချိုနဲ့နင် ငါ့ကို မြင်သွား





း ကြောင်အမ်းအမ်း ဖြစ်သွားတယ်။

"အဟဲ. . . ပြန်တော့မလား နန်းရှီလာ"

ဖိုးချိုက ငါ့ကို စပ်ဖြဲဖြဲနဲ့ နှုတ်ဆက်တယ်။

နင်ကတော့ နင်နဲ့ မဆိုင်သလိုပဲ ဆက်သွားတယ်။ အမြင် တ်လိုက်တာလေ။ ခဲတစ်လုံးနဲ့ ကောက်ထုချင်စရာ ကောင်းလိုက် ာဖြစ်ခြင်း။ နင့်ကို မနိုင်လို့ ဖိုးချိုကို မဲပစ်မိတယ်။

"မပြန်လို့ ငါက ဘာလုပ်နေရမှာလဲ"

"ဟဲ. . ဟဲ. . သိနိုင်ဘူးလေ၊ ကျူရှင်တွေဘာတွေများ ဆက်သွားမလားလို့"

"နင်ပဲ တက်သွား"

ကျူရှင်မယူတဲ့နင်နဲ့ ယှဉ်ပြိုင်မှုမှာ ငါ့ဆီမှာ ဘာသာစုံ ကျူရှင်အပြင် အင်္ဂလိပ်စာမှာ ကျူရှင်နှစ်မျိုးတောင် တက်နေတယ် ဆိုတာ နင်သိမှာ ငါက စိုးရိမ်တယ်။

ဒါကြောင့် ကျူရှင်မယူဘူးလို့ပဲ သတင်းလွှင့်ထားတာ။

ဝင်ဒါမီယာလို နေရာမျိုးမှာ သီးသန့်နေ၊ ကိုယ်ပိုင်ကားနဲ့ င်းတွေ လိုက်တက်၊ အိမ်မှာလည်း Guide နဲ့ စာကျက်တဲ့ ငါ့ကို ါဖွင့်မပြောသရွေ့ ဘယ်သူမှ မသိစေရဘူး။

"အဟဲ. . . သွားမှာပဲ၊ ကိုယ်တို့ဝိုင်းက ဆရာတွေ ကောင်း ယ်၊ နင် တက်မလား နန်းရှီလာ"

"မလိုပါဘူး. . . ငါကျူရှင်တက်စရာ မလိုဘူး"

"ဒါဖြင့်လည်း ပြီးတာပဲ၊ ကိုယ်က စေတနာနဲ့ပါ"

ဖိုးချိုကို ဆက်ပြီးဘုတောဦးမလို့။ ဒါပေမယ့် ဖိုးချိုအနား



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိနေတဲ့သူက နင်ပါလားလို့ အသိလေး ဝင်လာတဲ့အချိန်မှာ

"ဆိုးသိုင့်ခ် ဖိုးချို့ ငါ့အပေါ် စေတနာထားတာ အထူး ကျေးဇူးတင်ပါတယ်"

"ငါ့ကို ခွင့်ပြုဦးနော်"

ငါ အပြုံးလေးနဲ့ ပြောပြီး ကားရှိရာကို လှမ်းထွက်ခဲ့တယ်

ငါ့အပြုံးကို မြင်လိုက်ရတဲ့ နင့်ရင်ထဲမှာ ဘယ်လိုခံစား ဖြစ်ပေါ်ကျန်ရစ်မလဲဆိုတာ ငါသိချင်လိုက်တာ။

ကားပေါ် ရောက်တော့ နင်တို့ ရှိရာကို မသိမသာ လှ ကြည့်မိတယ်ဆိုရင်ပဲ. . .

နင်ကတော့ ပုံမှန်အတိုင်း။


ဖိုးချိုပါးစပ်ကတော့ နားမှာ တက်ချိတ်တော့မယ့်အတို ပဲ။

"ဟွန်း"

ငါ မျက်စောင်းထိုးလိုက်တယ်။ နင့်ကိုလား ဖိုးချိုကိုပဲလား ဆိုတာ မခွဲခြားတတ်အောင်ပါပဲ။







# အခန်း(၁၀)

ငါ အပြတ်ကြိုးစားထားတာတွေ သဲထဲရေသွန် ဖြစ်သွားတယ်။ မြန်မာစာ ဖြေအပြီးမှာ. . .

"ဖိုးချို"

"ဘာလဲ နန်းရှီလာ"

"ရန်ကြီးအောင်ကော မတွေ့ပါလား"

နင်နဲ့ငါ စာမေးပွဲခန်းချင်း မတူကြဘူးလေ။ ဒါပေမယ့် ကပ်လျက်ပဲဆိုတော့ နင့်ကို အမြဲတမ်းလိုလို သတိထားနေတတ်တဲ့ ငါဟာ နင့်ကို မမြင်မိလို့ ဖိုးချိုကို မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဆို မလာမှ မလာဘဲ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"နေမကောင်းဘူး. . . တင်ပရေချာ ဟန်ဒရက် အင် ဖိုး တောင် ရှိတယ်"

"ဟုတ်လား"

ငါ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားသလဲဆိုတာ မပြောတတ် အောင်ပဲ။

ငါဟာ ပြိုင်ဘက်မရှိဘဲ ပြိုင်ပွဲဝင်နေသလို ဘာအဓိပ္ပါယ် ရှိတော့မှာလဲဟင်။

"နေကောင်းသွားရင် ကျန်တဲ့ဘာသာတွေကော လာဖြေ မှာလား"

"အဓိပ္ပါယ်မရှိတာ. . . သူ ဘယ်ဖြေတော့မလဲ၊ ငါ ဒီနေ့ သူ့အိမ်ကို ရောက်ဦးမယ်၊ နင်ဘာမှာဦးမလဲ"

"ဟင့်အင်း. . . မှာစရာမရှိပါဘူး"

ဘာကိစ္စ နင့်ဆီကို ငါမှာရမှာလဲ။ နင်က အဖျားဒီဂရီ တစ်ရာ့ရှစ်ပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် စိုးရိမ်စရာအကြောင်းမရှိပါဘူး ဒါပေမယ့် တစ်ခုတော့ ငါ မကျေမနပ်ဖြစ်တယ်။ ပြိုင်ဘက်မရှိလို့ ပထမ ရတယ်ဆိုတဲ့ အဖြစ်မျိုးတော့ ရာဇဝင် အတွင်မခံနိုင်ဘူး ဒါကြောင့်. . .

နောက်တစ်နေ့တွေမှာ ခွင့်တင်ပြီး ငါ စာမေးပွဲ လာမဖြေ တော့ဘူးလေ။

ဒုတိယအစမ်း(ငါတို့ခေတ်တုန်းက ဒုတိယအစမ်း ရှိသေး





တယ်)မှာ နင် မဖြေလို့ ငါ ပထမ ရတယ်ဆိုတဲ့အပြော. . .

"ရန်ကြီးအောင် နေမကောင်းလို့ လာမဖြေတာနဲ့ နန်းရှီလာ ပထမ ရသွားတာပါကွာ"

လို့ ငါအပြောမခံနိုင်ဘူး၊ လုံးဝလက်မခံနိုင်ဘူး၊ ဒါကြောင့် ငါမဖြေတာ။ ရှင်းရဲ့လား ရန်ကြီးအောင်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး နှင်းနှင်းအေးကတောင်. . .

"နင်က ရန်ကြီးမဖြေတာနဲ့ မဖြေတာလား"

"အေး. . ."

"နင်က ဘာဖြစ်လို့ ရန်ကြီးကို ဒီလောက်ပြိုင်နေရတာလဲ"

"ငါ့အဖြေက ရှင်းရှင်းလေးပဲ. . . မုန်းလို့"

ဒါပေမယ့် အဲ့ဒီအဖြေကို သူနားမလည်ဘူး။

"ဘာဖြစ်လို့ မုန်းရတာလဲ"

အဲ့ဒါမှ ခွပဲ။ ငါကိုယ်တိုင် အဲ့ဒီအဖြေကို မဖြေတတ်ဘူး။ ငါမပြောတတ်လို့ ပြောမိပြောရာ စွတ်ရွတ်ပြောတယ်။

"ဘာဖြစ်လို့ မုန်းသလဲဆိုတော့ ကြည့်မရလို့ပဲ"

"ကြည့်မရရင် မကြည့်နဲ့ပေါ့။ ဘာဖြစ်လို့ လိုက်ကြည့်နေလဲ"

နှင်းနှင်းအေးကတောင် ငါ့ခံစားချက်ကို သိနေပြီထင် တယ်။ သူပြောတာ မှန်တယ်။ ယထာဘူတ ကျတယ်။

ငါဟာ ကြည့်မရတဲ့နင့်ကို လိုက်ကြည့်နေဖို့ မလိုဘူးထင် တယ်။

"ငါထင်တာပြောရရင် နင်စိတ်ဆိုးမှာလား နန်းရှီလာ"

"စိတ်မဆိုးသင့်ရင် မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အထင်တော့ နင်ကြည့်မရတာတော့ သူက နင့်ထက်တော်နေလို့ မဟုတ်လား"

"ဟုတ်တယ်. . . အဲ့ဒါ အဓိကအချက်ပဲ"

"ဒါဆိုရင် သာမညအချက်တွေ ရှိသေးတယ်ပေါ့"

"ရှိသေးတယ် ထင်တာပဲ"

"ဒါပေမယ့် ဘာကြောင့်ရယ် ဘယ်အချက်တွေကြောင့်ရယ်လို့ နင်မသိချင်ပါနဲ့တော့၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ရှင်းပြဖို့ရာကို ငါ့ကိုယ်ငါ မရှင်းလို့ပဲ သိလား၊ ဒါပေမယ့် အဓိက အချက်ကြီးတစ်ချက်နဲ့တင် လုံလောက်ပြီထင်တယ်၊ ကျန်တာတွေက အသေးအမွှားတွေပါဟာ"

"အေး. . . အေး. . . ကြည့်မရဘူး ကြည့်မရဘူးနဲ့ တော်ကြာ သိပ်ချစ်ပြီး ညားသွားကြတဲ့အတွဲတွေထဲ ပါဝင်သွားလိမ့်မယ်"

"တော်စမ်းပါ. . . ငါက ပညာရေးကလွဲပြီး ဘာမှ စိတ်မဝင်စားတော့ဘူး၊ သူ့ကို မုန်းတဲ့ ငါ့အမုန်းကလည်း သံသရာအဆက်ဆက်တောင် ပျောက်ပျက်မှာ မဟုတ်ဘူးထင်တယ်"

"စောင့်ကြည့်ချင်ပါသေးတယ်"

"ကြည့်လေ"

"အေးလေ. . . နင်နဲ့ မဟုတ်ရင်တော့ ရတနာမင်းထိုက်နဲ့ပဲ ဖြစ်ဖို့များတယ်"

ငါခံပြင်းသွားတယ်။ ဒါပေမယ့်. . .

"ဘယ်သူနဲ့ဖြစ်ဖြစ် အဲ့ဒီကိစ္စ ငါဂရုမစိုက်ဘူး၊ ငါ ဂရုစိုက်နေတယ်ဆိုတာက သူ့ကို ခေါင်းဦးနှောက်က၊ နှလုံးသားက မဟုတ်





ဘူး"

နှင်းနှင်းအေးက ရယ်တယ်။

"အပြောမကြီးပါနဲ့ နန်းရှိလာ၊ အပြောကြီးတဲ့သူက အထိတတ်တယ်ဆိုတာ နင်သတိပြုဦးနော်"

"အင်း. . . အဲ့ဒါ စိတ်မခိုင်တဲ့သူတွေအလုပ်၊ အဲ့ဒီအထဲ နန်းရှိလာ မပါဘူး"

ငါ ယတိပြတ် ပြောခဲ့တာပါ ရန်ကြီးအောင်။

ဟုတ်တယ်. . . နင့်ကို ငါစိတ်ဝင်စားမှုက ဦးနှောက်နဲ့ ဆက်သက်တဲ့ ယှဉ်ပြိုင်မှုပါဟာ။ နှလုံးသားနဲ့ ဆက်နွှယ်စရာ မဟုတ်ဘူးလို့ ငါ့ကိုယ်ငါ တစ်ထစ်ချ ယုံကြည်နေတယ်။

ဒုတိယအစမ်းမှာ ပြိုင်ဆိုင်မှုပွဲစဉ် ပျက်သုဉ်းသွားရပေမယ့် စာမေးပွဲကြီး ကျန်ပါသေးတယ်ဟာ။

အဲ့ဒီအခါ နင့်ထက် ငါ မသာရင်လေ. . .

အင်း. . . ယှဉ်ပြိုင်မှုက ဘယ်သောအခါမှ ပြီးဆုံးသွားလိမ့်မယ် မဟုတ်ဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့. . .

နင့်ကို ငါ အနိုင်သိပ်ရချင်တာပဲ ရန်ကြီးအောင်ရယ်။

နင့်ကိုမှ အနိုင်မရရင်. . . အင်း. . . လောကကြီးမှာ နန်းရှိလာဟာ အဓိပ္ပါယ်မရှိတဲ့ ရပ်တည်နေသလိုမျိုး ဖြစ်နေမလား အဲဒီလောက်တောင် နင့်ကို ငါ. . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၀)

နင်နဲ့ငါ အတန်းသားအချင်းချင်းအနေနဲ့ ရှိသင့်သေ
ရင်းနှီးမှုတော့ ရှိကြတယ်။ မေးခေါ် ထူးခေါ် လောက်ပေါ့။

နင်က အနေတည်တယ်။

နင် ငါ့အပေါ် ရင်းနှီးမှု မရှိသလို အခြားကျောင်းသူ
အပေါ် လည်း မရှိဘူး။

ဒါပေမယ့် ရတနာမင်းထိုက်နဲ့တော့ နင်အရမ်းရင်းနှီးတ
ပဲနော်။





သည်လိုနဲ့ပဲ စာမေးပွဲကြီး ဖြေပြီးတဲ့ နောက်ဆုံးနေ့မှာ အတန်းသားအားလုံးကို ပါပါနဲ့မာမာက ဖိတ်ကြားပြီး အိမ်မှာ ပျော်ပွဲရွှင်ပွဲ အကျွေးအမွေးနဲ့ ဧည့်ခံတယ်လေ။ (Buffet) ဘူဖေး ခေါ် ကိုယ်ကြိုက်ရာ ကိုယ်ထည့်စားနိုင်တဲ့ စားပွဲကြီးနဲ့ပေါ့။

သူငယ်ချင်းအားလုံးလိုလို လိုက်လာကြတယ်။

ငါထင်နေတာက တောသား နင်တော့ အနောက်တိုင်း အစားအစာတွေနဲ့ အရှက်ကွဲလိမ့်မယ်လို့။

ဒါပေမယ့် နင့်ကို ငါအံ့ဩရပြန်တယ် ရန်ကြီးအောင်။

နင်ဟာ ဇွန်း၊ ခက်ရင်းကို သေသေသပ်သပ် စားနိုင်ရုံ မကဘူး။ ဓါးကိုပါ သေသေသပ်သပ် ကိုင်တွယ်နိုင်တယ်။

နင့်ကို ထပ်မံအံ့ဩရတာက ပါပါနဲ့ စကားလက်ဆုံကျနေတာကိုပဲ။

ရိုးရိုးတန်းတန်း စကားလက်ဆုံကျတာ မဟုတ်ဘူး၊ အင်္ဂလိပ်လို ပြောနေကြတာ။

ရှတ်ရှက် ဒွတ်ဒက်နဲ့။ တကယ့်ကို ငါးပိနဲ့ တညင်းသီး ဆားရည်စိမ် စားတဲ့ပါးစပ်က ငါးပိသံ မထွက်ဘဲ ထောပတ်သံ ထွက်နေတာကို ငါအံ့ဩရတာ။

နင့်ကို ငါ တမင်ချွတ်ချင်လို့. . .

"စားလို့ကောင်းရဲ့လား ရန်ကြီးအောင်၊ ငါးပိနဲ့ တညင်းသီး ဆားရည်စိမ် မပါတော့ စားလို့မှ ကောင်းရဲ့လား"

"သိပ်ခံတွင်းတွေ့ပါတယ် နန်းရှိုလာ၊ စေတနာနဲ့ ကျွေးရင် ဘယ်အရာမဆို နတ်သုဒ္ဓါချည်းပါပဲ၊ ရောမ,ရောက်ရင် ရောမပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဒါပေမယ့် ငွေကုန်ကြေးကျနည်းပြီး နှစ်ရှည်ခံ အစားအစာဖြစ်တဲ့ ငါးပိရည်နဲ့ တညင်းသီး ဆားရည်စိမ်ကို တီထွင်ခဲ့တဲ့ ကျွန်တော်တို့ ဘိုးဘွားဘီဘင်တွေကို ကျွန်တော် ချီးကျူးဂုဏ်ယူနေတာတော့ အမှန်ပဲ"

"ကြီးကျယ်လိုက်တာ"

ငါ မအောင့်အည်းနိုင်ဘဲ မဲ့ရွဲ့ပြောလိုက်မိတယ်။ နင်က ပြုံးပြီး. . .

"လောကကြီးမှာ တစ်ခါတစ်ရံ မှန်တာကို ပြောရင် ကြီးကျယ်တယ်လို့ ထင်ကြတာလဲ ဓမ္မတာပါပဲ နန်းရှီလာ"

"ဘာတွေပြောနေကြတာလဲ"

ဖိုးချိုက ငါတို့အနားကို ရောက်လာတယ်။ ဖိုးချိုကလည်း နင်နဲ့ငါ့ကို အလစ်မပေးဘူး။ ဖိုးချို ငါ့ကို ကျနေမှန်းလည်း ငါသိတယ်။

"ဘာမှမဟုတ်ပါဘူး"

"မသိပါဘူး. . . နင်တို့နှစ်ယောက် စကားရည်လုပွဲများ ကျင်းပနေသလားလို့"

နင်က ပြုံးပြီး. . .

"နန်းရှီလာ. . . ကျွန်တော်ပြန်တော့မယ်၊ ခုလို ဖိတ်ခေါ်ကျွေးမွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ငါခေါင်းညိတ်လိုက်တယ်။ ဖိုးချိုက. . .

"ဟော့ကောင်. . . စောလှချည်လား"

"ကိစ္စရှိလို့ပါ. . . မင်းနေချင်ရင် နေခဲ့ဦးလေ"





"မင်းပြန်မှတော့ ငါလဲ ပြန်ရမှာပေါ့၊ ပြန်မယ် နန်းရှီလာ"

"အေး"

နင်နဲ့ဖိုးချိုက ပါပါနဲ့မာမာကို နှုတ်ဆက်ပြီး ပြန်သွားကြတယ်။

အားလုံးလိုလို ပြန်သွားတော့မှ ပါပါက ငါ့ကို. . .

"ဒီသူငယ်ဟာ တော်တော်ယဉ်ကျေးသိမ်မွေ့ပြီး အလားအလာ ကောင်းတဲ့သူငယ်ပဲ"

မာမာက. . .

"ဘယ်သူလဲ ကိုကို. . . ဖိုးချိုလား၊ ကုန်သည်ကြီး ဦးချမ်းသာရဲ့သားဆိုတော့ တစ်သက် စားမကုန်နိုင်တာတော့ ကျိန်းသေတယ်"

"အိုကွာ. . . ဒါလင်တို့ကတော့ လုပ်ပြီ၊ အဲဒီသူငယ်ကို ပြောတာမဟုတ်ဘူးကွ"

"နို့. . . ဘယ်သူငယ်လဲ"

"ရန်ကြီးအောင်လေကွာ"

"အိုတော်. . . ပင်စင်စားရဲ့မြေးလား"

"ဒါလင်တို့က ဒါကြောင့် ခက်တာ၊ လူစွမ်းလူစဆိုတာ ဘာကိုခေါ်သလဲ၊ မိဘအမွေအနှစ်ကို ခေါ်တယ်လို့များ မှတ်နေသလား၊ ကိုကိုပြောတာ ဆိုလိုတာက သူ့ရဲ့ပင်ကိုအရည်အသွေးနဲ့ ကြိုးစားအားထုတ်မှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယကို ပြောတာ၊ သူနဲ့ စကားပြောကြည့်ကတည်းကိုက ယဉ်ကျေးသိမ်မွေ့ပြီး လူကြီးကို လူကြီးမှန်းသိတတ်ရှိသေတတ်တာ၊ ဗဟုသုတ ကြွယ်ဝတာတွေ၊ ဘဝတက်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို အမြဲရှာဖွေကြိုးစားနေတဲ့သူငယ်ဆိုတာ အကဲခတ်မိလို့ ပြောတာ"

"သြော်. . . ကိုကိုနဲ့ စကားပြောနေတဲ့သူငယ်လား၊ သူလား အမြဲ ပထမ ရတယ်ဆိုတာ၊ ဟုတ်လား ရှီလာ"

"ဟုတ်တယ် မာမာ"

"ဆေးတက္ကသိုလ် တက်ပြီး သမားတော်ကြီး ဖြစ်ဦးမှာပေါ့လေ၊ ဒါဆိုရင် ကောင်းပါတယ်"

မာမာမျက်ဝန်းထဲမှာ ကျေနပ်သော ပီတိအရောင်ဆိုတာလေး ရှက်သွေးဖြန်းသွားတာ ငါတွေ့လိုက်ရတယ်။

ဘာတွေ တွေးပြီး ဘာတွေ သဘောကျနေတယ်ဆိုတာ ငါ မခန့်မှန်းတတ်ဘူး။

ဘာပဲပြောပြော စာမေးပွဲကြီး အောင်စာရင်းကို ငါသိချင်လှပြီ။


ငါ အဖြေတော့ အားရတာပဲ။

အောင်စာရင်း ထွက်တဲ့နေ့မှာ နင့်ကို ငါအနိုင်ရလိမ့်မယ်ထင်တယ်။

နင်မျက်နှာပျက်တာ ငါမြင်ချင်လိုက်တာ ရန်ကြီးအောင်ရာ။







# အခန်း(၁၂)

ကျောင်းပိတ်ရက်မှာ ငါရေသွားကူးတယ်။ အမျိုးသားရေကူးကန်မှာလေ။ အစက မာမာက အဖော်လိုက်ခဲ့ရင်းနဲ့ သူပါကူးတယ်။ နောက်တော့ မလိုက်လို့ နှင်းနှင်းအေးကို အဖော်ဆွယ်ရတယ်။

ဖိုးချို့နဲ့လည်း ကန်မှာ ဆုံတယ်။

ပါပါက ငါ့အတွက် အိမ်မှာ ရေကူးကန် တူးခိုင်းနေပြီ။ တစ်ဦးတည်းသောသမီး ငါ့အပေါ်မှာ အချစ်တွေ စုပြုံနေပြီး မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာ စိတ်ချပုံမရဘူး။

ထစ်နေ့ ရေကူးကန်မှာ အချမ်းပြေ ကော်ဖီသောက်ကြ ရင်း ငါတို့သုံးယောက်စကားထဲကို နင်ရောက်လာတယ်။

"ရန်ကြီးအောင် ဘာလုပ်နေသလဲ"

"ရွာပြန်သွားတယ်"

ဖိုးချိုက ဖြေတယ်လေ။

"ရွာ. . . ဘယ်ရွာလဲ"

"ရွှေကျင်တဲ့"

"ဘယ်ကလာ ရွှေကျင်က ရွာကမှာလဲ. . . မြို့ဟဲ့"

ဖိုးချို ဒါကြောင့် ပထမအစမ်း ဒုတိယအစမ်းကော ကျတာဆိုတာ ငါသဘောပေါက်လိုက်တယ်။

"မသိပါဘူး"

"ပြန်ရောက်နေပါပြီဟာ"

နှင်းနှင်းအေးက ကြားဝင်ပြောတယ်။

"နင့်ကို ဘယ်သူပြောသလဲ"

"ရတနာ"

"ရတနာ ဟုတ်လား"

"အေးလေ. . . သူနဲ့ငါနဲ့က ဖယ်ရီစီးဖော်ဆိုတော့ ခင်နေ ကြတာ၊ အားရင် ဖုန်းဆက်ရင်း ရန်ကြီးအသံ ဖုန်းထဲ ကြားလို့ မေးလိုက်တာ. . . မနေ့ညကပဲ"

ငါ့အတွက် အံ့ဩစရာတွေချည်းပဲ။

ညကပဲဆိုတာကို ဘဝင်မကျနိုင်ဘူး၊ နင်နဲ့ရတနာမင်းထိုက်





ကို ငါမသက်ဘူး၊ ဒါပေမယ့် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ငါ ဘယ်သူ့ကိုမှ ဖွင့်မပြောဘူး။

ငါစိတ်ဝင်စားတာ နင့်နှလုံးသားကို မဟုတ်ဘူး၊ နင့် ဦးနှောက်။

"ဩော်. . . ဒါဖြင့် ငါသွားတွေ့လိုက်ဦးမယ်၊ ဘာစားစရာ ပါသလဲ မသိဘူး"

"တော်ကြီးကျလိုက်တာဟာ"

"နင်တို့ကော လိုက်ဦးမလား"

"သူနိုးသေဖော် ညှိမနေပါနဲ့. . . ကိုယ့်ဘာသာကိုယ်သွား"

ဖိုးချိုနဲ့နှင်းနှင်းအေးက စကားနိုင်လုနေကြတယ်။

ငါက တွေးနေတာ။

ငါဘာတွေးသလဲ နင်သိသလား။

နင့်ဦးနှောက်ကို ငါအနိုင်မရနိုင်ရင် နင့်နှလုံးသားကို အနိုင် ယူရမယ်လို့။

"ဟိတ်. . . ဘာတွေးနေတာလဲ၊ အိုင်တော့ ဂိုးတော့မယ်၊ နင်တို့ကော"

"သွားတာပေါ့"

"ငါရှင်းပြီးသွားပြီနော်"

"သိုင့်ခ်"

ဖိုးချို ပြန်သွားတယ်။

သည်မှာနှင်းနှင်းအေးကို ငါအသိချင်ဆုံးသော စကားကို မေးဖို့ အားယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်လိုထင်သလဲ"

"ဘာကို ဘယ်လိုထင်ရမှာလဲ"

"ရန်ကြီးအောင်နဲ့ ရတနာမင်းထိုက်ကိုလေ"

"ဟေ. . . ဘာဖြစ်လို့ နင်မေးရတာလဲ၊ နင် ရန်ကြီးကို စိတ်ဝင်စားနေသလား"

"နှစ်သက်လို့ စိတ်ဝင်စားခြင်း မဟုတ်ဘူးဆိုတာ နင် ငါ့ကို နားမလည်ဘူး ထင်တယ် နှင်းနှင်း၊ ငါ သူ့ကို မုန်းတယ်"

နှင်းနှင်းအေးက သက်ပြင်းချပြီး. . .

"မနာလိုခြင်းဆိုတာ ထားဖို့မကောင်းတဲ့ စိတ်ထားတစ်ခုပါ နန်းရှီလာ၊ သူ့ကို နင်လိုက်ပြိုင်နေလို့ကော ဘာထူးမှာလဲ၊ ဝါသနာချင်း ရည်ရွယ်ချက်ချင်း တူကြတာလဲမဟုတ်"

"ဝါသနာ. . . ဘာဝါသနာလဲ"

"ရော်. . . နင်နဲ့ စကားပြောရတာ သိပ်လက်ပေါက်ကပ်တာပဲ၊ နင်နဲ့ရန်ကြီးက ဆန့်ကျင်ဘက်"

"ဘာဆန့်ကျင်ဘက်လဲ"

"နင်က ဂစ်တာတီးပြီး ဒိုးဒိုးဒန့်ဒန့် အကမှ ခေတ်မီတယ် ထင်ပြီး စိတ်ဝင်စားတယ်၊ ရန်ကြီးက စောင်း၊ ပတ္တလား တီးပြီး သီချင်းကြီး သီချင်းခန့်ကို စိတ်ဝင်စားတဲ့သူ၊ ဒါ့အပြင် မြန်မာ့ ရှေးဟောင်းအမွေအနှစ် ပန်းချီပန်းပုတို့ကို စိတ်ဝင်စားပြီး စုဆောင်းတတ်တဲ့လူမျိုး၊ နင်နဲ့ အသွင်လုံးဝမတူဘူး"

"ဒါ ဘာဆန်းသလဲ၊ အသွင်မတူရင် တူအောင် ညှိယူလို့ ရတာပဲ"





"ဟော. . . နင့်စကား ဘယ်ရောက်သွားသလဲဆိုတာ နင် သိရဲ့လား နန်းရှီလာ"

ငါက ပြုံးတုံးကြောင်တောင်နှင့် နှင်းနှင်းအေးကို ကြည့်မိတယ်။ နင်တို့အုပ်စုက သိပ်ကိုထူးခြားတယ်။စကားတတ်တာလား ဘာလား မသိဘူး။

"အသွင်မတူ အိမ်သူမဖြစ် ဆိုတာလေ"

"ခွေးစုတ်"

ငါ ရှက်ရယ်,ရယ်ပြီး နှင်းနှင်းအေးကို လိုက်ထုတယ်။ နှင်းနှင်းအေးက ထွက်ပြေးသွားတယ်လေ။

ငါ ဘာလို့ ရှက်မိရတာလဲ။

နင်ရဲ့အိမ်သူအဖြစ် ရောက်ရှိခြင်းဟာ ငါ စိတ်ကူးထဲမှာ ဝရှိမထားတဲ့ ကိစ္စတစ်ခုပါလေ။

"ငါပြောရဦးမယ် သိလား"

ကားပေါ် ရောက်တော့ အတောမသတ်နိုင်သေးဘဲ နှင်းနှင်းအေးက စကားစတယ်။

"သူနဲ့ရတနာက တကယ့်မောင်နှမတွေလိုပဲ သံယောဇဉ်ရှိတယ်၊ လူကြီးတွေကတော့ နှစ်ဖက်စလုံး သိပ်ကို သဘောတူနေကြပုံပဲ"

ခံပြင်းစရာကောင်းသော သတင်းစကားတစ်ခုပါပဲ။

"ငါ့အထင်တော့ ရန်ကြီးစကားတစ်ခွန်းပဲ၊ ရန်ကြီးသာ လိုက်ရင် ပွဲပြီးသွားပြီ"

"ကောင်းတာပေါ့. . . ငါတို့ စားရတယ်" လို့ ငါက ရွဲ့သလို



www.burmeseclassic.com


www.burmeseclassic.com



လို့ ခန့်သလိုလို ပြောလိုက်ပေမယ့် အဲ့သည်စကားဟာ ငါ့ရင်ထဲ
လုံးဝမပါတဲ့စကားဆိုတာတော့ ငါ့ကိုယ်ငါ အသိဆုံးပါလေ။







## အခန်း(၁၃)

ရာဇဝင် ရိုင်းလိုက်တာ ရန်ကြီးအောင်ရယ်။

နန်းရှီလာ ဘဝမှာ အရှုံးဆိုတဲ့ရာဇဝင်ကို စာတင်ဖို့ နင် မွေးဖွားလာခဲ့လေသလား။

ငါပဲ သေချင်တဲ့ကျား တောပြောင်း ဖြစ်ခဲ့ရလေသလား။

"ဟဲ့. . . ရှီလာရယ် လူကြားမကောင်းပါဘူး၊ ငါးဘာသာ ဝုဏ်ထူးထွက်တဲ့လူက ဒီလောက်တောင် ငိုနေရသလား"

"ဖုန်းတွေကလဲ တဂျီဂျီနဲ့ ဆက်မေးနေတာကို ဒိုင်ခံဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရလို့ အာခြောက်လှပြီ”

မမာကလည်း ပွစိပွစိနဲ့။ ခြောက်ဘာသာဂုဏ်ထူး မှန်းထားသူအတွက် ငါးဘာသာဂုဏ်ထူး ရတာမှ မငိုရင် ဘာကို ငိုရမှာလဲ။

သည်ထက် ပိုဆိုးတာက ရန်ကြီးအောင်ဆိုတဲ့ နင်က ခြောက်ဘာသာဂုဏ်ထူး ထွက်သွားလို့ပဲ။

နင့်ဦးနှောက်ကို ငါအရှုံးပေးလိုက်ပြီ။

ဒါပေမယ့်. . .

“ဪ. . . တယ်လီဖုန်းက လာပြန်ပြီ”

မာမာက ဧည့်ခန်းဘက် ထွက်သွားတယ်။ ငါ ခေါင်းအုံးကို ပွေ့ပိုက်ရင်း စဉ်းစားလိုက်တယ်။

နင့်ကို ငါ ဘယ်လိုအနိုင်ယူရမလဲဆိုတာကို။

“သမီးရေ. . . ရှီလာ”

“ဗျာ. . .”

“ရန်ကြီးအောင်က သူ့အိမ်မှာ ဆွမ်းကျွေးတဲ့”

“ဟင်. . .”

ငါ့ရင်တွေ လှုပ်ရှားသွားတယ်။

“ဖုန်းချလိုက်ပြီလား မာမာ”

“အင်းလေ. . . အန်တီပြောလိုက်ပါ့မယ်လို့ ပြောလိုက်တယ်”

“ဘယ်နေ့လဲ”

“ဒီနေ့ပဲ. . . ဘုန်းကြီးတွေကို အာရုံဆွမ်းကပ်ပြီး သူ့





သူငယ်ချင်းတွေကို မြန်မာ့အစားအစာနဲ့ ဧည့်ခံမလို့တဲ့လေ”

“သက်သက်ကြွားတဲ့ ကြွားပွဲပေါ့”

“ဟဲ့. . . ဘာကြွားရမှာလဲ”

“သူက အောလ်ဒီလေ မာမာ”

“ဪ. . . ဒါကြောင့် ပါပါက ပြောတာ၊ ဒီသူငယ်ဟာ အလားအလာကောင်းတဲ့ သူငယ်ပဲတဲ့”

“မြန်မာစာ ဂုဏ်ထူးတစ်ခု မပါတာနဲ့ သူအသာရသွားတာ နန်းရှီလာ မခံချင်ဘူး မာမာ”

“မခံချင်ရင် သူဖိတ်ထားတဲ့ပွဲကို ပြုံးပြုံးလေး သွားတက်လိုက်ပေါ့၊ သမီး အလူးအလဲ ခံစားနေရတာ သူသိသွားရင် သိပ်ကျေနပ်သွားမှာ”

“အင်း. . . ဟုတ်တယ်၊ မာမာပြောတာ ဟုတ်တယ်၊ နန်းရှီလာ သွားမယ်”

အိပ်ယာပေါ်မှ ဝုန်းခနဲ ထပြီး ရေချိုးခန်း တန်းဝင်ခဲ့တယ်။

ရေချိုးရင်း ငါ ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်။

ဦးနှောက်ရေးရာမှာ နင့်ကို ငါမနိုင်ရင် နှလုံးသားရေးရာမှာ ငါနိုင်ရမယ်။

ဒါကြောင့် နှလုံးသားစစ်ပွဲအတွက် ငါ့ရဲ့နည်းဗျူဟာ မှန်သမျှကို အစွမ်းကုန် ထုတ်သုံးပစ်တော့မယ် ရန်ကြီးအောင်။

ဪ. . . ဖိုးချို့က ဘီနဲ့ပဲ ပါတယ်၊ နှင်းနှင်းအေးကတော့ ဝမ်းဒီပဲ ပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းလုံးမှာ အောလ်ဒီက နင်တစ်ယောက်တည်း။

ငါတို့ခေတ်က အောလ်ဒီက တစ်ပြည်လုံးမှာ လေးငါးယောက်ထက် ပိုမထွက်တဲ့ခေတ်ဆိုတော့ နင့်ကို အားလုံးက ဝိုင်းချီးကျူးနေကြမှာပဲနော်။

ဆရာ၊ ဆရာမတွေဆို. . . အထူးသဖြင့် နင့်ကို သိပ်ချီးကျူး သိပ်နေရာပေးနေတဲ့ ကျောင်းအုပ်ဆရာကြီးဆိုရင် သိပ်ကို ပီတိဖြစ်နေမှာပဲ။

ငါ နင်တို့ အိမ်လိပ်စာ စဉ်းစားလိုက်တယ်ဆိုရင်ပဲ. . .

အံ့ဖွယ်ရာတော့ အကောင်းသား။

ဖိုးချို အမှတ်မထင် ပြောဖူးတဲ့ တိုက်နံပါတ်ဟာ ငါ့ခေါင်းထဲ အလိုလို ပေါ်လာတယ်။

နင်ဟာ ငါ့ရဲ့သိစိတ်မှာကော မသိစိတ်မှာကော နေရာယူနေပါလား ရန်ကြီးအောင်။







## အခန်း(၁၄)

“ရန်ကြီးအောင်ရေ. . . ဒီမှာ နန်းရှီလာ လာတယ်”

နှင်းနှင်းအေးက ငါ့ကို လာခေါ်ရင်း နင့်ကို လှမ်းအသံပြုလိုက်တယ်ဆိုရင်ပဲ နင်ဟာ ဟင်းရည်ချိုင့်ကြီး ဖိုးချိုကို ကမ်းပေးရင်း ဆီကို လျှောက်လာတယ်။

“လာ. . . နန်းရှီလာ”

နင့်အပြုံးနဲ့ ကြိုဆိုမှုက ဟန်ဆောင်မှု ကင်းမဲ့တယ်ဆိုတာ အကဲခတ်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ရောက်လာတဲ့ ငါ့ကို မြင်လိုက်ရတော့ ဒါ
ဝမ်းသာသွားပုံဟာ မဖုံးနိုင် မဖိနိုင်အောင်ဘဲ။

"ကွန်ဂရက်ကျူလေးရှင်း ရန်ကြီးအောင်"

"ကျေးဇူးတင်ပါတယ် နန်းရှီလာ"

ငါ လက်ဆွဲနှုတ်မဆက်ပါဘူး။ သည်အတိုင်း ပြောလို
တာ။

"နင်လဲ သိပ်တော်ပါတယ် နန်းရှီလာ"

နှင်းနှင်းအေးက ငါ့ကို ဝင်ရောက်ချီးကျူးတယ်။

"ဟုတ်တယ်. . . ဖိုက်ဒီလဲ နင်တစ်ယောက်တည်းပဲ ရ
စောစောကတင် ဆရာမကြီး ပြန်သွားတာ၊ နင်တို့နှစ်ယောက်
သိပ်ချီးကျူးသွားတာ၊ နောက်ဆိုရင် သူ့ကျောင်းမှာ နင်တို့
ကျောင်းသားမျိုး ပေါ်ပေါက်ပါဦးမလား မသိဘူးတဲ့လေ"

ဖိုးချိုက ဝင်ပြောတယ်။

အဲသည်အချိန်မှာ ရုပ်ရည်သန့်ပြန့်ပြီး အင်မတန် ခန့်
တဲ့ အဘိုးကြီးတစ်ဦးက. . .

"ကိုင်း. . . လူလေးရေ၊ တရုတ်ပညာရှိ ကွန်ဖြူးရှ
စကားလိုပေါ့ကွာ၊ The Enjoyment of food is the fi
happiness တဲ့ကွ၊ သူငယ်ချင်းကို အရင်ကျွေးမွေးဧည့်ခံလို
ဦး"

ပထမဆုံး ပျော်ရွှင်မှုသည် အစားအစာကို မြိန်ယှက်
စားသောက်ခြင်းဖြစ်သည်ဟူသော စကားကို အင်္ဂလိပ်လို ပြ
ရွတ်ဆိုလိုက်သော အဘိုးကြီးဟာ ရန်ကြီးအောင်အဘိုးမှတပါး





သူမှ မဖြစ်နိုင်ဘူးဆိုတာ ငါတွက်ချက်ပြီးသားပါ။

"မုန့်ဟင်းခါး သုံးဆောင်ပါ နန်းရှီလာ၊ ကြိုက်ရဲ့လား မသိဘူး"

"ကြိုက်ပါတယ် ရန်ကြီးအောင်"

မကြိုက်လို့ မဖြစ်တော့ဘူးလေ ရန်ကြီးအောင်။ နင်ကြိုက်သော အစားအစာမှန်သမျှကို ငါကြိုက်ရမှာ နည်းဗျူဟာတစ်ခုပဲလေ။

နှစ်နှစ်ခြိုက်ခြိုက်ကြီး မဟုတ်ပေမယ့် ငါ မုန့်ဟင်းခါးကို စားတတ်ပါတယ်။

ဒါပေမယ့် ဘဲဥဖတ်လေးတွေ၊ ငါးဖယ်ဖတ်လေးတွေနှင့် ငှက်ပျောအူနုနုနှင့် ကြက်သွန်ဥနီ သေးသေးလေးတွေပါ ပါအောင် နင်ကိုယ်တိုင် ခပ်ထည့်ပေးတဲ့ မုန့်ဟင်းခါးဟာ ငါစားဖူးသမျှထဲမှာ အရသာအတွေ့ဆုံးပဲ။

"ဂွတ်သားပဲ ရန်ကြီးအောင်၊ ဘယ်သူချက်တာလဲ. . . နင့်အဘွားလား"

"မဟုတ်ဘူး. . . အော်ဒါမှာတာ၊ ကျော်ကြားမုန့်ဟင်းခါးလေ၊ ရန်ကင်းမှာတော့ နာမည်ကြီးပဲ"

"သြော်. . . ငါက မသိပါဘူး၊ နင်ကိုယ်တိုင်များ ချက်သလားလို့"

နင်က ပြုံးတယ်။

ပြီးတော့မှ. . .

"ငါ ယောကျ်ားအလုပ်ပဲ စိတ်ဝင်စားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ထဲမှာ ကျေနပ်သွားရပြန်ပြီ။ နင့်ဆီက ကိုယ့်ကိုယ်ကို ကျွန်တော်နှင့် သုံးနေရာက "ငါ" ဆိုတဲ့အသုံးအနှုန်း ရလိုက်တာ တိုးတက်မှုတစ်ရပ်ပဲလေ။

"ရတနာ. . . ဘဲဥလှီးထားတဲ့ပန်းကန်နဲ့ အကြော်စုံ ယူခဲ့ဦးလေ"

"ဟုတ်ကဲ့ ကိုကိုအောင်"

နင် ငါ့အတွက် ရတနာမင်းထိုက်ကို လှမ်းခိုင်းတယ်။ ဟား. . . ငါသိပ်ပျော်သွားခဲ့တယ် ရန်ကြီးအောင်။ ဘာဖြစ်လို့လဲ ဆိုတော့ နှလုံးသားရေးရာမှာ နင့်ကို အနိုင်ရနိုင်မယ့် အရိပ်အယောင်တွေ ငါတွေ့ရလို့ပဲ။

"ဟော့ကောင် အိုင်ဆေး. . . မင်းက လွန်တာပေါ့၊ ငါတို့စားတုန်းကကျတော့ ဘဲဥအပိုပန်းကန်တွေ ဘူးသီးကြော်တွေ မပါဘူး. . . ပဲကြော်နဲ့ပဲ၊ ခုတော့ မျက်နှာကြီးရာ ဟင်းဖတ်ပါတယ်ပေါ့လေ"

"ဟော့ကောင် ဖိုးချို မင်းက ဇည့်သည်လား၊ မင်းကို ယူစားလို့ ပြောသားပဲ"

ဖိုးချိုရဲ့နောက်ပြောင်မှုကို နင်က မျက်နှာရဲရဲနဲ့ ရှက်သွားတယ်နော်။ အဲဒီတုန်းမှာ နင့်ရဲ့ထူးကဲတဲ့ရုပ်ရည်ကို ငါအကဲခတ်လိုက်မိတယ်။

နင်ဟာ ကြီးလာရင် နင့်အဘိုးလိုပဲ ခန့်ချောကြီးဖြစ်မှာ ဆိုတာကိုပါ။

"မမ နန်းရှီလာ. . . အချဉ်ညှစ်မလား"





ရတနာမင်းထိုက်က ငါ့ပန်းကန်ထဲကို ဘဲဥဖတ် အကွင်းအကွင်း လှီးထားတာလေး အနည်းငယ် ထည့်ပေးရင်း မေးတယ်။

"သိုင်းခ်ကျူး ညီမ"

ငါ့ကို ရှောက်သီးစိပ်လေးပါ ညှစ်ပေးတယ်။ အဲဒီအချိန် နင့်အဘွား ဝင်လာတယ်။ ဖြူဖြူပိန်ပိန် ပါးပါးလှပ်လှပ် နင့်အဘွား ဟာလဲ ကျက်သရေ ရှိတာပဲ။

"အဘွား. . . သူက နန်းရှီလာပါ"

"ဩော်. . . အေး. . . အေး၊ သမီးလေးက ရှမ်းစပ်တယ် ထင်တယ်၊ အသားလေးက ဖြူမှဖြူကွယ်၊ ပါးအို့နီလေးနဲ့ ချစ်စရာလေးကွယ်"

ငါ ပါးအို့နီသွားရတာ ရှက်လို့။ ဟုတ်တယ်။ ငါ့ကို နင်က ဒီလောက်ဂရုစိုက်တော့ ငါရှက်တယ်။ ပြီးတော့ နင်ဟာ နင့်အဘိုးနဲ့ အဘွားကို ငါ့အကြောင်း ပြောပြထားပုံရတယ်လို့ ငါခန့်မှန်းပြီး ရှက်သွားတာ။

ငါ့ရဲ့ရှုံးနိမ့်မှုအတွက် ရှက်နေတာ။ ပြီးတော့ အောင်စာရင်းသွားကြည့်ပြီး နင့်အိမ်မှာ ဝင်စားကြတာဆိုတော့ ဘယ်သူမှ တောက်တောက်ပြောင်ပြောင် မဝတ်ဘူး။

ငါတစ်ယောက်တည်းပဲ ပွဲထိုင်သွားသလို ဝတ်လာတာဆိုတော့ အားလုံးထဲမှာ ပေါ်လွင်တောက်ပြောင်နေတာဆိုတော့ နေထိုင်ရတောင် ခက်သွားတယ်။

"စား. . . သမီးလေး၊ အဝစား. . . အလှမစားနဲ့"

"ဟုတ်ကဲ့ပါ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ငါ မုန့်ဟင်းခါး နှစ်ပန်းကန်တောင် စားနိုင်တယ်။

ဘာအတွက် ကျွေးသလဲဆိုတာ ငါမမေးဘူး၊ နှင်းနှင်းအေး ပြောပြထားဖူးလို့ နင့်အဘိုးနဲ့အဘွားဟာ နင် အောင်စာရင်း ထွက်တဲ့နေ့တိုင်းမှာ နင့်ကို ဂုဏ်ပြုတဲ့အနေနဲ့ လက်ဆောင်ပစ္စည်းတစ်ခုခု ဝယ်ပေးရင်း အကျွေးအမွေးနဲ့လဲ အမြဲဧည့်ခံတယ်လို့ သိထားရတာကိုး။

"လက်ဖက်စားဦး နန်းရှိလာ၊ ရွှေကြည်ဆနွင်းမကင်းလဲ စားဦး"

နင်ကတော့ ငါ့ကို ဂရုတစိုက် ရှိတယ်။

"ကိုင်း. . . လူလေးရေ၊ ဒီနှစ် ဘိုးဘိုးဝယ်ပေးတဲ့ ပစ္စည်း ဖွင့်ပွဲလေးကို ကျင်းပပါဦး"

"ဘာဝယ်ပေးထားတာလဲဟင်"

ငါက တိုးတိုးကလေး မေးတယ်။ နှင်းနှင်းအေးကိုပါ။ ဒါပေမယ့် နင်က ကြားသွားပြီး ငါ့ကို လှမ်းကြည့်လိုက်တယ်၊ နင့်မျက်လုံးက ပြုံးနေတယ်။

"စန္ဒရားပါ"

"သြော်"

"ဘာတီးပြရမလဲ"

"နင်ကြိုက်တာ တီးပါ"

"ငါးပိစားတဲ့ ငါက မြန်မာသီချင်းကြီးပဲ တီးမှာနော်"

ကြည့်စမ်း. . . နင် ငါ့ကို ခနဲ့လိုက်တာ ယောက်ျားတန်မဲ့နဲ့





ဒါပေမယ့် ငါကျေနပ်သွားအောင် နင်စကားဆက်တယ်။

"ဒါပေမယ့် နန်းရှိလာအတွက်လဲ တစ်ပုဒ်တီးပြမှာပါ"

နင်ဟာ ဧည့်ခန်းရဲ့တစ်နေရာမှာ ခန့်ညားစွာ တည်ရှိနေတဲ့ မဟော်ဂနီရောင် ထနေတဲ့ စန္ဒရားကြီးရှေ့မှာ သေသပ်စွာ ထိုင်လိုက်ပြီး စန္ဒရားခလုတ်လေးတွေကို နင့်လက်ချောင်းလေးတွေနဲ့ ထိတွေ့ပြီး သံစဉ်ရှာလိုက်တယ်။ နင့်လက်လည်း အနုပညာလက်ပဲ။ ရှည်ရှည်သွယ်သွယ်လေးရယ်။

"ရတနာ သွားဆိုလေ"

ဘွားဘွားက တိုက်တွန်းလိုက်တာ။ ရတနာမင်းထိုက်ဟာ နင့်ရဲ့စန္ဒရားခုံဘေးမှာ မခို့တရို့လေး ရပ်ပြီး သီချင်းလိုက်ဆိုတယ်။ အောင်မြေသာဇံ ဆိုလားပဲ။

သီချင်းမဆုံးခင်မှာပဲ ငါပြန်ခဲ့တယ်။

'ကိစ္စရှိနေလို့ ခွင့်ပြုပါဦး ဘိုးဘိုး' လို့တော့ ငါခွင့်ပန်ခဲ့ပါတယ်။

ငါ့ရင်ထဲမှာ ရတနာမင်းထိုက် ဝင်လာတာနဲ့ နှလုံးသားစစ်ပွဲမှာ ငါရှုံးနိမ့်ရမှာလား။

ငါတုန်လှုပ်သွားမိတာ အမှန်ပဲ ရန်ကြီးအောင်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

"ဟဲလို. . ."

"ရန်ကြီးအောင်လား"

"ဪ. . . နန်းရှီလာ"

နင်နဲ့ငါ ပထမဦးဆုံး တယ်လီဖုန်း ပြောဖူးတာပါ။ ဒါပေမယ့် နင်ဟာ ငါ့အသံကို ခန့်မှန်းမိတယ်ဆိုတော့ ငါလေ ရင်ထဲမှာ ဟာ. . . မပြောတတ်တော့ဘူး။

"ကိစ္စရှိလို့လား နန်းရှီလာ"





"ဟုတ်တယ်"

"ဘာကိစ္စလဲ. . ပြောလေ"

"ငါလေ ဗိုလ်ချုပ်ဈေးမှာ ပစ္စည်းဝယ်စရာ ရှိနေတယ်၊ အဲ့ဒါ မာမာကလဲ တောင်ကြီးသွားတယ်၊ ပါပါကလဲ ရုံးသွားတယ်၊ နှင်းနှင်းအေးကလဲ မအားဘူးတဲ့လေ၊ အဲ့ဒါ. . ."

"နင်က ငါ့ကို အဖော်ခေါ်ချင်လို့လား"

"ဟင့်အင်း. . . နင့်ကို ငါ အကူအညီတောင်းတာ"

"ဘာကူညီရမလဲ"

"ငါက ကားနဲ့ နင့်ကို လာခေါ်မယ်၊ နင်က ငါနဲ့ အဖော် အဖြစ် လိုက်ခဲ့ပေးဖို့ဆိုတဲ့ အကူအညီပါ"

"ကောင်းပြီ. . . ငါကူညီမယ်၊ ဒါပေမယ့် နင် ငါ့ကို လာ မခေါ်နဲ့ နန်းရှီလာ"

"ဟင်"

နင့်မာနကို ငါအံ့ဩရတယ်။

"ငါ့ဘာသာငါ သွားနှင့်ပြီ၊ နင့်ကို ဗိုလ်ချုပ်ဈေးဟောင်းရဲ့ အလယ်မိန်းပေါက်က ပို့စကတ်ဆိုင်ရှေ့မှာ ငါစောင့်နေနှင့်မယ်၊ နင် နာရီဝက်လောက်အကြာမှာ ထွက်ခဲ့လိုက်"

"ငါလာခေါ်မယ်လေ"

"ရပါတယ်. . . ဒါပဲနော်၊ ငါ အခုချက်ချင်း ထွက်မှာ"

"ဂျလောက်"

နင်က ပြောပြောဆိုဆိုနှင့် တယ်လီဖုန်းခွက်ကို ဦးအောင် ချသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်ဟာ တော်တော်မလွယ်တဲ့လူပဲ။ တော်ရုံမိန်းမသာ ဆိုရင် နင့်ကို လက်မြှောက်အရှုံးပေးသွားပြီ။

ငါမို့လို့. . . ငါဆိုတဲ့ငါကလည်း ခေါင်းကြောက ခပ်မာမာ ပဲ။

လောကကြီးမှာ မဖြစ်နိုင်တဲ့အရာဆိုတာ မရှိဘူးလို့ ခံယူ ထားတဲ့မိန်းမကိုး။

ငါလေ တတ်နိုင်သမျှတော့ မြန်မာဆန်ဆန် ဝတ်လိုက် တယ်။ မြန်မာဆန်ဆန်ဆိုတာတောင် ထဘီဝတ်တာမျိုးပါပေါ့။

ငါ့မှာ ရင်ဖုံးဆိုလို ကျောင်းအင်္ကျီပဲ ရှိတာ။ ဘလောက် လုံလုံခြုံခြုံပေါ့ဟာ။

ငါ့အသက် ဆယ့်ရှစ်နှစ် မပြည့်သေးလို့ ကားမောင်းခွင့် မရသေးဘူး။ ဒါကြောင့် ဒရိုင်ဘာမူးစေ့နဲ့ပဲ လာခဲ့ရတယ်။

နင်ရောက်နေပြီ။

ကော်လံကတုံး အင်္ကျီအပြာရောင်နှင့် ရခိုင်ပုဆိုးနက်ပြာ နှင့် နင့်ကို ကြည့်ရတာ တကယ့်လူပျိုကြီးစတိုင်ပဲ။

"နင်ရောက်တာ ကြာပြီလား"

"ခြောက်မိနစ် ရှိသွားပြီ"

"ဆောရီးပဲဟာ"

"ရပါတယ်. . . ကိုင်း. . . နင်ဘာဝယ်ချင်တာလဲ"

"နိုင်ငံခြားသားကို လက်ဆောင်ပေးမှာဆိုတော့ ဘာ ပစ္စည်းဝယ်ပေးရရင် ကောင်းမလဲ"

"မြန်မာဖြစ် လွယ်အိတ်တို့၊ ပန်းချီပန်းပုတို့ဆိုရင် အ





ကောင်းဆုံးပဲ"

"ဟုတ်ပြီ. . . အဲဒီလိုဆိုရင် အဲဒီဆိုင်တွေ ရှိရာ နင်လိုက်ပို့ ပေး"

"ကောင်းပြီ"

နင်ဟာ ခြေလှမ်းမှန်မှန်နှင့် လှမ်းသွားတယ်။ ငါ့ကို စောင့် ခေါ်တယ်။ ဒါပေမယ့် ယှဉ်တွဲမသွားဘူး။

"နင် စောင်းတီး ဘယ်သူ့ဆီမှာ သင်သလဲ"

"ဘွားဘွား"

"နင့်ဘွားဘွားလား"

"ဟုတ်တယ်လေ"

"ဒါဖြင့် စန္ဒရားနဲ့ပတ္တလားကကော"

"ဘွားဘွားဆီမှာပဲ. . . ဘိုးဘိုးလဲ သင်ပေးတာပါပဲ"

"ဟုတ်လား. . . နင့်အဘွားနဲ့အဘိုးက သိပ်တော်တာပဲ နော်"

နင်က ပြုံးနေတယ်။

အပိုစကားတွေ မပြောဘူး။

ငါလည်း နင်သင်တာတွေအားလုံးကို လိုက်သင်မယ်လို့ စိတ်ကူးလိုက်တယ်။

"ခု နင် ဘာသင်နေသလဲ"

"ဘာမှမသင်ပါဘူး. . . တတ်ထားတဲ့ပညာတွေ မမေ့ မလျော့စေဖို့ပဲ အလေ့အကျင့် လုပ်နေတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ငါတော့ စားလိုက်၊ အိပ်လိုက်၊ ရေကူးလိုက်၊ Speaking တက်လိုက်နှင့် အချိန်ကုန်တာပဲဆိုတော့ နှင့်ကို မပြောတော့ဘူး။

နှင်က ငါ့ကို ကျွန်းသားနဲ့ ထုလုပ်ထားတဲ့ ကိန္နရီကိန္နရာ စုံတွဲပန်းပုရုပ်ကလေးရယ်။ ဆင်စွယ်နဲ့ ထုလုပ်ထားတဲ့ အရုပ်ကလေးရယ်ကို ဝယ်စေတယ်။

နောက်ပြီး အင်းလေးလွယ်အိတ်ရော ပိုက်ဆံအိတ်ပါ ဝယ်ဖို့ တိုက်တွန်းတယ်။

နိုင်ငံခြားကို လက်ဆောင်ပေးရင် ကိုယ့်တိုင်းပြည်ရဲ့ ရိုးရာပစ္စည်းလေးတွေကို ပေးတာ အကောင်းဆုံးပဲ။

“ဟုတ်တယ်နော်”

“ဘာဝယ်စရာ ရှိသေးသလဲ”

“ငါဗိုက်ဆာလာပြီ. . . တစ်ခုခု စားချင်တယ်၊ စားသောက်တန်းထဲတော့ မစားချင်ဘူး၊ နားညည်းတယ်၊ တစ်နေရာမှာ”

“ဒီလိုဆိုရင် တစ်ခုခု ဝယ်ပြီး ကားပေါ်မှာ စားသွားတော့နော်၊ ငါ သွားစရာကိစ္စ ရှိနေတယ်၊ စားသောက်ရင်း အချိန်ဖြုန်းဖို့ ငါ့မှာ မရှိလို့”

နှင့်စကားဟာ သိပ်ကို ရင့်သီးတာ။ ငါ့ရဲ့ဖိတ်ခေါ် ချက်ကို နှင်ငြင်းပယ်တာ။

“နှင်သွားစရာရှိတဲ့နေရာကို မြန်မြန်ရောက်အောင် ကားနဲ့ ပို့ပေးမယ်ဆိုရင်ကော”

“ငါငြင်းပယ်ရမှာပဲ၊ လာ. . . နှင့်ကို ကားအထိ လိုက်ပို့ပေးမယ်”





နှင်ဟာ ပြောပြောဆိုဆို ရှေ့ကနေ သွားနှင့်ပြီး ကားထဲကို ငါ့အထုပ်တွေ ထည့်ပေးတယ်။

ပြီးတော့ ကားနား ရောက်လာတဲ့ ငါ့ကို ကားတံခါး ဖွင့်ပေးတယ်။

နှင်ဟာ တော်တော်အသိရခက်ပါလား။

“ကျေးဇူးပဲ”

“မလိုပါဘူး. . . သူငယ်ချင်းအချင်းချင်းပဲ၊ နောက် အကူအညီ လိုတော့ တောင်းပေါ့”

ကားတံခါး ပိတ်ပေးပြီး နှင် နောက်ကြောင်းပြန်လှည့်သွားတယ်။

နှင်ဘယ်သွားတာလဲ။ ဘာလုပ်နေသလဲလို့ ငါသိချင်လိုက်တာ။

“မူးစေ့. . မောင်းတော့”

“ဟုတ်ကဲ့”

ဘာပဲပြောပြော နှင့်ဆီက ‘နောက် အကူအညီလိုတော့ တောင်းပေါ့’ ဆိုတဲ့စကားဟာ နှင်နဲ့ငါ ဆက်သွယ်ရေးကို လမ်းခင်းပေးလိုက်တဲ့စကားလို့ ငါယုံကြည်နေတယ်။


ဘာပဲဖြစ်ဖြစ် ငါကျေနပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

"ဘာပြောတယ်"

"သမိုင်းယူမယ်တဲ့"

"ဟယ်. . . ဟုတ်ရဲ့လား၊ နင် နားကြားလွဲတာလား"

"မလွဲပါဘူး. . . မယုံရင် နင်ဖုန်းဆက်မေးကြည့်ပါလား"

သိပ်အံ့ဩစရာကောင်းတဲ့ စကားပဲ။ နင်ဟာ သမိုင်း အဓိကနှင့် ကျောင်းဆက်တက်မယ်တဲ့လေ။

နှင်းနှင်းအေး ပြောတာ ငါမယုံကြည်ဘူး။





"ဖြစ်နိုင်ပါ့မလား. . . နင်ပဲ စဉ်းစားကြည့်လေ၊ ခြောက် ဘာသာဂုဏ်ထူး ထွက်ထားတဲ့ လူတစ်ယောက်က သမိုင်း အဓိက ယူမယ်ဆိုတာ"

"ငါလည်း ဖိုးချိုကများ နောက်ပြောတာလားလို့ ထင်နေ တာနဲ့ ရတနာကို မေးကြည့်တော့လည်း ဒီအတိုင်းပဲ ပြောတယ်"

"ဖုန်းဆက်ကြည့်ရအောင်"

ငါ နင့်ဆီကို ဖုန်းခေါ်လိုက်တယ်။

"ဟဲ့လို"

နင့်အဘွားအသံ။

"ဘွားဘွားလား. . . နေကောင်းပါလား ဘွားဘွား၊ ကျွန်မ နန်းရှီလာပါ"

"အေး. . . နေကောင်းပါတယ်၊ လူလေးနဲ့ တွေ့ချင်လို့ လား"

"ဟုတ်ကဲ့ပါ ဘွားဘွား"

"လူလေးက စောစောကပဲ ဆရာမကြီးအိမ်ကို သွား တယ်"

"ဟုတ်လား. . . ဘာကိစ္စလဲ မသိဘူး"

"သူသိချင်တဲ့အရာ ရှိလို့ဆိုလားပဲ၊ အဲ့ဒါ ဆရာမကြီး သိနိုင် မလားလို့ ထွက်သွားလေရဲ့"

"ကြာမလား မသိဘူး"

"စောစောကတင် ထွက်သွားတာ၊ သူပြန်လာရင် ဘွားဘွား ဘာပြောပေးရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ဘွားဘွား၊ ဘာမှမပြောနဲ့တော့၊ ကျွန်မ လည်း အခုပဲ ဆရာမကြီး သွားကန်တော့မလို့၊ အဲ့ဒီမှာ ဆုံကြလို မယ် ထင်တယ်"

ရက်ချည်းဖြစ်ပေါ်လာသည့်အကြံအတိုင်း ငါပြောလိုက် တယ်။ နင့်ခြေလှမ်းကို အမှီလိုက်နိုင်မှ ငါ နင့်ကို ကျော်တက်နိုင်မယ် မဟုတ်လား။

"အေး . . . အေး . . ဒါပဲလား သမီး"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဘွားဘွား"

ဘွားဘွားက ဖုန်းချသွားသည်။

ငါလည်း ဖုန်းချပြီးတာနဲ့ နှင်းနှင်းအေးကို လှမ်းကြည့်

"ငါတို့ ဆရာမကြီးအိမ်ကို သွားရအောင်"

"နင်ကတော့လေ . . . လုပ်လိုက်ရင် တဇွတ်ထိုးပဲ၊ ဆရာ ကြီး ရှိပါ့မလား"

"မရှိရင်လည်း ကိစ္စမရှိဘူး . . . အရှုံးမရှိဘူး"

"ဘာအရှုံးလဲ . . . နင်က အနိုင်အရှုံး အားကြီးတွက်တ ပဲ"

"လောကကြီးမှာ ဒီအတိုင်းကြီး နေရတာ ပျင်းစရာ အနိုင်အရှုံးအတွက် ယှဉ်ပြိုင်မှုတစ်ခုခု ကြိုးစားအားထုတ်မှု တစ် ရှိနေမှ လောကကြီးက အဓိပ္ပါယ်ရှိသလိုပဲ"

"ကိုင်း . . . အနိုင်လိုချင်သူ နင့်ကို အရှုံးပေးပါတယ် န ရှီလာ . . . ကြွ . . ကြွ၊ နေပါဦး . . . ဆရာမကြီးကို ဘာနဲ့ ကန်တေ မှာလဲ"





"စတိုးဆိုင်မှာ အိုဟာတင်းတို့ ဘာတို့ ဝင်ဝယ်လိုက်တာပေါ့"

"အင်း . . . နန်းရှီလာ၊ နင်ဟာလေ . . အနိုင်ကို ငွေနဲ့ ဝယ်ယူလို့ရမယ်ဆိုရင်တောင် ဝယ်ယူမယ့်လူစား"

"ကြိုက်သွားပြီ . . . သိပ်ဟုတ်တာပေါ့၊ လာ . . . သွားမယ်၊ မာမာရေ . . . နန်းရှီလာတို့ ဆရာမကြီးအိမ် သွားလိုက်ဦးမယ်"

"ဟဲ့ . . . မပြောမဆိုနဲ့"

"ကိစ္စရှိလို့"

မာမာကို လှမ်းအော်ပြီး အိမ်ပေါ်တီကိုအောက် ဆင်းခဲ့ တယ်။

"မူးစေ့ . . ကားထုတ်ခဲ့"

"ဟုတ်ကဲ့"

အိမ်မှာ ကားသုံးစီး ရှိတယ်၊ သားအဖသုံးယောက် တစ်စီး စီ သုံးတယ်။ ငါ့ဒရိုင်ဘာက မူးစေ့ပဲ၊ စိတ်အရှည်ဆုံးနဲ့ ငါ့ဒဏ်ကို အခံနိုင်ဆုံးလူကို ရွေးထားရတာ။

"ဖိုးချိုက ဘာဖြစ်လို့ ကျောင်းဆက်မတက်တာလဲ"

"ဖိုးချို သွားတော့မှာတဲ့လား"

"ဟုတ်လား"

"စီးပွားရေးနဲ့ကြီးပွားရေးပဲ လုပ်တော့မယ်တဲ့၊ ပြီးရင် မိန်းမ ယူမယ်တဲ့လေ . . . သိပ်ရယ်ရတာ"

"မဆိုးပါဘူး . . . အတွေးအခေါ် ကောင်းသားပဲ . . . ဟင်း . . . ဟင်း"

"လူများကိုသာ ပြောနေ၊ နင်ကော ဘာလုပ်မှာလဲ၊ စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရက်တောင် နီးနေပြီ”

“ငါလား. . . အီးမေဂျာ ယူမှာလေ”

ငါတို့ခေတ်တုန်းက နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ် မရှိသေးဘူး မဟုတ်လား။

“ဟင်. . . နင် အမ်စီမတက်ဘူးလား”

“ဝါသနာမပါဘူး. . . ရွံလည်း ရွံတယ်၊ သွေးညှီနံ့ကို ငါမုန်းတယ်၊ ဆေးထိုးအပ် ကိုင်ဖို့ ဝါသနာလည်း ငါ့မှာ ပါမလာဘူး”

“နင်တို့နှစ်ယောက်ဟာ သိပ်ထူးဆန်းတယ်”

“နင်ကကော”

“ဘီအီးဒီကိုတော့ ဦးစားပေး လျှောက်ထားတာပဲ”

ငါတို့ခေတ်တုန်းက ဘီအီးဒီ ငါးနှစ်ရှိတယ်နော်။ နှင်းနှင်းအေးကိုတောင် ငါက စလိုက်သေးတယ်။

“ဒီလိုဆို နင် အပျိုကြီး ဖြစ်တော့မှာ ကျိန်းသေပြီ”

“ဘာဖြစ်လို့လဲ”

“ဆရာမတွေ တော်တော်များများ ကြည့်ပါလား၊ အပျိုကြီးက ခပ်များများရယ်၊ အခြားမကြည့်နဲ့. . . ဆရာမကြီး ဒေါ်ချစ်ရီကိုပဲကြည့်”

“အေးနော်. . . သွားမယ့်သာ သွားရတယ်၊ အပျိုကြီးဆိုတော့ ခွေးတွေကြောင်တွေ တစ်ဒါဇင်လောက်များ ရှိရင် ပြဿနာပဲ၊ ငါက ခွေးတွေကြောင်တွေဆို အသည်းသိပ်ယားတာပဲ”

ဒါပေမယ့် ဆရာမကြီးအိမ် ရောက်တော့ နှင်းနှင်းအေး စိတ်အေးသွားရတယ်။






ဆရာမကြီးအိမ်မှာ ခွေးကောကြောင်ကော တစ်ကောင်တစ်မြီးမှ မရှိဘဲ စာအုပ်တွေရယ် စန္ဒယားကြီးတစ်လုံးရယ်ပဲ ရှိနေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

နင်ဟာ ငါတို့ကို ဆရာမကြီးအိမ်မှာ မြင်လိုက်ရတော့ အထူးအဆန်းဖြစ်သွားပုံလည်း မရပါလား။

"ဟော. . . ရန်ကြီးအောင်၊ လာ. . ထိုင်၊ ဒီမှာ နန်းရှီလာတို့တောင် ရောက်နေတယ်"

"ဟုတ်ကဲ့. . . ကျွန်တော် ကားမြင်လိုက်လို့ သိပါတယ် ဆရာမကြီး"

"လာ. . သား. . ဘာအကြောင်းသိချင်လို့လဲ"





"နံရံဆေးရေးပန်းချီကားနဲ့ ပတ်သက်ပြီး သိချင်လို့ပါ ဆရာမကြီး" တဲ

"အေး. . . စာကြည့်ခန်းမှာ မင်းကြိုက်သလိုသာ မွှေပေတော့၊ ရော့. . . သော့"

ဆရာမကြီးက သော့တွဲတစ်တွဲ နင့်ကို လှမ်းပေးလိုက်တယ်ဆိုရင်ပဲ နင်ဟာ ငါတို့ကို ဝတ်ကျေတန်းကျေ ပြုံးပြပြီး စာကြည့်ခန်းဘက် ဝင်သွားတယ်။

တကယ်ဆို. . .။

"ဘယ်တုန်းက ရောက်တာလဲ နန်းရှီလာ၊ နင် ဘာမေဂျာ ယူမှာလဲ" ဘာညာ မေးသင့်တာပေါ့။ အခုတော့ နင်ဟာ နန်းရှီလာဆိုတဲ့ ငါ့ကို စာအုပ်တစ်အုပ်လောက်တောင် စိတ်ဝင်စားမှု မရှိပါလား။

"ကျွန်မတို့ ပြန်တော့မယ် ဆရာမကြီး"

"ချက်ချင်းပဲ. . . ရန်ကြီးအောင်ကို စောင့်မခေါ်သွားတော့ဘူးလား"

"ခေါ်လဲ လိုက်မှာမဟုတ်ဘူး ဆရာမကြီး၊ သူက ပြည်သူပိုင်ကားကိုပဲ သဘောကျတဲ့လူ"

နှင်းနှင်းအေးက ဝင်ပြောလိုက်တယ်။ သူကလည်း ငါ့လိုပဲ နင့်အပေါ် ခံပြင်းသွားပုံရတယ်။ ဟုတ်တယ်။ သူငယ်ချင်းရယ်လို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မရှိဘူး။ တစ်လောကလုံး သူ့လုပ်ဖော်စားနေတဲ့ပုံမျိုး။

"အေး. . အေး. . ဒီသူငယ်က သူ့အားသူကိုးတဲ့ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ့်”

ဆရာမကြီးကတော့ ပြေလည်ရာ ပြေလည်ကြောင်း လေပြည်သွေးစာယ်။

ငါတို့လဲ ဆရာမကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။

ငါ့ရင်ထဲ လှိုက်ဖိုသွားတယ် ရန်ကြီးအောင်။ ဘာဖြစ်လို့လဲ သိလား။ စာကြည့်ခန်းက လိုက်ကာကလေး အသာဟပြီး ချောင်းကြည့်လိုက်တဲ့ နှင့်ကို ငါ ကားနောက်ကြည့်မှန်ကနေ တွေ့လိုက်ရလို့ပဲ။

ဘာပဲဖြစ်ဖြစ် နှင့်နှလုံးသားကို ငါအနိုင်ရရမှာပါနော်။







## အခန်း(၁၈)

“သမီးရေ. . . ရန်ကြီးအောင်တဲ့”

မာ်မာက ထမင်းစားနေတဲ့ ငါ့ကို လာခေါ်တယ်။

ငါ ချက်ချင်းထလိုက်ပြီးမှ ပြန်ထိုင်လိုက်တယ်။ ငါ သဘောပေါက်လိုက်တယ်လေ။ နေ့ခင်းက ငါဖုန်းဆက်တယ်ဆိုတာ နှင့်အဘွားက ပြောမယ်။ ဆရာမကြီးအိမ်ကို လိုက်သွားမယ် ပြောတယ် တွေ့လားလို့ မေးကောင်းမေးလိမ့်မယ်။ အဲဒီအခါမှာ တမင် ငါနဲ့တင်းအောင် ရှောင်ရှားနေတဲ့ နှင်ဟာ. နှင့်အပြုအမူအတွက်နောင်တရပြီး ငါ့ဆီ ကို ဖုန်းဆက်တာပဲ ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . သွားလေ၊ ဘာငိုင်နေတာလဲ"

ငါ အတွေးလွန်သွားတယ်။

"နန်းရှီလာ ထမင်းစားနေလို့ နောက်မှ ပြန်ဆက်မယ်လို့ ပြောပေးပါ မာမာ"

"ထပြောလိုက်ရင် ပြီးတဲ့ကိစ္စများ"

မာမာက ဧည့်ခန်းဘက် ပြန်လှည့်ထွက်သွားတယ်။

ပါပါက. . .

"ဒီသူငယ်က ဘာမေဂျာ ယူမှာတဲ့လဲ သမီး"

"သမိုင်းတဲ့ ပါပါ"

"အေးလေ. . . သူ့ရည်ရွယ်ချက်နဲ့သူ ရှိမှာပေါ့"

"ပါပါ့တွက်ကိန်း မှားနေပြီ ထင်တယ်"

"ဘာတွက်ကိန်းလဲ"

"ရှေ့ကို အလားအလာရှိတဲ့သူငယ်ဆိုတာလေ၊ သမိုင်းယူမှ အလွန်ဆုံး ကထိက၊ ပါမောက္ခ၊ ဒါမှမဟုတ် သမိုင်းသုတေသီပေါ့၊ မဟုတ်ဘူးလား ပါပါ"

"ဒါလည်း အတတ်ပညာရှင်ပဲ၊ ဒါပေမယ့် စောင့်ကြည့်ပါဦး သမီးရယ်၊ ပါပါ့အထင်တော့ ဒီထက်မကဘူး ထင်တာပဲ"

မာမာက ဝင်လာပြီး. . .

"ကောင်လေးက စကားပြော သိပ်ရည်မွန်တာပဲ"

"လူကြီးတွေနဲ့ဆိုရင် သူက သိပ်ကို လိမ္မာပြနေတာ၊ လူငယ်အချင်းချင်းဆိုရင် တစ်လောကလုံး သူ့လုပ်စာ စားတဲ့ပုံမျိုး"

"မျက်နှာကြော မမာပါဘူး နန်းရှီလာ၊ ပါပါ အကဲခတ်မိ





သလောက်တော့ မျက်နှာထား တည်ကြည်ခန့်ညားတာပါကွယ်"

ပါပါက ဘာဖြစ်လို့ နင့်ဘက်က ရှေ့နေအဖြစ် လိုက်တယ်ဆိုတာ မသိနိုင်အောင်ပဲ။ ထမင်းစားပြီး စပျစ်သီးပန်းကန်ကို မ,ပြီး မြို့ရင်းနဲ့ နင့်ဆီကို ဖုန်းဆက်လိုက်တယ်။

"ဟဲလို"

"နန်းရှီလာ. . . ငါပါ၊ နင် နေ့ခင်းက ဖုန်းဆက်သေးတယ်လို့ ဘွားဘွားပြောတယ်"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲ"

"နင် ဟစ်ထရီမေဂျာ ယူမလို့ဆို"

"အင်း. . . ဟုတ်တယ် နင်ကော"

"ငါက အီးမေဂျာ"

"ကောင်းပါတယ်"

"နင် ဘာဖြစ်လို့ ဟစ်ထရီ ယူရတာလဲ"

"ဝါသနာပါလို့"

"နင် ထမင်းစားပြီးပြီလား"

"အင်း"

"တညင်းသီးနဲ့ ငါးပိရည် ပါရဲ့လား"

"ပါတယ်. . . ရွှေကျင်ကနေ တစ်နှစ်စာအတွက် တညင်းသီးတွေ ပို့ပေးလိုက်တယ်လေ၊ ဘွားဘွားက စဉ့်အိုးနဲ့ကို စိမ်ထားတာ"

"ဩော်. . . ရွှေကျင်ဆိုတာ မီးမျှောပွဲ ကျင်းပတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်"

"ဟုတ်တယ်"

"ငါရောက်ဖူးချင်လိုက်တာ . . . အဲဒီမှာ ဒေသခံ အသိ အကျွမ်း မရှိလို့"

"နင်သွားချင်ရင် နောက်နှစ် သီတင်းကျွတ် ရောက်ရင် ငါပို့ပေးပါ့မယ်"

"တကယ်လား"

"တကယ်ပေါ့"

"ကျေးဇူးတင်ပါတယ်"

"ဒါပဲလား နန်းရှိလာ"

"အင်း"

"ဖုန်းချလိုက်တော့မယ်နော်"

"အင်း . . ."

"ဂျလောက်"


နင့်ဘက်က ဖုန်းချသံဟာ အချိန်နည်းနည်းလေး ကြာပြီးမှ ထွက်ပေါ်လာတာ ငါ့ဘက်က အရင်ချခိုး နင်စောင့်စားသေးတယ် ဆိုတဲ့ အရိပ်အယောင်ပဲ။ ဘာပဲဖြစ်ဖြစ် ငါကျေနပ်တယ် ရန်ကြီး အောင်။ နောင်နှစ် ခါ သီတင်းကျွတ်ကို အမြန်ဆုံး ရောက်အောင် ပြက္ခဒိန်စာရွက်ကို စုတ်ဖြဲရုံနဲ့ ရမယ်ဆိုရင် စုတ်ဖြဲပစ်လိုက်မိမှာ အမှန်ပဲ။

အောင်မြင်စာပေ



www.burmeseclassic.com





## အခန်း(၁၉)

"ဖိုးချိုပါရင် ပိုပျော်စရာကောင်းမယ်ထင်တယ်နော်"

"ရတနာမင်းထိုက် ပါရင်လဲ ပိုကြည်နူးစရာ ကောင်းမယ် ထင်တယ်"

နှင်းနှင်းအေးစကားကို ငါကလည်း သံယောင်လိုက်မိတာပါ။

ဒါပေမယ့် နင်က ငါ့ကို ဖျတ်ခနဲ ကြည့်တော့မှ ငါ့စကား မှားသွားကြောင်း သတိရလိုက်တယ်။ ဘာမှမတတ်နိုင်ဘူး. . . လွန်





သွားပြီ။ ကြမ်းကျွံတော့ နှုတ်လို့ရတယ်၊ စကားကျွံတော့ နှုတ်လို့မရဘူး မဟုတ်လား။

ငါဟာ မိန်းမသားအချင်းချင်းအပေါ် ဝန်တိုတဲ့စကား မပြောမိအောင် ဂရုစိုက်တယ်။ ဝန်တိုခြင်း ကင်းအောင်လည်း နေတယ်။ ဒါပေမယ့် နင်နဲ့ အမြဲတပူးတွဲတွဲ ရှိနေတတ်တဲ့ နင့်ရဲ့အရေးပေးခြင်းကို အမြဲခံနေရတဲ့ ရတနာမင်းထိုက်အပေါ်မှာ ငါလက်မခံနိုင်ဘူး။

သူဟာ ငါ့ရဲ့နှလုံးသားစစ်ပွဲမှာ အကြီးမားဆုံးသော ဆူးပြောင့်ခလုတ် ဖြစ်နေမှာကို စိုးရိမ်မိလို့ပဲ ထင်တယ်။

"ဖိုးချို နင်တို့ကို လာနှုတ်ဆက်သွားသေးတယ် မဟုတ်လား"

"ဟုတ်တယ်. . . ဘီအီးဒီ ကင်တင်းကို ရောက်လာသေးတယ်"

နှင်းနှင်းအေးက ဘီအီးဒီ ပထမနှစ်ကျောင်းသူကြီး ဖြစ်နေသလို နင်ကလဲ သမိုင်းအဓိက၊ ငါက အင်္ဂလိပ်စာ အဓိကနဲ့ ပထမနှစ်ကို အသီးသီး လေ့လာသင်ယူ ဆည်းပူးနေကြတဲ့ တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သားတွေ ဖြစ်နေကြပြီပေါ့။

"နန်းရှီလာဆီကိုကော"

"လာသွားပါတယ်"

"ငါကတော့ လေဆိပ်အထိ လိုက်ပို့လိုက်ရသေးတယ်"

"သူသွားတာ နှစ်ပတ်လောက် ရှိပြီထင်တယ်"

"ဆယ့်ရှစ်ရက် ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



နင်ဟာ ဘယ်အရာမဆို တိတိကျကျနဲ့ မှတ်မိတတ်တယ်နော်။ ဒါကြောင့် နင့်ဦးနှောက်ကို ငါ မနိုင်တာဘဲ ဖြစ်မယ်။

ရွှေကျင်ကို ညောင်လေးပင် သမကားစီးပြီး ညောင်လေးပင်ကို အလျင်သွားရတယ်။ ရထားစီးရင်လည်း ရတာပေါ့။ ဒါပေမယ့် ရွှေကျင်တိုက်ရိုက်ကား(ရွှေလမင်း) ရှိတယ်။ ကုန်တင်ကုန်ချနဲ့ သိပ်ကြာတယ်။

"မရောက်သေးဘူးလား ရန်ကြီးအောင်"

"ခု ဒိုက်ဦး၊ ပြီးရင် ပွှန်တန်ဆာ၊ ပွှန်တန်ဆာ ပြီးတာနဲ့ ရောက်ပြီ"

"ဟုတ်လား"

"အင်း. . . ညောင်လေးပင်ကို ပြောတာနော်"

"ရွှေကျင်မဟုတ်ဘူးလား"

"မြန်မာလူမျိုးတွေရဲ့ အယူအဆအရဆိုရင် ခုလိုအချိန်မျိုးမှာ ဒရိုင်ဘာကို ဘယ်အချိန်ရောက်မှာလဲလို့ သွားမေးကြည့်ရင် အရမ်းစိတ်ဆိုးလိမ့်မယ် နန်းရှီလာ"

"ဘာဖြစ်လို့လဲ"

"ခရီးစဉ်တစ်ခုမှာ အချိန်ကို မေးရင် ကြန့်ကြာတတ်တယ်လို့ အယူအဆ ရှိလို့ပဲ"

"သဘောပေါက်ပါပြီ. . . ဆက်မမေးတော့ပါဘူးနော်"

"စိတ်ချ နန်းရှီလာ၊ ဒီခရီးစဉ်မှာလေ. . . လေယာဉ်ပျံကလွဲရင် အားလုံးစီးဖူးပြီးမှ ရောက်လိမ့်မယ်"

ငါ ပခုံးတွန့်လိုက်မိတယ်။ လိုက်မိတာ မှားပြီထင်တယ်။





ခရီးစဉ် ဒီလောက်ကြမ်းတမ်းလိမ့်မယ်လို့ ငါကြိုတင်တွက်ဆမထားဘူး။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ခြေတစ်လှမ်းကို ကုဋေတစ်သန်းတန်လောက်အောင် လှမ်းနေတဲ့မိန်းမစားထဲ ငါမပါသလို အလုပ်တစ်ခုကို စပြီးလုပ်ရင် ပြီးဆုံးတဲ့အထိ လုပ်ဆောင်တတ်တာ ငါ့ရဲ့ဘာဝပဲ။

နင့်ရဲ့ဇာတိမြေ ခရီးစဉ်အတွက် ခရီးဘယ်လောက်ကြမ်းကြမ်း ငါက နောက်ဆုတ်မယ့်မိန်းမစား မဟုတ်ဘူး။

ငါ့ရဲ့အိမ်က ငါ့ရဲ့လက်စွဲတော် ဒေါ်တုတ်ကတော့ အားတိုးရသလား မမေးနဲ့။ စထွက်ကတည်းက အိပ်လိုက်တာ နင့်ကိုတောင် ငါက အားနာမိသေးတယ်။ ဒေါ်တုတ်နဲ့နင်က တစ်တွဲ၊ နှင်းနှင်းအေးနဲ့ငါက တစ်တွဲထိုင်တယ်။ နင်တို့က ငါတို့ရဲ့နောက်ခုံမှာ။

"ဒေါ်တုတ်. . ထ. . ရောက်တော့မယ်"

"အင်း"

နင်က ဒေါ်တုတ်ကို နှိုးလိုက်တယ်။ ဒေါ်တုတ်က အအိပ်ဆက်ပါတယ်။

"ဟုတ်လား. . . ဒေါ်တုတ် မေ့းကနဲ ဖြစ်သွားတယ်"

"ဒေါ်တုတ် မေ့းခနဲက ပျဉ်ပုံကြီးက ထွက်ကတည်းကပဲ၊ တကယ်အိပ်မျှားအိပ်ရင် မလွယ်ဘူးထင်တယ်"

နှင်းနှင်းအေးက ဒေါ်တုတ်ကို လှမ်းစတယ်။

"အိပ်မပျော်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . အိပ်မက်ဘယ်နှစ်ခု မက်သလဲ"

"နှစ်ခု"

"ဟား. . . ဟား. . . ဟား"

ဒေါ်တုတ်က လက်နှစ်ချောင်း ထောင်ပြပြီး ပြူးပြူးပျာပျာနဲ့ ပြောတာကိုး။ နင်က အားပါးတရ ရယ်မောလိုက်တယ်။

နင့်ကို ငါလှည့်ကြည့်မိတယ်။ နင့်သွားလေးတွေဟာ ပုလဲစွယ်လေးလို စီစီညီညီနဲ့ပါလား။

တည်ကြည်တဲ့ နင့်ရုပ်သွင်ဟာ ကလေးတစ်ယောက်လို အပြစ်ကင်းစင်သွားတယ်ဆိုတာ ငါသတိပြုမိလိုက်တယ်။

ညောင်လေးပင် ဘူတာရုံအနီး ကွေ့မှာ ကားဂိတ်နဲ့ တူတယ်။ အဲဒီမှာ ကားရပ်တယ်။

"ဖြည်းဖြည်းပဲဆင်း. . . ဒါ ဂိတ်ပဲ"

"ရထားထွက်သွားပြီတဲ့"

"ပြဿနာပဲ"

"ကယ်ရီနဲ့ သွားမလား"

"နေပါဦး. . . ကယ်ရီဆိုတာ ဘာလဲ"

စက်ဘီးနောက်က ထိုင်စီးတာကို ပြောတာ"

"စက်ဘီးနဲ့ သွားလို့ရတယ်ဆိုရင် ရွှေကျင်က နီးနီးလေးပေါ့"

ငါက စက်ဘီးကို အပျော်စီးအနေနဲ့သာ စီးတတ်တဲ့လူဆိုတော့ စက်ဘီးကို ခရီးတိုအတွက်ပဲ အသုံးချတတ်တယ် ထင်လို့ မေးလိုက်တာ။





"အင်း. . . ဆယ့်နှစ်မိုင်ပဲ၊ ဒါပေမယ့် လမ်းက ကြမ်းတော့ စက်ဘီးနောက်က ထိုင်စီးရတာလဲ မသက်သာဘူး"

"တစ်ယောက် ဘယ်လောက်လဲ"

"ခပ်ဝဝဆိုရင် တစ်ယောက်တည်း တင်တယ်၊ တစ်ရာတဲ့၊ ခပ်ပိန်ပိန်ဆိုရင်တော့ နှစ်ယောက်တင်နိုင်းတယ်၊ အဲဒါဆိုရင်တော့ တစ်ယောက် ခြောက်ဆယ်ခုနစ်ဆယ်တဲ့"

"နင့်ဟာကလဲ. . . စိတ်ပျက်စရာကြီး၊ ဒီလိုဆိုရင် ငါတို့ ဘာနဲ့ သွားကြမလဲ ရန်ကြီး"

"နေဦး. . . ငါစုံစမ်းဦးမယ်"

"ဘာစုံစမ်းဦးမှာလဲ"

"ရထားက နောက်ဆုံးရထား ဟုတ်မဟုတ်"

နင်က ပြောပြောဆိုဆိုနဲ့ ငါတို့ကို အအေးဆိုင်မှာ ထားခဲ့ပြီး ဘူတာရုံဘက်ကို ထွက်သွားတယ်။

ငါက နင်နဲ့နှင်းနှင်းအေးကြားမှာ ဘာမှဝင်မပြောဘူး၊ စိတ်ပျက်လက်ပျက်နဲ့ ဘူတာရုံဈေးမြင်ကွင်းကို ငေးနေမိတယ်။ အသီးအနှံတွေကတော့ တကယ့်ကို လတ်လတ်ဆတ်ဆတ်ပဲ။

"ဟဲ့. . . နန်းရှိုလာ၊ ကယ်ရီခုံကို ကြည့်စမ်း"

နှင်းနှင်းအေးက ငါ့ကို လက်တို့ပြီး ပြတယ်။ စက်ဘီးနင်းသူနောက်က တစ်ယောက်ထိုင် ကယ်ရီခုံကို လူတစ်ဦးမက နှစ်ဦးထိုင်နိုင်စေရန် ပျဉ်ပြားကြီးကြီးနှင့် ကပ်ကာ ခိုင်ခိုင်ခန့်ခန့် လုပ်ဆောင်ထားတာကို ကြည့်ပြီး ငါ့ခါးတွေ အလိုလို အောင့်လာတယ်။

နင်က ပြန်ရောက်လာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ထွက်သွားတဲ့ရထားက နောက်ဆုံးရထား
တဲ့၊ အပြန်ကျမှ ရထားနဲ့ ပြန်ပေတော့ပဲ"

ငါက. . .

"ကားစီးလုံးငှားလို့ မရဘူးလား၊ ဘယ်လောက်ကုန်ကုန်
ဟာ"

နင်က ငါ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်တယ်။ နင့်အကြည့်
ကို ငါက နားလည်တယ်။ ငါ့ကို ငွေစကား သိပ်ပြောတတ်တဲ့လူ
ဆိုတဲ့အကြည့်မျိုး။

"ငါ ငွေစကားပြောတာမဟုတ်ဘူး၊ ခရီးကို မြန်မြန်ရောက်
ချင်တယ်၊ ဖြစ်နိုင်မယ်ဆိုရင်. . ."

"လမ်းက သိပ်ကြမ်းတယ်၊ ညောင်လေးပင်မှာ ဘယ်ကား
ပိုင်ရှင်ကမှ မဒေါက်လမ်းကို မလိုက်ဘူး၊ သူတို့ကား အနာမခံနိုင်
ဘူး"

"ဟင်"

"ငွေပိုပေးရင်ကော" ဆိုတဲ့စကားကို ငါ့ရင်မှာပဲ သိမ်း
ဆည်းထားလိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ နင်မကြိုက်ဘူး ထင်လို့ပါ၊ ခုချိန်မှာ
ငါဟာ နင့်အကြိုက်ကို ဆောင်ချင်တဲ့လူဆိုတော့ စကားများလို့
မဖြစ်ဘူးလေ။

"အဲဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ ရန်ကြီး"

"သူတို့ တစ်ခုခု စီစဉ်ပါလိမ့်မယ်၊ သမကားနဲ့ လိုက်လာပြီး
မီးမျှောပွဲ သွားမယ့်ဧည့်သည်တွေက အများကြီးပဲ"





ထိုစဉ်. . .

"ရှေ့ကျင်သမကားနဲ့ ပို့ပေးမယ်တဲ့၊ လာ. . . မောင်ရင်တို့"

ရန်ကုန်ညောင်လေးပင် သမကားနှင့် ပါလာတဲ့ ဘဝတူ
ခရီးသည်တစ်ဦးက လှမ်းခေါ်သည်။

ငါဝမ်းသာသွားတယ်။ နင်က ပြုံးတယ်။ ခုမှ နင်လည်း
သက်ပြင်းချနိုင်ပုံရတယ်။

ဒါနှင့် ငါလည်း ရှေ့ကနေ ထွက်ခဲ့တယ်။ ငါတို့ စီးလာတဲ့
သမကားနှင့် လိုက်ပို့ပေးမယ် ထင်တာကိုး။

"ဘယ်လဲ နန်းရှီလာ"

"ကားဆီလေ"

"ကားက ဒီမှာ"

"ဘုရားရေ. . . ဒီကား"

ငါ ခုံးပွဲချပြီးတော့ ငိုလိုက်ချင်တော့တာပဲ။ သည်ဝက်တင်
ကားကြီးနှင့် ငါတို့ သွားရမယ်။ အမိုးမပါ၊ ထိုင်ခုံမပါ၊ မြင့်လိုက်တာ
လည်း ဝှီခေါ်ရော။

"ဟင်"

နှင်းနှင်းအေး မျက်နှာလည်း ငါ့လိုပဲ ဇီးကင်းကလေး
လောက် ရှိတယ်။

သံကွင်းဆက်ကြိုးကို အားပြုပြီး အားယူတက်နေကြတဲ့
အိုအိုပျိုပျို ရွယ်ရွယ်ငယ်ငယ် ကလေးပါမကျန် လူပေါင်းစုံကို ကြည့်
ပြီး ငါ ဘယ်လိုတက်ရပါ့မလဲ စဉ်းစားတယ်။

အဲသည်ကားပေါ်မှာ ရန်ကုန်ကတည်းက တောက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက် ပါလာတဲ့ အားကစားနည်းပြဆရာတစ်ဦးဟာ ခရီးသည်အားလုံးလိုလိုကို အကူအညီပေးတယ်။

ကလေးတွေကို ပွေ့တင်ပေးပြီး လူကြီးတွေကို ဆွဲတင်ပေးတယ်။

နင်လည်း ရောက်လာတာနှင့် ထိုနည်းတူစွာပဲ အားလုံးကို အကူအညီပေးတယ်။

ဒါပေမယ့် ခက်တာက ငါ လုံးဝမတက်တတ်ဘူး။

နင်က ဆိုင်တစ်ဆိုင်ဆီက ခုံတစ်လုံး သွားငှားပြီး တက်ခိုင်းတယ်။

ဒါလည်း မမီဘူး။ မတတ်နိုင်ဘူး။ နင်က ငါ့လက်မောင်းရင်းကို ကိုင်ပြီး ဆွဲတင်ခေါ်မှ ငါ အပေါ်ကို ရောက်သွားတယ်။

နှင်းနှင်းအေးကိုလည်း သည်အတိုင်းပါပဲ။ ပြီးတာနှင့် နင်က ပြန်ဆင်း၊ ခုံပြန်ပေး၊ ပြန်တက်တယ်။ ဒါပေမယ့် နင်တို့အတွက်ကတော့ နေရာမရှိတော့ဘူး၊ ခြေထောက်နှစ်ချောင်း ရပ်ပြီး အမိုးတင်ဖို့ လုပ်ထားတဲ့ ဘောင်တန်းကို ကိုင်ပြီး လိုက်ရုံပဲ ရှိတယ်။

"လမ်းကြမ်းတယ်ဆို ပြုတ်ကြမယ်နော်၊ ကောင်းကောင်းကိုင်ထား ရန်ကြီး"

နှင်းနှင်းအေးက သတိပေးတယ်။ ငါလည်း သူ့လိုပဲ နင့်ကို သတိပေးချင်လိုက်တာ။ ဒါပေမယ့် ပြောမထွက်ဘူး။

"အိတ်ပေါ်မှာ ထိုင်လိုက်"

ရန်ကြီးက သူ့ကျောပိုးအိတ်ပေါ် ထိုင်ဖို့ပြောတယ်။

"ဟင်. . . မဟုတ်တာ"





"ဟုတ်တာ မဟုတ်တာ နောက်ထား၊ ခရီးသွားလာတဲ့အခါမှာ ဘုန်းတွေကံတွေဆိုတာ ဘေးဖယ်ထားလိုက်မတော့. . . ထိုင်"

မတတ်နိုင်ဘူး၊ ငါလည်း ဆောင့်ကြောင့်လည်း မထိုင်နိုင်သလို ရပ်လည်း စီးနိုင်မှာ မဟုတ်တော့ နင့်အိတ်.ငါ့အိတ် နှင်းနှင်းအေး အိတ်တွေပေါ် တို့သုံးယောက် မျှထိုင်တယ်။

ဒေါ်တုတ်ကတော့ ခရီးကြမ်းလည်း မှုပုံမရဘူး။ သူကတော့ ကောက်စိုက်၊ တောင်ယာခုတ်၊ ထင်းခွေဘဝကနေ ငါတို့အိမ်ရောက်လာတာ လေးငါးဆယ်နှစ်ရှိပြီ။

အကြမ်းအတမ်းကို အရေးမလုပ်ဘူး၊ ပင်ပန်းတယ်လို့လည်း တစ်ခါမှ မညည်းညူဘူး။

"ရော့. . ."

နင့်ခေါင်းပေါ်က ဦးထုပ် ငါ့ခေါင်းပေါ်ကို ရောက်လာတယ်။

"မျက်နှာလိုက်တယ်. . . သုံးယောက်မှာ တစ်ယောက်တည်း ကွက်ကျားမိုးရွာတာ ကောင်းသလား"

"နင့်ဘက်က အရိပ်ကျနေလို့ပါဟာ"

ရန်ကြီးအောင် မျက်နှာရဲသွားပြီး ပြောမိပြောရာ စွတ်ပြောတယ်။

"ဘုရားရေ. . . နင့်မျက်လုံးကို ရန်ကုန်ရောက်ရောက်ချင်းပြကြည့်ဖို့ လိုပြီထင်တယ်"

"ပြောတော့ဟာ"

ငါကတော့ ရယ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မနာလိုမရှိနဲ့ နှင်းနှင်း၊ သူ့ဘုန်းသူ့ကံနဲ့ ဖြစ်လာတာ" လို့ ပြောပေးလိုက်တယ်။

နှင် အရှက်သည်းနေတာလေး ပြေပျောက်စေဖို့ပါလေ။

"မထွက်သေးဘူးလား"

"အေးလေ. . . ပူလိုက်တာ"

"ပိုးသေအောင် နေလှန်းပေးထားတာ ထင်တယ်"

သည်လောက်တောင် ဘောင်တွေမှာ ယောကျ်ားလေးတွေက တင်ပျဉ်လွဲထိုင်၊ အောက်မှာ အမျိုးသမီးများနှင့်ကလေးများ ကြပ်ညပ်ထိုင်နေရတဲ့ ကားကို လူထပ်တင်ဦးမလို့ စောင်ဆိုင်းနေတာလား တွေးမိပြီး ရန်ကြီးအောင်ကို လှမ်းကြည့်မိသည်။

အဲသည်ထဲမှာ ငါ့ရင်ထဲက စကားတွေ ပွင့်ဟမလာအဲ ပြုံးပြလိုက်မိတယ်။ နှင့်ကို အားပေးတဲ့အပြုံးပါ။

ဘာဖြစ်လို့လဲဆိုတော့ ရန်ကြီးအောင်ရယ်. . . နှင့်ရင်ထဲကို ငါဖောက်ထွင်းမြင်လိုက်ရလို့ပဲ သိလား။

ငါ့ကို နှင်ငေးကြည့်နေတဲ့အကြည့်မှာ မေတ္တာကရုဏာတွေ ဖြာယှက်ပြီး ငါ့အတွက် စိတ်မကောင်းဖြစ်နေတယ်ဆိုတာကို ငါ တွေ့မြင်လိုက်ရလို့ပဲ။

ကိစ္စမရှိပါဘူး ရန်ကြီးအောင်။

နှင်ခေါ်လာတဲ့ခရီး မဟုတ်ဘူး။

"ငါက မခေါ်ချင်လို့ ပြောတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် နှင်သိထားဖို့ ပြောရဦးမယ်၊ ခရီးက ကြမ်းတယ်၊ လေယာဉ်ပျံက လွဲလို့ အားလုံးစီးရမယ့်ခရီးဖြစ်လို့ နှင် ခံနိုင်ရည်ရှိတယ်ဆိုရင်တော့





လိုက်ခဲ့ပေါ့. . . ဟုတ်လား"

လို့ နှင်က ခပ်ပြတ်ပြတ် ပြောခဲ့တာကို ငါအမှတ်ရလိုက်ပြီး ပြုံးလိုက်မိတယ်။

နှင်သိထား ရန်ကြီးအောင်၊ ငါကလေ. . . ငါလိုက်ချင်လို့ လိုက်ခဲ့တဲ့ခရီးအတွက် ဒုက္ခဟူသမျှကို တုန်လှုပ်လိမ့်မှာ မဟုတ်ဘူး။ ဖြစ်တဲ့နည်းနဲ့ ရင်ဆိုင်သွားမှာ။

အခုပဲ နှင့်ရဲ့အကြည့်ဟာ. . .

ဟာ. . . ငါ သိပ်ပျော်သွားပြီ ရန်ကြီးအောင်။

နှင့်ကို ငါအနိုင်ရဖို့ မဝေးတော့ဘူးဆိုတာ သိပ်ကိုသေချာသွားပြီ။

ပင်ပန်းခံရကျိုးရဲ့ရလာဒ်ကို ငါရမှာပါနော်။

ကျောက်ခဲစားရင်တောင် တစ်ခဏအတွင်းမှာ အစာကြေစေနိုင်တဲ့ ခရီးစဉ်ကို ငါလျှစ်လျူရှုနိုင်ပါပြီ ရန်ကြီးအောင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

မဒေါက်ကားဂိတ်ကို ရောက်တော့. . .

"ဖြည်းဖြည်း နန်းရှီလာ"

ခွေးခြေက ခပ်မြင့်မြင့်၊ ကားကလည်း ဗိုခေါ် အောင် မြ
တော့ ငါဆင်းဖို့ခွေးခြေ ရှာဖွေပေးပြီး ဆင်းစေတဲ့နင်ဟာ ငါ့
သတိပေးတယ်။

ငါကလည်း ငါပဲ။

ရှေ့ကနေ ဆင်းသွားတဲ့ နှင်းနှင်းအေးတောင်မှ ဘာ





မဖြစ်ဘူး၊ ငါက အဆင်းမှာ ခွေးခြေဟန်ချက်မညီဘဲ ကျသွားပြီး ခွေးခြေပါ ယိုင်သွားတော့ ငါလည်း ယိုင်ဆင်းသွားတာပေါ့။

"အား. . ."

"ဟာ"

အာမေဋိတ်သံတွေက တစ်ပြိုင်နက် ထွက်ပေါ်လာတယ်။

ဒါပေမယ့် ငါ ဘာမှမဖြစ်ဘူးနော်။ နင့်ရင်ခွင်ထဲ ယိုင်ဆင်းသွားတယ်။ ခွေးခြေ လဲကျသွားတယ်။

ဒါဟာ ငါ့ရဲ့တမင်ကြံရွယ်ချက် လုံးဝမပါဘူးဆိုတာ နင်ယုံကြည်ပါ။

အပျိုစင်မိန်းမသား ငါဟာ သူစိမ်းယောကျ်ားတစ်ယောက် အနိုင်ရဖို့တစ်ခုအတွက်နှင့် အသွေးအသားကို ထိစပ်ပေးအပ်ရလောက်အောင် မညံ့ဖျင်းဘူး။

ခုကြည့်. . . နင့်ရင်ခွင်ထဲကို လဲပြိုကျဆင်းထားတဲ့ ငါ့ကို သတိကြီးစွာနှင့် ဖမ်းချုပ်ထိန်းဖက်လိုက်တာ. . .

နင်ဘယ်လိုခံစားရမယ်ဆိုတာ ငါမသိဘူး။ ငါ့အသားတွေဟာ နင့်ရဲ့အထိအတွေ့မှာ ပွဲကြွေပါသွားသလား ထင်လိုက်ရတယ်။

တဒင်္ဂလောက်တော့ နင်ရော ငါပါ မင်တက်မိသွားတယ်။ နောက် နင်က သတိဝင်ပြီး. . .

"ဆောရီး. . . လဲကျသွားမှာစိုးလို့"

နင်က ပြောပြောဆိုဆို ငါ့ကို နင့်ရင်ခွင်က အသာဆွဲခွာ ထုတ်လိုက်တယ်နော်။

ငါလည်း ထူထူပူပူနဲ့ ပြောမိပြောရာ ပြောလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်" လို့။

ဒါပေမယ့် အဲဒီ ရပါတယ် ဆိုတာကြီးဟာ မမှုတဲ့သဘောကို ဆောင်တယ်ဆိုပေမယ့် နှင်များ ငါ့အပေါ်ကို အထင်သေးသွားစေတဲ့စကားအဖြစ် နှင်အထင်သေးသွားစေမှာကို စိုးရိမ်မိပြန်တယ်။

ဘာကြောင့်ပဲဖြစ်ဖြစ် ယောကျ်ားနဲ့မိန်းမ အထိအတွေ့မှာ မိန်းမဘက်က နစ်နာတယ်ဆိုတာတော့ ငါသိတယ်။

ဘာဖြစ်လို့လဲဆိုတော့ ရင်ခုန်သံစဉ်ရိုင်းတွေဟာ ငါ့ရင်ကို တစ်ခုလုံး ပြောင်းဆန်အောင် ဖြစ်ပေါ်နေစေတုန်းပဲ ရန်ကြီးအောင်။

မဒေါက်ချောင်းကို ပွဲချိတ်နဲ့ ကူးကြတယ်။

ချောင်းက ကြည်လင်စိမ်းလဲ့ပြီး ကျယ်ဝန်းသားပဲ။ ချောင်းကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပြည်လေညင်းလေးက ရင်ခွင်သံစဉ်ရိုင်းကို ညင်သာသွားစေတယ်။

နှင့်ကို ငါလှမ်းကြည့်လိုက်တယ်။

"ဟင်. . ."

နှင့်အကြည့်သူခိုးကို ငါမိလိုက်ပြန်ပြီ။

"ဟိုဘက်ကမ်းဆိုရင် ရောက်ပြီလား အိုင်ဆေး. . အဲ. . ရန်ကြီး"

နှင်းနှင်းအေးက အဲဒီအချိန်မှာပဲ မေးခွန်းထုတ်လာလို့ နှင် မျက်နှာအထားရ သက်သာသွားတယ်နော်။

"ဆိုပါတော့"

"နှင့်စကားကလဲ"

"နှင်စောင့်ကြည့်လေ"





"ကြီးကျယ်လိုက်တာ. . . မပြောချင်နေ"

သိပ်မကြာဘူး။ ငါးမိနစ်လောက်ပဲ ကူးရတယ်ထင်တယ်။ အရှေ့ဘက်ကမ်းကို ကပ်လာတယ်။

ပွဲချိတ်ပေါ်က ဆင်းကြတယ်။ လှေအဆင်း မြင်းအတတ် ခက်တယ်ဆိုတဲ့ စကားကို နှင်နားလည်ထားပုံ ရတယ်။ ငါတို့ ပွဲချိတ်ပေါ်က ဆင်းတော့လည်း နှင်ဟာ ဂရုတစိုက်ရှိတယ်။

ဘာပဲပြောပြော နှင့်ကို ကျေနပ်တယ် ရန်ကြီးအောင်။

"ဘယ်ဆက်သွားရဦးမှာလဲ"

"မြင်းလှည်းဂိတ်"

"ဟင်. . . ဒါဖြင့် မရောက်သေးဘူးပေါ့"

"အင်း. . . ဒါ ထောင်လည်ရွာတဲ့"

"ငါမေးတော့ မဖြေဘူး၊ နှင် ဒီလို မျက်နှာလိုက်တတ်မယ်မှန်း သိရင် ဒီခရီးကို ငါလိုက်မလာပါဘူး"

"ရေလယ်မှာမို့လို့ မဖြေတာပါ၊ ခရီးကြန့်ကြာမှာစိုးလို့ပါ နှင်းနှင်းရာ"

"ဟိုလူကြီးကော"

"ဘယ်လူကြီးလဲ"

"အားကစား နည်းပြဆရာလေ"

ငါက စကားလမ်းကြောင်းလွှဲလိုက်တယ်။

"သွားပြီထင်တယ်"

"အခုတော့ မစောင့်တော့ဘူးလား"

"ဘယ်စောင့်မလဲ. . . သူလည်း ရောက်ချင်ဇောကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့”

“ဘာဖြစ်လို့လဲ”

“မနက်ဖြန် ရန်ကုန်ပြန်ရမှာ”

“ဒါဖြင့် တစ်ရက်တည်း ဘာလာလုပ်တာလဲ”

“သူ့မိန်းမက ရွှေကျင်က ဆရာမလေ၊ မိန်းမဆီ လာတာ ဖြစ်မှာပေါ့”

“ဟင်. . . တစ်ရက်တည်းနဲ့ ဒီခရီးကြမ်းကိုများ”

“ဟဲ့. . . နန်းရှီလာ၊ နင်က အချစ်အကြောင်း ဘာသိလို့ လဲ”

“နင်ကကော ဘာသိလို့လဲ”

“သိတယ်. . . သိတယ်၊ အချစ်ခွန်အား ဘယ်လောက်ကြီး တယ်ဆိုတာ၊ ဓားတောင်ကိုပဲ ကျော်ရကျော်ရ မီးပင်လယ်ကိုပဲ ဖြတ်ရဖြတ်ရ ချစ်သူ့မျက်နှာမြင်လိုက်ရရင် ဒုက္ခဟူသမျှကို ငြိမ်း အေးသွားစေနိုင်တယ်တဲ့”

“အမယ်. . မယ်. . . ကြည့်စမ်း မိနှင်း၊ နင့်မှာ ခွန်အား တွေ ရှိနေပြီပေါ့”

“နင့်လို မှတ်နေသလား၊ ငါက ကြားဖူးနားဝနဲ့ ပြောတာ ငါထင်တာကတော့ နင့်မှာ ခွန်အားတစ်ခုခု ရှိလို့သာလျှင် ဒီခရီးကို လိုက်လာတယ်လို့၊ ဟင်. . . ဘာခွန်အားလဲ”

“နှင်းစုတ်နော်”

နှင်းနှင်းအေးကလည်း နင်နဲ့ငါ့ကို ပေါ်တင်စနေပြီ။ မြင် က မလှုပ်. . ခုံက လှုပ်ရမှာ ငါရှက်ပါတယ်ဟာ။





“ငါ့မှာတော့ သူငယ်ချင်းခွန်အားနဲ့သာ လိုက်လာရတယ်၊ မျက်နှာအငယ်သား၊ သူငယ်ချင်းခွန်အား ကွက်ကြားမိုး ရွာတတ်လို့ လေ”

“တော်စမ်းပါ”

နှင်းနှင်းအေး နောက်ပြောင်မှုကို နင်က မကြားဟန်ပြုပြီး ရှေ့က သုတ်သုတ်နဲ့ သွားနှင့်တယ်နော်။

မြင်းလှည်းဂိတ်ကို ရောက်တော့ နင်က မြင်းလှည်းတစ်စီး ငှားပြီး. . .

“ကဲ. . . မြင်းလှည်းလဲ စီးရပြီ”

“ဟုတ်ပ”

“ငါ နွားလှည်းစီးချင်တာ”

“စီးချင်စီးရမှာပေါ့”

နှင်းနှင်းအေးက ခွတိုက်တယ်။ နင်ကလည်း မလျှော့ဘူး။

ဒါနဲ့ မြင်းလှည်းကလေးနဲ့ မြူလုံးသံလေးတွေ နားဆင်ရင်း ငါတို့ လာခဲ့ကြတယ်။

“ဒါက အနောက်ဘက်ကျေးရွာ”

“ဪ”

“ဟိုမှာ မြင်ရတဲ့မုခ်ဦးကို တွေ့လား”

“ဟယ်. . . နန်းတော်မြို့ရိုးဟောင်းလိုပါပဲလား”

ငါအံ့ဩသွားတယ်။

ရွှေကျင်ကို ရှေးဟောင်းမြို့တော်တစ်ခု ဖြစ်လိမ့်မယ် မထင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အရင်ကတည်းက ရှိလို့လား"

"ဟုတ်တယ်. . . အရင်ကတည်းက ရှိတာ၊ နည်းနည်းတော့ ပြုပြင်မွမ်းမံထားတာပေါ့၊ ပါးစပ်ရာဇဝင်အရဆိုရင်တော့ သာကျင် ကနေ ရွှေထွက်ပြီး ရွှေကျင်တဲ့မြို့ဖြစ်လို့ ရွှေကျင်မြို့ ဖြစ်လာတယ်လို့ ပြောကြတယ်"

"ဪ"

နန်းတော်မြို့ရိုးတံခါးကို အချွန်အတက် စုလစ်မွန်းချွန်တွေ နဲ့ တည်ဆောက်ထားတဲ့ မုခ်ဦးရဲ့ဘယ်ဘက်က ရွှေကျင်မြို့ဆိုတဲ့ ဆိုင်းဘုတ်၊ ညာဘက်က 'ကြိုဆိုပါ၏' ဆိုသောဆိုင်းဘုတ်နဲ့ အေး ချမ်းတည်ငြိမ်စွာ ကျက်သရေရှိသော မြို့လေးထဲကို ငါတို့မြင်းလှည်း ခြူသံလေး နားဆင်ရင်းနဲ့ ဝင်ရောက်လာတယ်နော်။


တစ်မျိုးတော့ တစ်မျိုးပဲ။

ရှမ်းကုန်းပြင်မြင့်ပေါ်မှာ ကြီးပြင်းခဲ့တဲ့ ငါဟာ သဘာဝ အလှတရားလေးတွေကို မက်မောခုံမင်နှစ်သက်တဲ့အတွက် နင့်ရဲ့ အနိုင်ယူလိုမှု တစ်ခုတည်းနဲ့ တောသား ငါးပိကြိုက်လို့ ငါခေါ်ခဲ့ပေ မယ့် နင့်ဇာတိမြေလေးကိုတော့ ငါသဘောကျတယ်။ ပဲခူးရိုးမ တောင်ခြေနားမှာ မြစ်ချောင်းတွေ စီးဆင်းရစ်ခွေ ပတ်လည်ဝိုင်း ထားတဲ့မြို့လေးကို ငါမမေ့နိုင်မှာ သေချာပါတယ် ရန်ကြီးအောင်

ဒါတောင်မှ မြို့အဝင် ရှိသေးတယ်နော်။







# အခန်း(၂၁)

"မောလိုက်တာ"

"မောရင် ခဏနားပါဦးလား"

"အင်း"

နင်တို့စက်ဘီး ရပ်လိုက်တော့ ငါလည်း ရပ်လိုက်တယ်။ နှင်းနှင်းအေး ဆင်းဖို့ရာ နင်က စက်ဘီးကို ထိန်းထားပေးတယ်။ ငါ နှင်းနှင်းကိုတောင် မနာလို ဖြစ်ခဲ့တယ်။ ငါ ဘာဖြစ်လို့များ စက်ဘီးစီးတတ်နေတာလဲ။ သင်ခဲ့မိတဲ့ ငါ့ကိုယ်ငါတောင် အပြစ်တင်

www.burmeseclassic.com



ချင်လာပြီ။

"နှင်းနှင်း. . . နင်ကော မောသလား"

"အင်း. . . အသက်ရှူလို့တောင် မဝချင်တော့ဘူး၊ အပြန်ကျရင် ဒေါ်တွတ်တို့လိုပဲ ဆိုက်ကားနဲ့ ပြန်မယ်"

"ဘာဖြစ်လို့လဲ. . . ငါ ဖြည်းဖြည်းနင်းတာပဲ"

နင်က နှင်းနှင်းအေးကို ကြည့်ပြီး မေးတယ်။

"မသိပါဘူးဟယ်. . . လိမ့်ကျမှာစိုးလို့ ကိုယ်ကို တောင့်ထားရတာ ပေါင်ပဲ ကိုက်သလိုလို၊ ခါးပဲနာသလိုလို၊ လက်တွေပဲ ကျဉ်လာသလိုလိုနဲ့ ခံစားရတယ်၊ ကြာရင် နှလုံးရောဂါ ဖြစ်သွားနိုင်တယ်"

"သေလိုက်"

"မသေချင်သေးဘူး. . . ခုမှ ရည်းစားတစ်ယောက် ထားကြည့်မလားလို့ စိတ်ကူးကာ ရှိသေးတယ်"

"တော်စမ်းပါဟယ်"

ငါက နှင်းနှင်းအေးနဲ့ စကားပြောရင်း ပတ်ဝန်းကျင်မှာ ထင်ရှားစွာ ရှိနေတဲ့ ညောင်မုတ်ဆိတ်ကြီးတွေကို တအံ့တသြ ကြည့်မိတယ်။

"ဟယ်. . . ညောင်ပင်ကြီးတွေက အကြီးကြီးပဲနော်"

"ဟုတ်တယ်. . . ဟိုအပင်က ကိုင်းထောက်မြစ်ကနေ ထပ်ဖြစ်လာတဲ့အပင်တွေလား"

"ဟုတ်ပ"

ငါ တအံ့တသြနဲ့ ညောင်ကိုင်းကို သွားခုန်ဆွဲကြည့်တယ်





ဆိုရင်ပဲ နှင်းနှင်းအေးက. . .

"ဟဲ့. . . ဖြည်းဖြည်း၊ ရုက္ခစိုး ပြုတ်ကျလာဦးမယ်"

"ကျပါလိမ့်မယ်. . . ဒီလောက်ကြီးတဲ့ အပင်ကြီးမှာ ရုက္ခစိုး တိုင်းပြည်တောင် တည်ထောင်ထားလို့ရတယ်"

"ငါတို့ငယ်ငယ်က ဒန်းစီးတဲ့နွယ်ကြိုးကို ဆွဲပြီး တာဇံလုပ်တမ်း လာကစားကြသေးတယ်"

"နင်လဲပဲ ငယ်ငယ်က မျောက်မူးလဲမယ့်ပုံပဲပေါ့"

နှင်းနှင်းအေးက နင့်ကို ပြောတယ်ဆိုရင်ပဲ နင်က ရယ်လိုက်ပြီး. . .

"အသေအချာပဲ. . . မျောက်မူးလဲ မကဘူး၊ မျောက်မူးသေလို့တောင် အခေါ်ခံရတာ"

"တကယ်လား"

ငါမယုံဘူး၊ နင့်ကြည့်တော့ ဝါတော်ရ မထေရ်သူမြတ်လို သိက္ခာကြီး တစ်ခွဲသားနဲ့ လူကို မျောက်မူးသေအောင် ဆော့လိမ့်မယ်လို့ ငါ ဘယ်ထင်ပါ့မလဲ။

နင်က ငါ့ကို ကြည့်ပြီး. . .

"တကယ်ပေါ့"

"ဒါဖြင့် အခု ဘာလို့ မဆော့သလဲ"

"ငါ ရှင်ပြုပြီးပြီလေ"

"ဘာဆိုင်လို့လဲ"

"ရှင်လိင်ပြန်ပြီးရင် လူပျိုဖြစ်ပြီတဲ့လေ၊ မသိဘူးလား. . . ဟင်း. . ဟင်း၊ ကြေညာတာ မဟုတ်လား အိုင်ဆေး"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းနှင်းအေးနဲ့နင် ငါ့ကို ညှပ်ပူးညှပ်ပိတ် စစ်ဆင်ရေး ဆင်းနေတာလား"

"မဟုတ်ပါဘူး. . . ရှင်ပြုပြီး ပဥ္စင်းခံဖို့ နီးနေပြီ၊ အဘိုးက သစ်ပင်တက်တာတွေဘာတွေ မကြိုက်လို့ မတက်ဖြစ်တာ"

"နင် ပဥ္စင်းခံဖို့ နီးနေပြီ ဟုတ်လား"

"ဟုတ်တယ်. . . ဒီနှစ် ကျောင်းပိတ်ရင် ငါ ဒီမှာပဲ ပဥ္စင်း လာတက်ဦးမှာ"

"ဩော်. . . နွေပူလေပူမှာ အလွမ်းပူရဦးတော့မှာပါလား ဦးပဥ္စင်းရယ်"

"မိနှင်းနော်"

ငါ မိနှင်းကို ပြောတင်လိုက်တယ်။

"ဟာ. . . ငါ့ဘာသာငါ လွမ်းတယ်ပြောတာ ဘာဖြစ်လို့များ မလုံအိုးက ပွင့်ချင်ရတာလဲ"

"တော်ကွာ. . . သွားမယ်"

ငါ စက်ဘီးနင်းပြီး ဘုရားစောင်းတန်းခြေရင်းကိုအရောက် သွားလိုက်တယ်။ ညောင်မုတ်ဆိတ်ကြီးတွေက ရယ်မောရင်း လှမ်း ပြောင်နေတယ်။

နင်တို့နှစ်ယောက်က ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနဲ့ ငါ့ဆီကို လျှောက်လာကြတယ်။ နင်က စက်ဘီးတွန်းလျက်ပေ့ါ။ အဲဒီ အချိန်မှာမှ ဒေါ်တုတ်နဲ့ နင့်ကြီးတော် ကြီးမေတို့ဆိုက်ကား ရောက် လာတယ်။

"ဘုရားကြီးဟာ ရွှေကျင်မှာတော့ အစည်ကားဆုံးဘုရား





လို့ ဆိုရမှာပေ့ါ"

ကြီးမေက ပြောတယ်။

စည်တယ်ဆိုပေမယ့် လူဖျောက်ဖျောက်ပဲ ရှိတာ။ ဒါကလဲ မီးမျှောပွဲကို လာကြတဲ့ ဧည့်သည်တွေကြောင့်လို့ နင်ရှင်းပြတယ်။

"ရွှေကျင်မှာ ဒီအချိန်ဆိုရင် အိမ်တိုင်း ဇရပ်တိုင်းမှာ ဧည့်သည်ရှိတယ်"

"ဟုတ်လား. . . မီးက ဘယ်မှာ မျှောမှာလဲ"

"မြမယ်. . . လာ"

နင်က စက်ဘီးအပ်ထားပြီး ငါတို့ကို ဦးဆောင်ခေါ်ခဲ့ တယ်။ ကြီးမေနဲ့ဒေါ်တုတ်ကတော့ ခပ်ဖြည်းဖြည်းပဲ လိုက်ခဲ့တယ်။

"ဒါက မမကြီး"

"ဟင်. . . ဘီလူးကြီး"

"ဟုတ်တယ်. . . မြို့စောင့်နတ်ဘီလူးပဲ၊ လေးပါးရှိတယ်၊ မမကြီး ကိုကိုလေးနဲ့ မမလေးတဲ့၊ စီးပွားလာဘ်လွှာဘအတွက် ရွှေကျင်မြို့သူမြို့သားတွေက ယုံကြည်စွာနဲ့ ကိုးကွယ်ဆည်းကပ် ပူဇော်ပသကြတယ်"

"ဩော်. . . ဒေသဆိုင်ရာ ရိုးရာအစွဲအလန်းပေ့ါနော်"

"ဒါပေ့ါ. . . ဒါက မမလေးနဲ့ ကိုကိုလေး"

"ကိုကိုကြီးကကော"

"ဟုတ်တယ်. . . ဟိုဘက်ကမ်း ရွှေကျင်ချောင်းရဲ့မြောက် ဘက်ကမ်းမှာ စောင့်တယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"လာ. . . ပြရဦးမယ်"

နင်ခေါ် ရာနောက်ကို ငါတို့ လိုက်တယ်။ ဘုရားပရိဝုဏ်က တော်တော်ကျယ်ဝန်းတယ်။

"ဟယ်. . . ဂူကြီး"

"ဟုတ်တယ်. . . ဖတ်ကြည့်ပါဦး"

"ဆာဂျေအေ မောင်ကြီးဂူဆိုပါလား"

"ဟုတ်လား"

"အင်း. . . သူ့ဇာတိမြေမှာ သူခေါင်းချတာ အဆန်း မဟုတ်ပါဘူး"

နင့်ကို ငါကြည့်မိတယ်။

ငါ နင့်ကို တစ်ခု မေးသင့်မမေးသင့် စဉ်းစားလိုက်တုန်းမှာပဲ ငါ့ပါးစပ်က လွှတ်ကနဲ မေးမိသွားပြီ။

"နင့်ဇာတိမြေကို ခင်တွယ်လား"

"သိပ်ခင်တွယ်တာပေါ့"

"ဒါဖြင့် နင် ဘွဲ့ရရင် ဇာတိမြေကို ပြန်လာမှာလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ဇာတိမြေကျဉ်းကျဉ်းရဲ့အကျိုးထက် မြန်မာပြည်သား အားလုံးရဲ့ဇာတိမြေပေါင်းများစွာ ဖွဲ့စည်းတည်ထောင်ထားတဲ့ နိုင်ငံအကျိုးအတွက် ငါနေသင့်တဲ့နေရာကနေပြီး ထမ်းဆောင်မယ်လို့ ဆုံးဖြတ်ပြီးသားပါ"

ငါ့ရင်ထဲ သိမ့်ကနဲ ဖြစ်သွားတယ်။





"သိပ်ကြိုက်သွားပြီ အိုင်ဆေးနှရေ"

နှင်းနှင်းအေးကတော့ ပွင့်လင်းတယ်။ သူပြောချင်သလို ပြောပဲ။ ရင်ခုန်စရာအကြောင်း မရှိဘူးထင်တယ်။

ငါ့မှာသာ အခြောက်တိုက် ရင်ခုန်နေရတယ်။

နင့်ကို အနိုင်ရဖို့တိုက်ရတဲ့ နှလုံးသားတိုက်ပွဲမှာ ငါ့ဆီက နှလုံးသား ပဲ့မပါသွားဘူးလို့ ပြောနိုင်ပါ့မလား။

နင့်စကားအပေါ် အထင်ကြီး ကျေနပ်သွားတဲ့ ငါ့စိတ်ကို ဇွတ်ချေဖျက်ပြီး ဆာဂျေအေ မောင်ကြီး ဂူနားက ငါဖယ်ခွာလိုက်တယ်။

နင့်လို လူတစ်ယောက်ကို အနိုင်ယူဖို့ဆိုတာ လွယ်ကူတဲ့ ကိစ္စ မဟုတ်ဘူးဆိုတာကို ငါသဘောပေါက်လိုက်တယ်။

အဲ့ဒီလို သဘောပေါက်မိတာနဲ့အမျှ နင့်ကိုမှ အနိုင်ယူလိုတဲ့ ငါ့စိတ်တွေက တဖွားဖွား ပေါ်ပေါက်လာရလေတယ်။

ခက်တယ်. . . ရန်ကြီးအောင်ရယ်။

ပညက်သွားရာ မါတ်သက်ထင်နေလေရော့သလား။ နင်ဟာ ရန်အပေါင်း၊ အဘယ်မျှ ကြီးမားသောရန် ဖြစ်ပါစေ အောင်နိုင်တယ်ဆိုတဲ့နိမိတ်နဲ့ အမည်တွင်ပြီး ရန်လိုနေတဲ့ငါ့ကို နိုင်နေတာလား ဟင်။ ငါမေးလိုက်ချင်ပါတယ်။


ဒါပေမယ့်. . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၂)

"သာယာလိုက်တာဟယ်"

"လှမ်းမြင်ရတဲ့တောင်တန်းက ပန်းတင်တောင်လေ"

"ဪ. . . စိမ်းညို့နေတာပဲနော်"

"အဲဒီမှာ ရှမ်းရွာရှိတယ်၊ လှမ်းမြင်နေရတာ ရော်ဘာတော ပေါ့"

"ဟုတ်လား"

"ရော်ဘာတွေလည်း ဖြစ်ထွန်းတယ်နော်"





"ဟုတ်တယ်. . . ဒီဒေသက ရော်ဘာ၊ ရှောက်ချဉ်သီး၊ ဘိတ်ရှောက်သီး၊ သံပုရာ၊ သီဟိုဠ်၊ သရက်၊ တညင်း၊ မာလကာဆိုတဲ့ သီးနှံတွေ လှိုင်လှိုင်ထွက်တဲ့ဒေသပဲ"

နှင်က စိတ်ရှည်လက်ရှည် ရှင်းပြတယ်။

နှင့်ကို ငါ ငဲ့ကြည့်ရင်း နှင်ကျောင်းဆရာများ လုပ်ဦးမှာလားလို့ ငါတွေးမိသေးတယ်။ ဒါပေမယ့် ငါ အဲဒီအတွေးကို မေ့ပျောက်ပြီး နှင့်စကားမှာ ပါတဲ့. . .

"ဘိတ်ရှောက်သီးဆိုတာ ဘာလဲ"

"ကျွဲကောသီးကို ဒီအရပ်က ဘိတ်ရှောက်သီးလို့ပဲ ခေါ်တယ်"

"ဪ. . . ဒါပဲလား"

"စပါးခင်းတွေ တွေ့ပါတယ်"

"အေးလေ. . . နှံစားသီးနှံတွေထဲမှာတော့ စပါး၊ မြေပဲ နှမ်း၊ ပဲသီစိမ်းနဲ့ မတ်ပဲအမျိုးမျိုး စိုက်တယ်"

"ရွှေထွက်တယ်ဆို"

"လာ. . . ငါပြမယ်"

ရွှေကျင်ကမ်းနဘေးမှာ ရှိတဲ့ ဘုရားရင်ပြင်တော်ပေါ်က နေ စီးမြင်နေရတဲ့ မြင်ကွင်းဟူသမျှတို့ဟာ လက်ညှိုးထိုးရာ အရပ်တိုင်းဟာ အဖိုးတန် ရတနာမြေကြီးပါလား။

"မြင်ရတဲ့သွပ်မိုးတွေလား"

"အင်း"

"အဲ့ဒါ အထူးသတ္တု(နှစ်) ရွှေရှာဖွေရေး အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

"ဟုတ်လား. . . ရွှေတကယ်ထွက်လို့လား"

"ထွက်လို့ပေါ့"

"ရှေးမြန်မာဘုရင်တွေလက်ထက်ကတည်းကိုက ရွှေဆက်သရတဲ့ နယ်မြေလေ၊ အရင်နာမည်က သာကျင်ပါ၊ အဲ့ဒီကနေ ကာလရွေ့လျားလာပြီး ရွှေကျင်ဖြစ်လာတယ်လို့ ပြောကြတယ်"

"ခုထက်ထိ ရွှေထွက်တုန်းပဲလား"

"ဟုတ်တယ်. . . ဟိုမှာ လှမ်းကြည့်လိုက်စမ်း၊ အဲ့ဒါ မမေချောင်းလေ၊ အဲ့ဒီဘက်က ရွှေကျင်ချောင်း၊ အဲ့ဒီဆုံရာသောင်ပြင်ကို ကြည့်"

"အင်း. . . နီနေသလိုပဲ"

"ဟုတ်တယ်. . . အဲ့ဒီမှာလည်း ရွှေတွေ ရှိတယ်၊ ရွှေကျင်တယ်၊ စက်မှောလောင်းတယ်၊ ရကြတာပဲ"

"တယ်ဟုတ်ပါလား"

"ဟုတ်တယ်. . . အထူးသတ္တု(နှစ်)က နိုင်ငံတော်အတွက် ရွှေကို တစ်လ အနည်းဆုံး ခြောက်ဆယ်ကျပ်သား ရှာဖွေပေးနိုင်တယ်"

"ဟုတ်လား. . . နင့်တို့မြေက တကယ့်ကို ရွှေသီးတဲ့မြေကြီးပဲ"

"ရွှေသီးတဲ့မြေကြီး၊ အင်း. . . ဒါကို နင်ဘယ်လိုနားလည်ပြီး ပြောလိုက်တာလဲ နန်းရှီလာ"

"နင့်ရဲ့ဆိုလိုရင်းကို ငါသိတယ်၊ နင် ငါ့ကို အထင်သေးပြီး





မေးလိုက်တာပေါ့၊ ဟုတ်လား ရန်ကြီးအောင်"

"ဟာ. . . မဟုတ်ပါဘူး၊ ငါ အဲ့ဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး၊ တချို့က မြေကြီးက ရွှေသီးတယ်ဆိုတာ ရွှေထွက်တယ်လို့ပဲ ထင်မှတ်နေကြလို့"

"နင်နဲ့ ယှဉ်ပြိုင်နေတဲ့ ငါ့အပေါ်မှာ နင်က အဲ့ဒီလိုမျိုး ယူဆနေလို့လား"

"မဟုတ်ပါဘူး နန်းရှီလာ၊ ငါ စကားမှားသွားတယ်. . . တောင်းပန်ပါတယ်"

"နေဦး. . . မတောင်းပန်နဲ့ဦး၊ ငါပြောဦးမယ်၊ ဒီမှာ ရန်ကြီးအောင်"

နင်က ငါ့ကို လှမ်းကြည့်တယ်။

နင့်အကြည့်မှာ အားနာတဲ့အရိပ်အယောင်တွေ တွေ့လိုက်တယ်။ သွားစမ်းပါ. . . ဒါတွေ ငါမလိုချင်ဘူး။ ငါလိုချင်တာ နင့်ရဲ့ မာန်မာနမျက်လုံးပဲ။

လက်နက်ချတဲ့အကြည့် လွှဲပြောင်းမှုမျိုးလဲ ငါမလိုချင်ဘူးဟာ။

"ရန်ကြီးအောင်"

"ပြောပါ"

"လယ်ယာကိုင်းကျွန်းအပြင် ဥယျာဉ်ခြံမြေ အထူးသဖြင့် ရွှေဖြူလို့ ခေါ်တဲ့ ရော်ဘာတွေ လှိုင်လှိုင်ထွက်တဲ့ မြေကြီးကို ရွှေသီးတဲ့မြေဆိုရုံနဲ့ လုံလောက်ပါတယ်နော်၊ ဒါတင်မကဘူး. . . တကယ့်ရွှေစင်ပါ ထွက်တော့ နှစ်ထပ်ကွမ်း ရွှေသီးတဲ့မြေကြီးပေါ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်နော်. . . ငါပြောတာ မှားသလား”

“မမှားပါဘူး. . . ငါတောင်းပန်ပါတယ်၊ လာ. . မှောင်ပြီ ပြန်ကြရအောင်”

လရောင်လေး ထိုးကျနေတဲ့ ရွှေကျင်ချောင်းလျှဉ်ကလေး နံဘေးက ငါမခွာချင်သေးဘူးဆိုရင် စိတ်ကူးယဉ်လွန်ရာကျနေမှာ စိုးတာနဲ့ နင်နဲ့ငါ ပြန်ခဲ့တယ်။

နှင်းနှင်းအေးက ကြီးမေ ဒေါ်တုတ်တို့နဲ့အတူ မြင်းလှည်း ငှားပြီး ပြန်သွားနှင့်ကြတယ်လေ။ တက်ခုတ်ယိမ်းအဖွဲ့ ကတာ သွားကြည့်မလို့ ဆိုလားပဲ။

စက်ဘီးကိုယ်စီ နင်းရင်း. . .

“ငါ့ကို ပွဲတော်ကျင်းပမယ့်နေရာကို ပို့ပေးနိုင်မလား”

“သွားချင်ရင် ပို့ပေးမယ်”

“ဆိုးသင့်ခ်”

“ရပါတယ်. . . ငါက အိမ်ရှင်ပဲ၊ ဧည့်ဝတ်ကျေပွန်ရမှာ ပေါ့”

“ဟုတ်ကဲ့ ကိုတာဝန်ကျေကြီးရယ်. . . ကျေးဇူးတင်ပါတယ် ရှင်”

ဒါနဲ့ နင်နဲ့ငါ စက်ဘီးစီးရင်းက. . .

“ဒီမှာ စက်ဘီးထားခဲ့မယ်၊ ကမ်းနားလမ်းမှာ လူစည်ကား ချိန်ဆို စက်ဘီးနဲ့ သွားရတာ မလွယ်ဘူး”

စက်ဘီးထားခဲ့ပြီး လျှောက်ကြတယ်။ မြို့တော်ကြီးတွေလို ကမ်းနားလမ်းတော့ ဘယ်ဟုတ်မလဲ။ မြေဝါလမ်းကလေးပေါ့။





“ဒါ ပျဉ်းမပင်ရပ်ကွက်လို့ ခေါ်တယ်”

“ဟယ်. . . ရှောက်သီးတွေ”

ငါကပဲ ဈေးတွေဘာတွေ မရောက်ဖူးလို့လား ဘာလား မသိဘူး။ တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးတဲ့မြင်ကွင်းကို တွေ့ရတယ်။

ဝါးဖောင်တွေပေါ်မှာ ပုံထားလိုက်တဲ့ရှောက်သီးတွေဟာ တောင်ပုံရာပုံပဲ။ ရှောက်သီးရနံ့သင်းနေတဲ့နေရာလေးပဲ။ ကမ်းနား မှာ ငါးစင်ထိုးပြီး ရှောက်သီးအကွင်းအကွင်းတွေ လှမ်းထားလိုက် တာ ကမ်းနားလမ်းတစ်လျှောက်မှာ အပြည့်ပဲ။

“ဟုတ်တယ်. . . ရွှေကျင်ရှောက်သီးက နာမည်ကြီးပဲ၊ ဆယ့်နှစ်ရာသီ ကာလပတ်လုံး ထွက်တယ်”

“ရေမြေသိပ်ကောင်းတာကိုး”

“ဟော. . . ဟိုမှာ ကလေးတွေ ဘိတ်ရှောက်သီး ဖမ်းနေ ကြတယ်၊ ငါငယ်ငယ်တုန်းကလဲ ဒီအတိုင်းပဲ”

နင့်စကားကို ငါနားထွေးသွားတယ်၊ ဒါကြောင့် ရှင်းရှင်း လင်းလင်း သိအောင် နင့်ကို ပြန်မေးရတယ်။

“နင် ဘာကိုပြောလိုက်တာလဲ”

“ရှောက်သီးဖမ်းတာကို ပြောတာ၊ ဟိုမှာ လှမ်းကြည့်စမ်း ကလေးတွေ”

“ရေကူးနေတာလား”

“ဟုတ်တယ်. . . ရေကူးတာက နည်းနည်း၊ ရေထဲက မျော လာတဲ့ရှောက်သီးတို့ ဘိတ်ရှောက်သီးတို့ကို လိုက်ဖမ်းတယ်. . . ဆယ်ယူတယ်ပေါ့ဟာ. . . တွေ့လား”

www.burmeseclassic.com



ဟုတ်ပါတယ်နော်. . . ငါပြောတာ မှားသလား"

"မမှားပါဘူး. . . ငါတောင်းပန်ပါတယ်၊ လာ. . မှောင်ပြီ၊ ပြန်ကြရအောင်"

လရောင်လေး ထိုးကျနေတဲ့ ရွှေကျောင်းချောင်းလျှိုကလေး နံဘေးက ငါမခွာချင်သေးဘူးဆိုရင် စိတ်ကူးယဉ်လွန်ရာကျနေမှာ စိုးတာနဲ့ နှင်နဲ့ငါ ပြန်ခဲ့တယ်။

နှင်းနှင်းအေးက ကြီးမေ ဒေါ်တုတ်တို့နဲ့အတူ မြင်းလှည်းငှားပြီး ပြန်သွားနှင့်ကြတယ်လေ။ တက်ခုတ်ယိမ်းအဖွဲ့ ကတာ သွားကြည့်မလို့ ဆိုလားပဲ။

စက်ဘီးကိုယ်စီ နင်းရင်း. . .

"ငါ့ကို ပွဲတော်ကျင်းပမယ့်နေရာကို ပို့ပေးနိုင်မလား"

"သွားချင်ရင် ပို့ပေးမယ်"

"ဆိုးသင့်ခ်"

"ရပါတယ်. . . ငါက အိမ်ရှင်ပဲ၊ ဧည့်ဝတ်ကျေပွန်ရမှာပေါ့"

"ဟုတ်ကဲ့ ကိုတာဝန်ကျေကြီးရယ်. . . ကျေးဇူးတင်ပါတယ်ရှင်"

ဒါနဲ့ နှင်နဲ့ငါ စက်ဘီးစီးရင်းက. . .

"ဒီမှာ စက်ဘီးထားခဲ့မယ်၊ ကမ်းနားလမ်းမှာ လူစည်ကားချိန်ဆို စက်ဘီးနဲ့ သွားရတာ မလွယ်ဘူး"

စက်ဘီးထားခဲ့ပြီး လျှောက်ကြတယ်။ မြို့တော်ကြီးတွေလို ကမ်းနားလမ်းတော့ ဘယ်ဟုတ်မလဲ။ မြေဝါလမ်းကလေးပေါ့။





"ဒါ ပျဉ်းမပင်ရပ်ကွက်လို့ ခေါ်တယ်"

"ဟယ်. . . ရှောက်သီးတွေ"

ငါကပဲ ဈေးတွေဘာတွေ မရောက်ဖူးလို့လား ဘာလား မသိဘူး။ တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးတဲ့မြင်ကွင်းကို တွေ့ရတယ်။

ဝါးဖောင်တွေပေါ်မှာ ပုံထားလိုက်တဲ့ရှောက်သီးတွေဟာ တောင်ပုံရာပုံပဲ။ ရှောက်သီးရနံ့သင်းနေတဲ့နေရာလေးပဲ။ ကမ်းနားမှာ ငါးစင်ထိုးပြီး ရှောက်သီးအကွင်းအကွင်းတွေ လှမ်းထားလိုက်တာ ကမ်းနားလမ်းတစ်လျှောက်မှာ အပြည့်ပဲ။

"ဟုတ်တယ်. . . ရွှေကျောင်းရှောက်သီးက နာမည်ကြီးပဲ၊ ဆယ့်နှစ်ရာသီ ကာလပတ်လုံး ထွက်တယ်"

"ရေမြေသိပ်ကောင်းတာကိုး"

"ဟော. . . ဟိုမှာ ကလေးတွေ ဘိတ်ရှောက်သီး ဖမ်းနေကြတယ်၊ ငါငယ်ငယ်တုန်းကလဲ ဒီအတိုင်းပဲ"

နှင့်စကားကို ငါနားထွေးသွားတယ်၊ ဒါကြောင့် ရှင်းရှင်းလင်းလင်း သိအောင် နှင့်ကို ပြန်မေးရတယ်။

"နှင် ဘာကိုပြောလိုက်တာလဲ"

"ရှောက်သီးဖမ်းတာကို ပြောတာ၊ ဟိုမှာ လှမ်းကြည့်စမ်း ကလေးတွေ"

"ရေကူးနေတာလား"

"ဟုတ်တယ်. . . ရေကူးတာက နည်းနည်း၊ ရေထဲက မျောလာတဲ့ရှောက်သီးတို့ ဘိတ်ရှောက်သီးတို့ကို လိုက်ဖမ်းတယ်. . . ဆယ်ယူတယ်ပေါ့ဟာ. . . တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့. . . ပျော်စရာကြီးဟယ်"

"ဟုတ်တယ်. . . သဘာဝက ပေးအပ်တဲ့ အခြေအနေလေးတွေကို အသုံးချတတ်ရင် လောကကြီးဟာ ပျော်စရာ သိပ်ကောင်းပါတယ်"

"ရှောက်သီးပိုင်ရှင်တွေက မနှမြောဘူးလား"

"ရေအဆုံး ကုန်းတစ်ဝက်လေ နန်းရှီလာ၊ ဖောင်ပေါ်ကနေ မတော်တဆ လိမ့်ကျ မျောပါသွားတဲ့ ငါးလုံးလောက်ကို ဘာမှ နှမြောစရာ မရှိပါဘူး၊ ကလေးတွေ တောင်းရင်တောင် အလကား ပေးကျွေးရသေးတာပဲ၊ ဒါပေမယ့် ငါငယ်ငယ်တုန်းက အဲဒီလို မျောလာတဲ့ ကျွဲကောသီးကို လိုက်ဖမ်းပြီး စားရတဲ့ အသီးအရသာကို ပိုချိုမြိန်တယ်လို့ ထင်ရတယ်"

ငါ နင့်မျက်နှာကို လှမ်းကြည့်လိုက်တယ်။

အဖိတ်နေ့ ညနေရဲ့ဆည်းဆာချိန်မှာ ပေါ်ထွက်လာတဲ့ လမင်းဆမ်းထားတဲ့ နင့်မျက်နှာပေါ်မှာ နင့်နှလုံးသားပုံရိပ်ကို ငါ တွေ့မြင်လိုက်ရပြီ ရန်ကြီးအောင်။ ဘာလဲဆိုတော့ နင်ဟာ လူသားပီသနေတယ်။ ခဲရာခဲဆစ်အရာကိုမှ ကောင်းတယ်ထင်ပြီး လိုချင်တတ်တဲ့ လူ့မနောကို ရန်ကြီးအောင်ဆိုတဲ့လူသား နင်လဲ ပိုင်ဆိုင်ထားတာပဲ။

"ပြန်ကြရအောင်"

"ဘာဖြစ်လို့လဲ. . . ညောင်းပြီလား"

"ဟင့်အင်း"

"ဒါဖြင့် မှောင်လာပြီလေ"





"မှောင်ပေမယ့် ငါတို့အရပ်က ကြောက်စရာမရှိပါဘူး"

"နေချင်သေးလို့လား"

"မဟုတ်ဘူး. . . မနက်ဖြန်ဆိုရင် ဒီကမ်းနားလမ်းကို လျှောက်လို့ရတော့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ခြေချစရာမရှိအောင် လူတွေ ပြည့်နှက်နေမှာ"

"ဟုတ်လား. . . မီးမျှောမှာဆို"

"တစ်နေ့လုံး ယိမ်းပြိုင်ပွဲတွေ ပြိုင်ပြီး ဆုပေးပွဲ ပြီးတာနဲ့ နေဝင် လအထွက်မှာ ရှင်ဥပဂုတ္တ ဖောင်တော်ကိုလဲမျှော၊ မီးကြိုးကြက်တွေလဲ စမျှောကြမှာ"

"ဟုတ်လား. . . ငါတို့ကော မျှောရမှာလား"

"မျှောရမှာပေါ့. . . ငါစီစဉ်ထားပါတယ်၊ လာ. . . ပြန်လှည့်ကြရအောင်"

"ဟင့်အင်း"

"ဟောဗျာ. . . စောစောကတော့ ပြန်ချင်တယ်ဆို"

"အခု ပြန်ချင်သေးဘူး၊ နေလုံးပျောက်သွားပြီး လရောင်ဆမ်းထားတဲ့ ရွှေကျင်ချောင်းကလေးကို ကြည့်ချင်သေးလို့ပါ"

"နင် စိတ်ကူးယဉ်တတ်သားပဲ"

"ငါစိတ်ကူးယဉ်တာ မဟုတ်ဘူး ရန်ကြီးအောင်"

"ဒါဖြင့် ဘာလဲ"

"သဘာဝ အလှတရားအပေါ်ကို ခံစားချင်တာ"

"ခံစားပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“နင်ကော ရန်ကြီးအောင်”

“ငါလဲ လူပဲလေ၊ သဘာဝ အလှအပ ဟူသမျှကို မြတ်နိုးတွယ်တာနှစ်သက်စွာနဲ့ ခံစားတတ်တာပေါ့ဟာ”

ငါကျေနပ်သွားပြီ။

“ပြန်မယ်”


“အမျိုးမျိုးပါလား နန်းရှီလာရယ်”

နင်က ညည်းတွားလိုက်ပြီးတော့ ငါ့ဆန္ဒကို ဖြည့်စွမ်းပေးတတယ်။

ဒါဟာ သူငယ်ချင်း ပီသခြင်းလား ရန်ကြီးအောင်။







# အခန်း (၂၃)

“ရေတွေ ဝင်လာပြီ”

“ခပ်ထုတ်လိုက်လို့ ရမလား”

နှင်းနှင်းအေးနဲ့ငါကလည်း တကယ့်ကို ခပ်ကြောင်ကြောင်။ လှော်တက်လေးနဲ့ လှေကို စီးဖူးတာ ဒါ ပထမဦးဆုံးပဲဆိုတော့ လှထဲ ရေဝင်လာတာကိုပဲ စိုးရိမ်တယ်။

“ခပ်ထုတ်လေ”

ကြီးမေက ပြောတယ်။

www.burmeseclassic.com



"ဘယ်မလဲ . . ခွက်"

"နေဦး . . . ဒီမှာ မတ်ခွက်"

ရေသောက်ဖို့ ထည့်လာတဲ့ ကြွေရည်သုတ် မတ်ခွက်ဖြ
ကို နှင်းနှင်းအေးက နှိုက်လိုက်တယ်။

"ဟယ် . . . သောက်ရေခွက်ကြီး"

ဒေါ်တုတ်က ပြောတော့ ကြီးမေက . . .

"ရပါတယ် . . . သောက်ရေအတွက် စတီးခွက်တစ်
ပါသေးတယ်"

ဒါနဲ့ နှင်းနှင်းအေးက လှေဝမ်းထဲ ဝင်လာတဲ့ရေကို
ထုတ်တယ်။

ရန်ကြီးအောင်က လှေလှော်တယ်။

"စက်လှေ ဘာဖြစ်လို့ မငှားတာလဲ ရန်ကြီး"

နှင်းနှင်းအေးက လှမ်းမေးတော့ နင်က ငါ့ကို လှမ်းကြ
ပြီး . . .

"သဘာဝ လှေငယ်လေးနဲ့ဆိုတော့ ပိုကောင်းလားလို့

နင် ငါ့စကားကို အလေးအနက် ထားပေးတဲ့အတွက်
ရင်ခုန်ရမှာလား ရန်ကြီးအောင်။ အဟင်း . . . ငါ ရင်ခုန်ဖို့ မလို
နင်ပဲ ရင်ခုန်ဖို့ လိုတာ။

"ဟဲ့ . . . ပန်းပဲတန်း ထင်တယ်"

ဗဟိုမဏ္ဍပ်ရှေ့မှာ ပြိုင်ပွဲဝင်နေတဲ့ တက်ခုတ်ယိမ်းအဖွဲ့
လှမ်းကြည့်လိုက်တယ်။

ရွှေကျင်ချောင်းထဲမှာ ပြိုင်ပွဲဝင်လှေနှင့် အားပေးကြ





နေကြတဲ့ ပရိသတ်လှေ၊ ငါတို့လို လှေငယ်ရော စက်တပ်လှေတွေ
ကော ပြည့်နေတာပဲနော်။

ပန်းခရမ်းရောင်လေးတွေ လှုပ်ရှားနေတာ တွေ့ရတယ်။

"ဟုတ်တယ် . . . ပန်းပဲတန်းရပ်ပဲ ကြီးမေ"

နင်က အားတက်သရော လှမ်းပြောတယ်၊ လူဆိုတာ
အတ္တရဲ့သားကောင်ပဲ။ ဒေသစွဲ၊ ရပ်စွဲ၊ ရွာစွဲ ရှိကြတယ်။

ရွှေကျင်မြို့ ရပ်ကွက်ရှစ်ခု ရှိတဲ့အနက် နင်က ပန်းပဲတန်း
မှာ နေတယ်ဆိုတော့ ပန်းပဲတန်းရပ်ကွက်ကို နင်နိုင်စေချင်မှာပဲ။

နင်မပြောနဲ့၊ ငါတို့ဧည့်သည်တွေတောင် ပန်းပဲတန်း
ရပ်ကွက်အိမ်မှာ တည်းမိတော့ ပန်းပဲတန်းရပ်ကွက်ကို နိုင်စေချင်
တယ်။

"ပထမ ရပါစေတော်"

ဒေါ်တုတ်ကြီးတောင် ဆုတောင်းပေးတယ်။ ရွှေကျင်
ချောင်းရေလျဉ်လေးမှာ ပန်းပဲတန်းရပ်ကွက်က ယိမ်းလိုက်ရှင် ဆိုတဲ့
အသံဟာ ဖုံးလွှမ်းသွားတယ်။

"(ယိမ်းလိုက်ရှင်)၂ . . . (ယိမ်းလိုက်ကြရှင့်)၂ မီးရောင်စုံ
ဖြာ . . . မီးရောင်စုံဖြာ . . . သတိရေယဉ်ကြောမှာလ . . . ရွှေကျင်
နဂရာတွင်းမှာတော့ . . . ရှုတိုင်းလေသာစွ . . . သာစွ . . . သဟာယ
ဆွေ လာကြ . . . လာကြ ကြည်ညိုသဒ္ဒါ ကုသိုလ်ပွဲကိုလေ . . .
နွှဲလိုက်ကြလေ . . .

ယမင်းသူဇာ ပျိုနှမတို့ ပန်းပဲတန်းက လာခဲ့ပါတယ် . . .
သိမ်မွေ့လှတယ် . . . ယဉ်ကျေးမှု ရိုးရာအမွေ . . . လွမ်းမသွေ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလှာ ထိန်းတယ်. . . တိမ်းပါဘူး. . . အေရယ်. . . အေရယ်. . . တိုးကာမြှင့်. . . နေမယ်. . . နေမယ်. . .

မြို့မဂုဏ်မညှိုးအောင်. . . အမြဲဆောင်ရွက်ကာ ချောင်းရေကြည်နေသရွေ့တော့. . . လောင်းလှေလေးတွေ စီးလို့နေဦးမယ်

ချောင်းရေပြင်မှာ. . . လောင်းလှေဆင်ကာ. . . ပေါင်းစုအင်အားရယ်နဲ့. . . ကောင်းမှုသဒ္ဓါ ပွားပါလို့ ရဟန္တာ မထေရ်မြတ်ကိုလ. . . ဥပဂုတ္တ ဘွဲ့နာမည်ရ. . . နှစ်တိုင်းပင် (ပူဇော်ကြ)၂ ဆုတောင်းကာ. . . ပဏာမဂါရဝ. . . ပြည်ပြည်ရွာ ငြိမ်းကာအေး . . . အရှင်ဘုရားရယ် ကူပေး. . .

ကြည်ညိုစရာ ရဟန္တာတစ်ပါး. . . ဝမ်းသာအားရ ပူဇော်ပြန်တယ်. . . နှစ်ပေါင်းတစ်ရာ့လေးဆယ် စွန်းလာ ထွန်းလင်းတဲ့ ငွေစန္ဒာသို့နှယ်. . . မပျက်ခဲ့တယ်. . . အစက်မဲ့တယ်. . . အရှင်တန်ခိုးတိုးလို့ရယ်. . . ရွှေကျင်မြို့ သာယာဖွယ်. . . အေးချမ်းကြပါစေတော့ကွယ်. . .

(ယမင်သူဇာခင်)၂ ဆင်ဖြူပြာလွင်. . . ချောင်းရေပြင်ကြီးမှာလ. . . လောင်းလှေယာဉ်စီးပါလို့. . . တေးသံသာ ညင်းသွဲ့သွဲ့ရယ်နဲ့. . . တက်ကိုင်ကာ ယိမ်းနွဲ့ပါလို့. . . နှစ်တိုင်းပင် ဆင်သ ယှဉ်တိုင်းပင်ယဉ်လှ. . . ယဉ်လှ. . . ကြည်ရွှင်ကာ ပြုံးပျော်မြဲ ပျိုတို့တစ်တွေနွဲ့. . .

(ယိမ်းလိုက်ရှင်)၂ ယိမ်းလိုက်ကြရှင် (ယိမ်းလိုက်ရှင်)၂. ညီညီညာညာ ယိမ်းလိုက်ကြဟေ့. . . (ယိမ်းလိုက်ကြရှင်)၂ ပြည်ပြည်ရွာရွာ ငြိမ်းချမ်းဖို့ပင်. . . (ယိမ်းလိုက်ရှင်)၂. . .





ဒီစကားလေးသုံးလုံး းအသက်ဝင် (ယိမ်းလိုက်ရှင်)၂

ထင်ရှားကာ ရှေးကတည်းကပင်. . . (ယိမ်းလိုက်ရှင်)၂ ရွှေကျင်မြို့ရဲ့ယိမ်းလိုက်ရှင်. . . ကျွန်မ ယိမ်းလိုက်ရှင်. . . ရွှေကျင်ချောင်းက ယိမ်းလိုက်ရှင် (ပျိုတို့ ယိမ်းလိုက်ရှင်) ရွှေကျင်သမိုင်းရဲ့ လမ်းကြောင်းတွင် (ယိမ်းလိုက်ရှင်)၄ စည်းလုံးကာ သူ့အသွင် (ယိမ်းလိုက်ရှင်)၂. . .

လှုပ်ရှားညီညာ. . . အသက်ဝင် (ယိမ်းလိုက်ရှင်)၂ အောင်မြင်မှုရဲ့. . . ရှေ့ဆောင်ပင်. . . အားလုံးပင်. . . ယိမ်းလိုက်ပါရှင်. . .

(ညီညီညာညာ ယိမ်းလိုက်ကြဟေ့. . . ယိမ်းလိုက်ရှင် ပြည်ပြည်ရွာ ငြိမ်းချမ်းဖို့ပင်. . . ယိမ်းလိုက်ရှင်)၂ (ယိမ်းလိုက်ရှင်)၂ (ယိမ်းလိုက်ကြရှင်)၂

"ဒီသီချင်း ဘယ်သူရေးတာလဲဟင် ရန်ကြီးအောင်"

"ကိုအေးထွန်းတဲ့. . . နန်းရှိုလာ"

"ဆိုတာ နွယ်နီလင်း ထင်တယ်နော် သား"

"ဟုတ်တယ် ကြီးမေ"

"ကောင်းတယ်နော်. . . တက်ကြွမြူးတူးနေတာပဲ"

"ဒါ မြန်မာ့သံစဉ်လေ"

ရန်ကြီးအောင်ရယ်. . .

နင်နဲ့ငါ ယှဉ်ပြိုင်ရာမှာ နင်တတ်တဲ့အရာမှန်သမျှ ငါတတ်ရမယ်လို့ ဆုံးဖြတ်ပြီး ငါ စောင်း၊ ပတ္တလား အတီးသင်ရင်း မြန်မာ့ဂီတကို စိတ်ဝင်စားလာတာနဲ့အမျှ မြတ်နိုးလာပြီဆိုတာ နင်



www.burmeseclassic.com

www.burmeseclassic.com



မသိသေးဘူးနော်။

"ရွှေကျင်ချောင်းတော့ကွယ်. . . မီးမျှောပွဲ ပြီးရင် ပျင်းသွားတော့မှာပဲ"

"ဟုတ်တယ် နန်းရှီလာ၊ တို့များ ရွှေကျင်သူတွေလဲ ရွှေကျင်ချောင်းနဲ့အတူ ပျင်းကျန်ရစ်ခဲ့မှာ ကျိန်းသေပဲ"

"ဧည့်သည်တွေ ပြန်သွားကြလို့ပေါ့နော်"

"ဒါပေါ့ကွယ်. . . ဧည့်သည်ဆိုတာ အချိန်တန် ပြန်မယ်ဆိုတာ သိလျက်နဲ့ပဲ ရွှေကျင်ချောင်းထဲက လောင်းလှေတစ်စီးပေါ်မှာ အတူတကွ တစ်လှေတည်းစီး တစ်ခရီးတည်း သွားဖြစ်သွားကြတော့ ပိုပြီးချစ်ခင်ရင်းနှီးသွားကြတယ်၊ ပြီးလဲပြီး ပြန်လဲပြန် ဆိုတော့ကွယ်၊ လွမ်းလို့ ကျန်ရစ်ကြတာပေါ့"

"နန်းရှီလာတို့လည်း မပြန်ချင်ပါဘူး၊ ကျောင်းတက်ရဦးမှာဆိုတော့. . ."

"အေးပါ. . . ကြီးမေ နားလည်ပါတယ်၊ သွား. . . ထမင်းဆာကြရောပေါ့၊ ဟိုဘက်ကမ်းကို ကပ်လိုက်၊ အဲ့ဒီက ခြံတစ်ခြံမှာ ထမင်းသွားစားကြမယ်"

"ဟုတ်ကဲ့ ကြီးမေ. . . ဝင်ခမိန်ဘက်ကိုနော်"

"အေး. . . အေး"

နင်က လှေလှော်တယ်။ နင့်သူငယ်ချင်းဟောင်းက ထိုးဝါးနဲ့ ထောက်ပေးတယ်။ ငါတို့ကလည်း လှေဝမ်းထဲ ဝင်လာတဲ့ရေများကို ခပ်ထုတ်ပေးတယ်နော်။

ဘယ်လိုလုပ်ပြီး မေ့ပစ်လို့ရမှာလဲ ရန်ကြီးအောင်ရယ်။





ဝင်းခမိန်ကျေးရွာက ကရင်အဘိုးကြီးခြံထဲက ကုလားကောပင်အောက်မှာ ထမင်းဝိုင်းဖွဲ့စားခဲ့တာကိုကော၊ ညနေဆုပေးပွဲ ယိမ်းဖွဲ့ တက်ခုတ်ယိမ်းဖွဲ့၊ တက်ပျံ့ယိမ်းအဖွဲ့တွေ မြို့နယ်အလိုက် ရွာနီးချုပ်စပ်တွေကပါ လာပြိုင်ကြတယ် မဟုတ်လား။ ကျန်တာတွေတော့ ငါမမှတ်မိဘူး။

ဒါပေမယ့် တက်ခုတ်ယိမ်းအဖွဲ့မှာ နင်တို့ ပန်းပဲတန်းရပ်ကွက် ယမင်းသူဇာ တက်ခုတ်ယိမ်းအဖွဲ့က ပထမ ငွေဖလားဆုကြီး ရသွားတယ်နော်။

ငါတို့လည်း ဝမ်းသာအားရ လက်ခုပ်တီးပေးလိုက်တယ်။ လက်ဝါးတွေကို ကျိန်းရောပဲ။

ရွှေကျင်ချောင်းရေအလျဉ်မှာ လှေငယ်တစ်စင်းနဲ့ တစ်နေ့လုံး နေရလိမ့်မယ်ဆိုတဲ့ အိပ်မက်မျိုး မက်ခဲ့ပါဘူး။ ဒါ့အပြင်. . .

ညနေ မီးကြာခွက် မျှောတော့ လေက တိုက်တော့ မီးထွန်းရခက်တဲ့ ငါတို့ မီးထွန်းညှိပေးပြီး ငါ့ကို မီးကြာခွက်လေးတွေ ကမ်းပေး၊ ငါက မျှောတယ်။

ဟာ. . . ချောင်းရေအလျဉ် တစ်ပြင်လုံးမှာ အဖြူအနီ အဝါ အပြာ အစိမ်း လိမ္မော် ရောင်စုံမီးကြာခွက်လေးတွေ စီးနင်းလိုက်ပါသွားကြတာလေ။ ချောင်းတစ်ပြင်လုံး ပြည့်နှက်လို့ပါလား။

"နန်းရှီလာ"

"အင်း"

"ပျော်ရဲ့လားဟင်"

"ပျော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါဝမ်းသာတယ်ဟယ်"

"ဘာဖြစ်လို့လဲ"

"ငါက နင်ပျော်နေတာကိုပဲ အမြဲကြည့်ချင်နေတဲ့လူပါဟာ"

"ကျေးဇူးပဲ ရန်ကြီးအောင်၊ ခရီးကြမ်းမှာ ပင်ပန်းခဲ့ရသမျှဟာ ရွှေကျင်ချောင်းမှာ မီးဖောင်မျှောရတာ တစ်ခုတည်းနဲ့ ပြေပျောက်သွားပါပြီဟာ"

"နင့်ကို ကျေးဇူးတင်တယ်"

"ဘာဖြစ်လို့လဲ"

"ငါ့ခေါ်လာရကျိုးနပ်အောင် ပြောတတ်လို့လေ"

"တကယ်ပါ ရန်ကြီးအောင်၊ ငါသိပ်ပျော်ပါတယ်"

နင့်မှာ ဒီထက်ပိုပြီး စကားမရှိတော့ဘူးလားလို့ မေးလိုက်ချင်တယ်။

ဒါပေမယ့် မိန်းမသားတစ်ဦးရဲ့ကန္တေသိက္ခာတန်ဖိုးကို နားလည်ပြီး ထိန်းချုပ်တတ်လာတဲ့ ငါဟာ နင့်ကို ရေလာမြောင်းပေးစကားပြောဖို့ နှုတ်ဆွံ့နေတတ်ပြီ ရန်ကြီးအောင်။

အချစ်ကို ဖန်တီးမယူဘူး။

ဒါပေမယ့် နှလုံးသားကို ငါအနိုင်ယူချင်တယ်။

ဘာပဲဖြစ်ဖြစ် တစ်နေ့မှာ နင့်ကို ငါအနိုင်ရမှာပါ။

ရှုမငြီးနိုင်အောင်ဖြစ်နေတဲ့ မီးကြာခွက်ကလေးတွေ ရေအလျဉ်စီးနေတဲ့ ရွှေကျင်ချောင်းကို မျက်စိတဆုံး ငေးရင်း ရင်ထဲမှာ တစ်မျိုးပဲ။ လွမ်းသလိုလို နှမြောသလိုလိုပဲ။ နှမြောတာက ဒီည လေး ကုန်ဆုံးသွားမှာကို။





"နန်းရှီလာ"

"အင်. ."

"ဘာဆုတောင်းသလဲ"

"ဟင်. . . ဘာဆုတောင်းရတာလဲ"

"မသိဘူး. . . မီးကြာခွက်ကို ပူဇော်လှူဒါန်းရင် ဆုတောင်းရင် ဆုတောင်းပြည့်တယ်လို့ ပြောကြလို့"

"ဟုတ်လား. . . ဒါဖြင့် ဆုတောင်းလိုက်မယ်"

"ငါ ဘာဆုတောင်းမယ်လို့ နင်ထင်သလဲ"

နင် ထပ်မမေးတော့ဘူး။

ဒါပေမယ့် ငါ့ကို နင်ကြည့်တဲ့အကြည့်ကို ငါသိလိုက်တယ်။ မြတ်နိုးသောအကြည့် ဆိုတာလေ။

ဒါပေမယ့် ငါ့ရင်တွင်း ဆုတောင်းချက်ကိုသာ နင်သိရင် နင့်အကြည့်အတွက် နင်နောင်တရသွားမှာ ကျိန်းသေတယ်။ ဘာဖြစ်လို့လဲ နင်သိလား။


"ရန်ကြီးအောင်၏နှလုံးသားကို ဘုရားတပည့်တော် မနန်းရှီလာသည် အနိုင်ရ ပိုင်ဆိုင်ရပါစေသတည်း" လို့လေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၄)

"ဟင်. . . နန်းရှီလာ၊ နင် ငါးပိစားမလို့လား"

"စားကြည့်မလားလို့"

ရန်ကြီးအောင်ရယ်. . . နင် ငါ့ကို အရိပ်တကြည့်ကြည့်နဲ့ ရှိနေမှန်း ငါ အခုမှပဲ သိတော့တယ်။

"စားလေ. . . ပဲစောင်းလျားသီးပြုတ်လေး တို့စားကြည့်၊ ငါးပိအများကြီး မဆမ်းစားနဲ့"

"ဩော်. . . အခုမှပဲ နန်းရှီလာအမေ ပါလာမှန်း သိတော့





တယ်၊ တကတည်းမှ. . . နားကြားပြင်းကတ်တယ်"

နှင်းနှင်းအေးရယ်. . . မသိမသာလေး ငြိမ်နေလိုက်ပါ လား။ ခုတော့ ရန်ကြီးအောင် ရှက်သွားပြီ။ မျက်နှာရဲသွားပြီး ခေါင်း မဖော်ဘဲ ထမင်းငုံ့စားလိုက်ပုံက နင့်ရဲ့ရိုးသားခြင်း၊ မိန်းမကိစ္စမှာ အရှက်အကြောက်ကြီးခြင်းကို ဖော်ပြနေတာလား။ နင့်အပေါ်မှာ ငါမြင်တွေ့နေတာကတော့ ရိုးသားခြင်းပဲနော်။

"တစ်မျိုးပဲဟာ. . . ငါမစားတတ်ဘူး၊ ငန်သလိုလို ချိုသလို လို စပ်သလိုလို. . . မအီမလည်ကြီး"

"မစားဖူးသေးလို့ပါ. . . စားရင်းနဲ့ ခံတွင်းတွေ့သွားမှာပါ"

နင်က ခေါင်းဖော်လာပြီး အားပေးတယ်။ ငါက နင့်ကို ပြုံးပြပြီး. . .

"ငါဆက်စားမှာပါ. . . ငါ ငါးပိကို ဒါ ပထမဦးဆုံးအကြိမ် စားခြင်းပဲ"

"နောက်ဆုံး မဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးရမှာလား"

"အင်း. . . ငါတို့ဒေသက ငါးပုစွန် ရှားတော့ ငါ ငါးပိ မစားတတ်ဘူး၊ ပါပါတို့ မာမာတို့ကလည်း မစားတော့ ငါလည်း မစားတတ်ဘူးလေ"

"ဟုတ်ပါတယ်. . . ငါတို့က ဘာပြောနေလို့လဲ"

"မိနှင်းကို ပြောတာ၊ သူက ငါ ငါးပိမစားတတ်တာ ဘိုမ ကြီးလို့ စလို့လေ"

"ခု ဘယ်မှာ စလို့လဲ၊ အားကိုးရှိတော့ တိုင်နေပြန်ပြီ"

"မိနှင်းနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာ ပြောတာပဲ"

နှင်းနှင်းအေးက နင်နဲ့ငါ့ကို ပေါ်တင်ကြီး စတယ်။ ဖိုးချို လည်း ဒီအတိုင်းပဲ။ အစပိုင်းက ငါ့အပေါ် မရိုးမသား စိတ်ကစားခဲ့တဲ့ ဖိုးချိုဟာ နောက်ပိုင်းမှာတော့ ရိုးရိုးသားသားအဖြစ် ပြောင်းလဲသွားတယ်။

"ပုစွန်ထုပ်တွေက ချိုနေတာပဲ"

"လတ်တာကိုး"

"ပုစွန် သိပ်ပေါတယ်နော်"

"ဟုတ်တယ်. . . ခုနေ အိမ်တိုင်းလိုလိုမှာ ပုစွန်ဟင်းကြီးပဲ ဖြစ်မှာ"

ထမင်းစားဝိုင်းလေး ပြီးသွားတော့ အိမ်ရှေ့မှာ ဝိုင်းဖွဲ့ထိုင်ရင်း ဘိတ်ရှောက်သီး စားကြတယ်။

"ရန်ကြီး"

"ဘာလဲ နှင်းနှင်းအေး"

"စောင်းတီးပြဟာ"

"ငါက အဆိုပါမှ တီးချင်တာ"

ငါ့အတွက် အကွက်ရပြီ ရန်ကြီးအောင်။

"ဘာဖြစ်လို့ ရတနာမင်းထိုက်ကို မခေါ်လာတာလဲ"

"ဘာဆိုင်လို့ မေးတာလဲ"

"ကြော်. . . သူပါလာတော့ နင်စောင်းတီးရင် သီချင်းဆိုပေးဖို့ အဖော်ရတာပေါ့. . . မဟုတ်ဘူးလား"

"သီချင်းဆိုပေးလောက်ရုံနဲ့ အဖော်အဖြစ် သတ်မှတ်လို့ ရသလား နန်းရှီလာ"

"မရဘူးလား"

"နင်သိမှာပါ"

ငါတို့စကားတွေဟာ ပွင့်လုလုပါလေ။ ဒါပေမယ့် နင်ရှောင်တိမ်းသွားတယ်နော်။

"ကဲ. . . အဆိုမပါ အတီးသက်သက်ကိုပဲ ငါက တောင်းဆိုပါတယ်. . . ရှီလာကော"

"ငါလဲ သိပ်နားထောင်ချင်နေပါတယ်"

ငါ စကားဆုံးတာနဲ့ နင်ဟာ စောင်းကို သွားယူပြီး ဖြစ်နေတယ်။ နှင်းနှင်းအေးကတောင် ငါ့ကို မျက်စပစ်ပြတယ်. . . "တွေ့လား" ဆိုတဲ့သဘော။

"ဘာသီချင်းနားထောင်ချင်သလဲ"

"မသိဘူး. . . နင့်စိတ်ထဲ ရှိတာ ဆိုလေ"

နင့်အကြည့်နဲ့ အမေးကို ငါကလည်း နင့်မျက်ဝန်းအိမ်ကို သေသေချာချာ စိုက်ကြည့်ပြီးမှ ဖြေလိုက်တာ။

နင့်ရင်ကို ခွဲပြီး ငါကြည့်ချင်လိုက်တာဟယ်။ နင့်နှလုံးသားထဲ ဘာတွေဖြစ်နေပြီလဲလို့။ ဒါပေမယ့်. . .

"(ဂန္ဓာမာတောင် လိုဏ်ချောင်မုခ်နန်းဂူယဉ်တွင် မွှေးတကြုကြု ပဥ္စုတည့်နတ်ပန်းပင် )၂(ဆွတ်ချူယူငင်၊ ပန်ဆင်လေ၊ ပန်ဆင်လေ၊ ပန်ဆင်လေ ရည်စူးမြင်ရုံသာ စိတ်ကယ်တကူး သည်နှင့်လေး)၂(ယကွယ် နတ်မှူး ဘီလူးငယ်စုဋ္ဌာန် ချူသာနိုင်ပဲ စေမြဲတည့်စောင့်ကာရံ)၂ (မချူသာပြန် ယူရန်ကြံရေးခက်ပလေ၊







www.burmeseclassic.com

www.burmeseclassic.com



တမျှော်မျှော်၊ ညှိုးရော်ဖွေပျောင်းညွတ်မှု လေး)၂ ဝေလူလျှံလန်း ရွှေဂူဖန်နန်းပေါ်ငယ်မှာ ပန်ဆင်ရာ ရွှေကေသာ မြန်းပါလို့၊ သည်ပန်းမှ နတ်ပန်းတော်. . ."

နင့်ရဲ့စောင်းကြိုးသံစဉ်အောက်မှာ ငါ့ရင်တွေ တဒိန်းဒိန်း ခုန်လာတယ်။

"ရန်ကြီးအောင်"

"ကုန်းဘောင်ခေါ်၊ ငါးမည်ရ ပြည်ရွှေဘို ဘေးရန်ကပြို"

အရေးထဲ နှင်းနှင်းအေးက နောက်နေသေးတယ်။ ရင်ထဲက ခံစားမှု သံစဉ်လေးတွေတောင် ပျောက်ချင်သွားတယ်။ ယောက်ျားလေးတစ်ယောက်နောက်ကို မိန်းကလေးတစ်ယောက်တည်း လျှောက်လိုက်နေတယ်ဆိုပြီး သိက္ခာကျမှာစိုးလို့ နှင်းနှင်းအေးကို တမင် မရရအောင် ခေါ်ခဲ့မိတာတောင် မှားပြီထင်တယ်။ တကယ့်အမှိုက်ပဲ။

"ဘာလဲ နန်းရှိုလာ"

"မြဝတီမင်းကြီးဦးစရဲ့မဉ္ဇူသက နတ်ပန်းဘွဲ့ မဟုတ်လား"

"ဟုတ်တယ်"

နင်က ဖြေလိုက်ပြီး ငါ့ကို အံ့ဩသလို လှမ်းကြည့်တယ်။ ပြီးမှ မနေနိုင်ဘဲ. . .

"နင်သိတယ်လား နန်းရှိုလာ"

"ငါ့ကို စောင်းခဏပေး"

နင်က ငါ့ကို စောင်းကို ကမ်းပေးလိုက်တယ်။

"နင် သင်ချင်လို့လား"





"ဟင့်အင်း. . . ငါတီးမလို့"

"ဟင်"

မယုံကြည်နိုင်လောက်အောင် အံ့ဩသွားပုံရသော နင့်မျက်ဝန်းကို ငါက အေးဆေးစွာ ကြည့်ပြီး ပြုံးပြလိုက်တယ်။

ငါ့အပြုံးတွေဟာ နင့်ရင်ကို ခြောင်းဆန်သွားအောင် ပြုစားနိုင်စွမ်း ရှိရဲ့လား မသိဘူး။

"ဘာလဲ. . . နင်က ငါ့ကို အထင်သေးလို့ မေးတာလား"

"ဝါးမိုးရှာ ထင်တယ်၊ တစ်နေ့လုံး ချောင်းထဲမှာ နေခဲ့ရတာ၊ ပင်ပန်းလာပြီး အိပ်ရာထဲ ကျောဆန့်ရင်း နင့်စောင်းသံကို အိပ်ရာဝင်သံစဉ်အဖြစ် နားထောင်ပြီး အိပ်တော့မယ်"

နှင်းနှင်းအေးက ခုတော့လည်း စွတ်ရွတ်ပြီး အလိုက်သိနေပြန်ပြီလေ။

"မဟုတ်ရပါဘူး နန်းရှိုလာ၊ ငါ နင်တီးတတ်မှန်း မသိလို့ပါ"

"ဆယ်တန်းဖြေပြီးကတည်းက သင်လိုက်တာလေ"

"ဩော်. . ."

"နင် မကဲ့ရဲ့နဲ့နော်"

"ငါ့မှာ တစ်ဖက်သားကို ရှုတ်ချအထင်သေးတတ်တဲ့ ဝါသနာ မပါလာဘူး၊ ကဲ. . . တီးပါ နန်းရှိုလာ"

"နင် နားထောင်ချင်ရဲ့လားဟယ်၊ လက်သင်စ ငါ့လက်ရာ မှားရင်လဲ ပြင်ပေးနော်"

"စိတ်ချ နန်းရှိုလာ၊ ငါလေ. . နင့်လက်ရာနဲ့ နင့်အသံကို သိပ်ကြားချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငါ စောင်းတီးဖို့ရာ စိတ်အပါဆုံးအချိန်ပဲ ရန်ကြီးအောင်။

"ငါ မိုးဘွဲ့ယိုးဒယား တီးမယ်"

"လျှပ်ရောင်တဝင်းဝင်းနဲ့ ဖြစ်နေတဲ့ သီတင်းကျွတ် မိုးဖျက်ကာလနဲ့ သိပ်ကို လိုက်ဖက်တယ်. . . တီးပါ"

နင်က အားတက်သရော ရှိနေတာကို မြင်ရတာနဲ့ပဲ ငါ့ဘဝင်မှာ ပီတိဖြာရတယ်။ ငါကြိုးစားခဲ့ရသမျှတို့ဟာ အထင်ကြီးလေးစားခြင်းအရိပ်တွေ ယှက်ဖြာနေတဲ့ နင့်မျက်ဝန်းကို မြင်ရရုံနဲ့ ကျေနပ်နိုင်စွမ်းရှိတယ်ဆိုတာ နင်သိရင်လေ။

(ဆန်းဆန်းသဉ္ဇာကြာညောင်း၊ နန်းမြင့်ဗွေဆောင်သဉ္ဇာကြာညောင်နန်းမြင့်ဗေအောင်)၂ ရွှေညဉ့်လွှာရုံ ညဉ့်လွှာရုံ၂ မြူမြူတွေးတွေး. . . (စက်ပါသော်ပျော်ပေါင်တုန်လို့အေး) (သံတဟုန် သံတဟုန်မာန်ဂုဏ်ကြွနွှာဖြိုး၊ ကြွနွှာဖြိုး)၂ (ဂိုဏ်းဂိုဏ်မို့ဆင်လာ၊ ဂိုဏ်းဂိုဏ်ဆင်လာ)၂ (မယ့်ကျွမ်းကြွေကာကွန်း၊ ဗွေမှာ)၂ (စာစာ နာကောင်းသင့်လျက်ပါ)၂ (ဖော်ကွာသူ ပူစေပျာန္ဓောင်ချွဲ)၂(လှိုက်ဖိုသည်ရှိုက်ငိုပွဲ)၂ (ဖွဲ့တချီချီကျူးရင့် ရွှေစည်)၂ ရှစ်ခွင်မှာမင်းလွင် ပြာလို့ရီ)၂ (ရာသီပွဲခါမိန္ဒဲ)၂ (မြူသလေလေဆောင်ရှေ့ထဲမှာ သဲတဉာဏ်ပိုင် ကဲမခံနိုင်)၂ ဗျာပွဲလှိုင်၊ ညာသည်းစိုင်၊ ညာသည်းစိုင်၊ ဗျာပွဲလှိုင်ပူဝန်ပိုပွားကာမှိုင်၊ ငိုကာ ယောက်သည်းသာထိုင်။

ဘယ်လိုဖြစ်သွားသလဲ မသိဘူး ရန်ကြီးအောင်။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။

"နန်းရှီလာ"

ငါ နင့်ကို တုံ့ပြန်မှု မပေးနိုင်ဘူး။ နင့်ရင်ခွင်ထဲ စောင်းထည့်ပြီး ငါတို့အတွက် ပေးထားတဲ့အိပ်ခန်းထဲကို ဝင်ခဲ့မိတယ်။





"နန်းရှီလာ"

နင် တအံ့တသြနဲ့အတူ နင့်ဦးနှောက်စားသွားလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် ငါ့ရဲ့မျက်ရည်စက်ကို နင်ကြောက်လန့်တယ်ဆိုရင် ငါ မျှော်လင့်ချက် မပေးတော့ဘူးနော်။ မိုးက သဲကြီးမဲကြီး ရွာချလာတယ်နော်။ နင့်ရဲ့လှုပ်ရှားသံကို ငါမကြားရဘူး။ အတန်ကြာမှ နင် စောင်းကြိုးတွေကို သံစဉ်မဲ့ တီးခတ်နေတာကို ငါကြားနေရတယ်။

နင့်ရင်ထဲ ဘာတွေ ခံစားနေရသလဲ ရန်ကြီးအောင်။ ငါ သိချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com




အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"နန်းရှီလာ"

"ဟယ်. . . ဖိုးချို၊ နင်ဘယ်တုန်းက ပြန်ရောက်သလဲ"

"နင် ငြိမ်ချက်သား ကောင်းလှချည်လား၊ ငါပြန်ရောက်တာတောင် မသိဘူးလား"

"ဘယ်သိမှာလဲ. . . နင်လာမှ သိမှာပေါ့၊ ထိုင်လေဟာ"

ဖိုးချိုက ငါနဲ့ မျက်နှာချင်းဆိုင် ဆိုဖာဆက်တီပေါ်မှာ ဝင်ထိုင်တယ်။

"နင် ဝလာတယ်"





"လုပ်ပြီ. . . ငါ နင်နဲ့မိနှင်းအတွက် ကီမိုနို တစ်ထည်စီဝယ်ခဲ့တယ်၊ ဒီမှာ နင်ကြိုက်တာယူပြီး မိနှင်းကို တစ်ထည်ပေးလိုက်"

"အေးပါ. . . သိုင့်ခ်ယူ၊ နင်ပြန်ထွက်ဦးမှာလား၊ ဒီမှာ စီးပွားရေး လုပ်မှာလား"

"ပြန်မထွက်တော့ဘူး. . . ဒီမှာပဲ ကုမ္ပဏီထောင်မယ်၊ နင်တို့ ငါ့ကုမ္ပဏီမှာ လာလုပ်ကြနော်၊ ဒီနှစ် နောက်ဆုံးနှစ် မဟုတ်လား"

"အမယ်. . . မလုပ်ပါဘူး၊ နောက်ဆုံးနှစ် ပြီးလဲ ငါက မာစတာ ဆက်တက်ဦးမှာ"

"နင်ကတော့ သေတဲ့အထိတောင် ပညာယူလို့ ပြီးပါ့မလား"

"ပညာဆိုတာ ကုန်ဆုံးသွားတယ်လို့ ရှိလို့လား ဖိုးချို"

"တော်ပြီ. . . တော်ပြီ၊ မှားပါတယ် နန်းရှီလာ၊ ဟိုကောင် အိုင်ဆေးလည်း ဒီအတိုင်းပဲ၊ ပညာလောဘကို ကြီးတယ်၊ ခုပဲ သူ့အိမ်ဝင်ခဲ့တာ၊ လိုက်ခဲ့ပါ ခေါ်လည်း မလိုက်ဘူး၊ နင်တို့အချင်းချင်း ဘာဖြစ်နေကြလို့လဲ"

ငါ့ရင်ထဲ လေးလံသွားတယ်၊ ယုန်ကမတိုး ပိုက်ကတိုးရမလိုဖြစ်နေတဲ့၊ ငါ့ရဲ့နည်းဗျူဟာကို ငါရုပ်သိမ်းခဲ့လိုက်တယ်၊ နင့်ဆီက အချစ်ကို အနိုင်ရယူလိုမှုတစ်ခုတည်းနဲ့ မိန်းမဣန္ဒြေသိက္ခာကို လျှော့ချပြီး ရယူရမယ့်အဖြစ်မျိုးဆိုရင် ငါမလုပ်တော့ဘူးဆိုတဲ့စိတ်ကို ရွှေကျင်မီးမျှော်ပွဲအပြန်မှာ ဆုံးဖြတ်ခဲ့တယ်၊ ဒါ့ကြောင့် ကိစ္စရှိတဲ့အခါ နင်နဲ့ငါ တွေ့ကြတယ်၊ ဖုန်းဆက်ဖြစ်ကြတယ်၊ ကိစ္စမရှိရင်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြတော့ဘူးနော် ရန်ကြီးအောင်။ ဒါပေမယ့် ရိုးသားကြိုးစားနေတဲ့ နင့်သတင်းကိုတော့ ငါ အမြဲနားစွင့်နေတယ်ဆိုတာ နင်သိရဲ့လား။

"ဟော့. . ယူ့ .' ဘာငိုင်နေတာလဲ"

"ဟို. . . ဟို"

"ဘာလဲ. . . အိုင်ဆေးအကြောင်း ပြောလိုက်တာနဲ့ တွေးစရာ ဝေးစရာတွေ ရှိနေပြီလား"

"မဟုတ်ပါဘူး. . . နင်ဘာစားမလဲ၊ ငါ ဒေါ်တုတ်ကို လှမ်းခိုင်းလိုက်ဦးမယ်"

"ဘာမှ လုပ်ခိုင်းမနေနဲ့၊ နင် စကားလမ်းလွှဲမပစ်နဲ့ဦး၊ ငါ မေးတာဖြေ"

"ဘာလဲဟ"

"အိုင်ဆေးအကြောင်း နင်တွေးတတ် ဝေးတတ်နေပြီလား"

"ဘာဆိုင်လို့လဲဟာ. . . သူငယ်ချင်းအချင်းချင်းပဲဟာ"

"အေး. . . အိုင်ဆေးကလည်း အဲဒီလိုပဲ ပြောတယ်"

"ဟင်"

"မဟင်နဲ့. . . ဒီကောင်က နင့်အကြောင်း ပြောလိုက်ရင် ငိုင်သွားတာပဲ၊ ဒါနဲ့ ငါလည်း ဘာကူညီပေးရမလဲလို့ မေးလိုက်တော့ မလိုပါဘူးတဲ့၊ ငါတို့က ရိုးရိုးသားသားပဲတဲ့လေ၊ ဖြူစင်နေတဲ့အချစ်ကို အရောင်မပြောင်းချင်ဘူးတဲ့လေ၊ တော်တော်အတွေးခေါ်တာပဲ"

"နင် ဘာတွေ လာပြောနေတာလဲ ဖိုးချို"





"ဟုတ်တယ်. . . ငါပြောတာတွေ အမှန်ပဲ၊ ဒီကောင်က အဲ့ပုန်းသမား၊ သူခံစားရတာကို ငါမပြောတတ်ဘူး"

"နင် အခုမှ ရှေ့နေလိုက်နေတာလား ဖိုးချို"

"မဟုတ်ဘူး. . . အခုနဲ့ ရှေ့နေလိုက်နေတာ"

"ဟင်း. . . နင် အခုထက်ထိ နောက်တတ်တုန်းပဲ"

"ပျော်ပျော်နေ သေခဲ့တဲ့ဟ၊ ငါတကယ်ပြောတာ၊ ငါ အိုင်ဆေးဆီက အဖိုးအခအဖြစ် တန်ဖိုးမဖြတ်နိုင်တဲ့အရာတစ်ခု ရထားတယ်"

"ဘာလဲ"

"နင် မကြာခင် သိမှာပါ"

"မရဘူးဟာ. . . နင်ပြောရမယ်၊ အဲ့ဒီလို တိုးလို့တန်းလန်း မထားကောင်းဘူး၊ လူပျိုကြီး ဖြစ်တတ်တယ်တဲ့"

"မြတ်စွာဘုရား. . . တကယ်လား"

"တကယ်ပြောတာ. . . ဒါကြောင့် မိန်းမတွေ လက်ဖက်စားတဲ့အခါ ပန်းကန်ကို နှမ်းစေ့တစ်စေ့ မကျန်အောင် ပြောင်အောင် ရက်တာ. . ကြည့်"

"ဟုတ်လား. . . အပျိုကြီးဖြစ်မှာ ကြောက်လို့လား"

"ဟင့်အင်း. . . လက်ဖက်ဆီတက်နေတဲ့ နှမ်းစေ့လေးတွေက ပိုအရသာရှိလို့တဲ့"

"လုပ်ချလိုက်ပြန်ပြီ. . . ငါပြန်မယ်"

"နေဦး. . . နင် ဘယ်တော့ ထမင်းလာစားမလဲဆိုတာရယ်၊ မကြာခင် သိမှာပါလို့ ဘာကြောင့် ပြောတာလဲဆိုတာကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ဦး"

ဖိုးချိုက ထိုင်ရာက ထလိုက်သည်။

"ဖိုးချို"

"ငါသွားမယ်. . . နင်သိချင်ရင် အိုင်ဆေးကို ဖုန်းဆက်မေးလိုက်၊ ငါလာမစားဘူး. . . နင်တို့ လာစားဖို့သာ ပြင်ထားလို့"

"ကောင်စုတ်"

"မဟုတ်ဘူး. . . ဂျပန်ပြန် အကောင်းစားသူဌေးလေးပါ"

"ဘယ်သူမှ မသုံးဘူး"

"နင်သုံးချင်လို့လည်း မရတော့ဘူး၊ ငါ့ကို သုံးမယ့်သူ ရှိသွားပြီ"

"ဘယ်သူလဲပြော"

"တော်ပြီ. . . တော်ပြီ၊ ကြာရင် ပေါ်ကုန်တော့မယ်၊ ဂိုးတော့မယ်. . . ဘိုင့်"

ဖိုးချိုက တာ့တာလုပ်ပြီး ပြန်သွားတယ်။ အရင်အတိုင်း ပြောင်းလဲမှု မရှိဘူးနော်။

ငါ တယ်လီဖုန်းစင် ရှိရာကို လျှောက်ခဲ့တယ်၊ ဖိုးချို အကြောင်း သိချင်လို့ မဟုတ်ဘူးနော်၊ ဒါပေမယ့် ဖိုးချိုအကြောင်းကို အကြောင်းပြုပြီး နင့်ဆီကို ဖုန်းဆက်တာဟာ မိန်းမသားသိက္ခာကို မကျဆင်းစေတတ်ဘူး ထင်ပါတယ်နော် ရန်ကြီးအောင်။







## အခန်း(၂၆)

"ဟဲလို"

"ပြောလေ နန်းရှိလာ"

နင် ငါဖုန်းဆက်မယ်ဆိုတာကို ကြိုတင်မျှော်လင့်ထားတယ်လား ရန်ကြီးအောင်။

"ဖိုးချို ရောက်လာတယ်"

"ဟုတ်တယ်. . . ငါ့ဆီကိုတော့ ရောက်တဲ့နေ့ကတည်းက နေ့တိုင်းရောက်တယ်၊ နင်တို့ဆီ သွားမယ်လို့ ပြောသွားတယ်"

"ဟုတ်တယ်. . . အဲ့ဒါ ငါ့ကို ပဟေဠိ ဖွက်သွားလို့ ရန်ကြီးအောင်"

www.burmeseclassic.com



"ဘာများလဲ. . . ငါသိရင် အဖြေပေးနိုင်လိမ့်မယ် ထင်တယ်"

"ဒီလိုပါ"

ငါ ဖိုးချိုစကားအတိုင်း ပြောလို့မဖြစ်ဘူးလေ၊ စဉ်းစားပြီး ပြောသင့်တာကို ပြောဖို့ ရွေးချယ်ရသေးတယ်။

"ပြောပါ"

"ဖိုးချိုက အရင်အတိုင်းပဲ. . . သိပ်ရှုပ်တာပဲ"

"ဟုတ်တယ်"

"သူက နင့်ဆီက တန်ဖိုးမဖြတ်နိုင်တဲ့အရာတစ်ခု ရထားတယ်တဲ့"

"ဘာလဲ"

"နင်လည်း မသိဘူး မဟုတ်လား"

"နင်တို့စကားတွေရဲ့အဆက်အစပ်ကို ငါမသိဘဲ ဘယ်ပြောနိုင်မလဲ"

"ထားပါတော့. . . နောက်တစ်ခွန်း ပြောသေးတယ်"

"ဘာပါလိမ့်"

"သူ့ဆီကပဲ ငါတို့ စားရမှာတဲ့"

"ဪ. . . ဒါလား၊ သူ ဝဲလ်ဒင်လုပ်တော့မှာ"

"ဟင်. . . ဘယ်သူနဲ့လဲ. . . ဘယ်တော့လဲ"

"လိုတော့ လိုပါသေးတယ်၊ သူ့လုပ်ငန်း အခြေတကျဖြစ်ပြီးမှ ဝဲလ်ဒင်မှာ၊ ဒါပေမယ့် ရှေ့လလောက်မှာ အင်ဂေ့ချ် လုပ်လိမ့်မယ်"





ငါ စိတ်မရှည်တော့ဘူး။

"ဘယ်သူနဲ့လဲဆို"

"ရတနာမင်းထိုက်နဲ့"

"ဟင်. . . ဟုတ်လား"

ငါ အရမ်းအံ့ဩသွားတယ်။ ပြီးတော့ အရမ်းလည်း ဝမ်းသာတယ်၊ နောက်ပြီး စိတ်ထဲမှာ သိပ်ကျေနပ်လိုက်တာက နင့်ရဲ့ အေးအေးဆေးဆေးအသံကြောင့်ပဲ။ နင် ရတနာမင်းထိုက် လက်ထပ်မှာကို ဘာမှ ခံစားချက် မရှိဘူး မနာမြောဘူးဆိုတာ သိလိုက်ရတော့ ငါ့ရဲ့မျှော်လင့်ချက်ပန်းတိုင် နီးလာပြီဆိုပြီး ငါသိပ်ကျေနပ်မိတယ် ရန်ကြီးအောင်။

"နန်းရှီလာ"

"ဘာလဲ"

"နင် အံ့ဩသွားသလား"

"ဟုတ်တယ်. . . သူတို့ ဘယ်တုန်းက ဖြစ်သွားကြတာလဲ"

"ကြာပြီထင်တယ်. . . ငါတောင် မသိလိုက်ပါဘူး၊ နောက်မှ ဖိုးချိုစာတွေ ရတနာဆီ အလာများတော့မှ ရိပ်မိလိုက်တာ"

"ဪ. . . ဒီလိုဆိုရင် ဖိုးချိုရဲ့ပဟေဠိကို ငါသိပြီ"

"ဘာများပါလဲ"

"နင်နဲ့ရတနာက မောင်နှမဆိုလည်း မမှားဘူး မဟုတ်လား၊ ဒါကြောင့် ရတနာကို ရလိုက်တာ နင့်ဆီက အဖိုးမဖြတ်နိုင်တဲ့အရာကို ရလိုက်တယ်လို့ ပြောတာနေမှာ"

"အင်း. . . အင်း. . . ဟုတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ စွံကုန်ပြီ၊ နင်ကော ဘယ်တော့လဲ"

"ငါစိတ်မဝင်စားဘူး"

"နင် ဘုန်းကြီးဝတ်မှာလား"

"ဝတ်သင့်ရင်. . . အဲ. . . ဝတ်ချင်တဲ့စိတ် ပေါက်လာရင် ဝတ်မှာပေါ့၊ ဘာဖြစ်လို့ မေးတာလဲ၊ ပဥ္စင်းဒါယကာ ခံမလို့လား"

နင် သက်သက် ဂွတိုက်စကား ပြောတာ။

နင်ဟာ သိပ်ကို မုန်းဖို့ကောင်းတဲ့လူပဲ။ နင့်ကို နိုင်ဖို့အတွက် နှစ်ရှည်စီမံကိန်း ချပြီး ကြိုးစားရတာ ပင်ပန်းလိုက်တာဟယ်။

"အင်း. . . ဟုတ်တယ်"

"ဒါဖြင့်ရင်လည်း ငါ ပါရမီဖြည့်နိုင်အောင် ကြိုးစားပေးပါ့မယ်"


"သေလိုက်"

"ဂျလောက်"

စိတ်တိုတိုနဲ့ ပြောပြီး ဖုန်းဆောင့်ချလိုက်တယ်။ နောက်ဆုံး နှစ်တောင် ရောက်လာပြီ။ နင့်ဆီက စကားတွေဟာ ခုထက်ထိ ပြောင်းလဲမှု မရှိသေးပါလားနော်။ ငါဟာ ဖွဲမကောင်းရင် လက်နက်ချလိုက်တာ ကြာပြီ။ ခုတော့ နန်းရှီလာဆိုတဲ့ ငါကလည်း အင်မတန် ခေါင်းမာတဲ့မိန်းမ ဖြစ်နေလေတော့ တစ်နေ့တစ်လံ ပုဂံဘယ်ပြေး မလဲ ရန်ကြီးအောင်။







## အခန်း(၂၇)

"သမီး နန်းရှီလာ"

"ဗျာ"

"လာပါဦး. . . လကလေးက သာလိုက်တာ၊ ပါပါနဲ့ စကားပြောရအောင်၊ ပါပါက ဘီယာသောက်ရင်း လသာညရဲ့အရသာကို ခံနေတယ်"

"မာမာ ရှိတာပဲ၊ မာမာနဲ့ပဲပြော"

"နင့်မာမာ မသိတဲ့အကြောင်းအရာတွေ ပါပါက ရှီလာ့ကို မေးမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှီလာ. . . ပါပါက လာဆိုရင် လာပေါ့၊ ဂျီလေးဂျာလေး လုပ်မနေနဲ့"

လိုက်လည်းလိုက်တဲ့ လင်မယား။

ဒရင်းဘတ်တစ်လုံးစီပေါ်မှာ ကိုယ်စီထိုင်လို့။ မာမာက လည်း အမြည်းလေး ဝါးလိုက်၊ ပက်စ်စီလေး စုပ်လိုက်နဲ့ သိပ်ဖိမ်ကျ နေလိုက်ကြတာ။

"နန်းရှီလာ စောင်းတီးမလို့ ပါပါ"

"နေပါဦး. . . နောက်တော့ တီးတာပေါ့၊ လာ. . ထိုင်"

ပါပါက သူ့ခြေထောက်ကို ရုပ်သိမ်းပေးတော့ ငါဝင်ထိုင် လိုက်တယ်။

"ရှီလာ နောက်ဆုံးနှစ် ဖြေပြီးပြီနော်"

"ပါပါ သိသားနဲ့"

"သိတယ်. . . မသိတာက သူများသားသမီးတွေလို ရှီလာ မပူဆာသေးလို့"

"ဘာပူဆာရမှာလဲ"

"ပညာလဲ စုံပြီ. . . ကြင်ယာလဲ စုံချင်ပြီလို့လေ"

"ဟာ. . . ပါပါကလဲ"

"ဟာ. . . ပါပါကလဲ မလုပ်ပါနဲ့၊ ငါတို့မှာ သမီးကညာ အခါမလင့်စေဖို့ ဝတ္တရားရှိတယ်၊ ဘယ်သူနဲ့လဲပြော. . . မရှက်နဲ့"

ငါ. . . ပါပါတို့ကို မရှက်စဖူး ရှက်သွားတယ်၊ ပါပါက ပြောင်ကျလွန်းတယ်ဟာ။

"နန်းရှီလာ အဲဒီကိစ္စ စိတ်မကူးသေးဘူး ပါပါ"





"ပါပါက စိတ်ကူးနေတယ်ဆိုရင်ကော"

"နန်းရှီလာ ငြင်းရမှာပဲ"

"ဘာဖြစ်လို့လဲ နန်းရှီလာ"

"လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်"

"လွတ်လွတ်လပ်လပ်ဆိုပြီး အရွယ်တော် ဟိုင်းသွားမှ တွေ့တာရာလူနဲ့ ဖြစ်ရတဲ့အခြေအနေမျိုးဆိုရင် ပါပါ လုံးဝလက်မခံနိုင်ဘူး နော်"

"နန်းရှီလာ အဲဒီလို အသိဉာဏ်နည်းတဲ့ အပြုအမူမျိုး ဘယ်တော့မှ မလုပ်ဘူး ပါပါ"

"ဒါဖြင့်လဲ ပြီးတာပါပဲ၊ ပါပါက စိုးရိမ်လို့ပါ၊ ကိုင်း. . . သမီး ကြိုက်တဲ့ ဆတ်သားကင်မွှေးမွှေးလေး စားပါဦး"

မိဘမေတ္တာစေတနာကို ငါနားလည်ပါတယ်။ တစ်ဦး တည်းသောသမီး ငါ့အတွက် ပါပါနဲ့မာမာ စိုးရိမ်မကင်း ဖြစ်နေကြ မယ်ဆိုတာလဲ ငါယုံကြည်ပါတယ်။

ခက်တယ် ရန်ကြီးအောင်၊ နင့်ကို အနိုင်ရယူဖို့တစ်ခု အတွက်နဲ့ ငါ့နှလုံးသားကို ငါ အကျဉ်းချထားခဲ့မိတယ်။ ဒါနဲ့ပဲ ငါ ပရိုပို့စ် လုပ်လာတဲ့လူတွေကို လုံးဝမစဉ်းစားဘဲ ပယ်ချခဲ့မိတာ ဒါ ငါမှားသလား။

"သံပုရာသီး ညှစ်ဦးမလား ရှီလာ"

"နိုး. . သိုင့်ခ် မာမာ"

"ဒါထက် ဦးချမ်းသာ,သား ဂျပန်က ပြန်ရောက်ပြီလား"

"ရောက်လို့ အောင်ကုမ္ပဏီ လီမိတက်တောင် ထောင်ထား

www.burmeseclassic.com



ပြီးပြီ ပါပါ”

“ဘယ်ဆိုးလို့လဲ”

“သူတောင် ဝဲလ်ဒင်လုပ်တော့မှာ ပါပါ”

“ဟော. . . ဘယ်သူနဲ့လဲ”

“ရန်ကင်းကပဲ. . . နန်းရှီလာတို့ကျောင်းကပဲ၊ တစ်တန်း ငယ်တယ်. . . ရတနာ့မင်းထိုက်တဲ့”

“ဟုတ်လား”

ပါပါတို့က ငါ့အတွက် စဉ်းစားနေတယ်ဆိုတာ ငါသိပါ တယ်၊ ပြီးတော့ သွေးတိုးစမ်းနေတာ၊ ဖိုးချိုနဲ့ ငါ့အခြေအနေ သိချင် လို့ စကားစတာမှန်း ငါသိတာပေါ့၊ လာပြန်ပြီ နင့်အကြောင်း။

“ဟို. . . မောင်ရန်ကြီးအောင်ကကော့ကွယ်၊ ဘာလုပ် သလဲ”

“သူလဲ သမိုင်းအဓိကနဲ့ နောက်ဆုံးနှစ် ဖြေပြီးပြီပေါ့ ပါပါ”

“သူက ဘာလုပ်မှာတဲ့လဲ”

“မသိဘူး. . . ဒါပေမယ့် လောလောဆယ်တော့ ဆရာ ကြီး ဒေါ်ချစ်ရီက ဂျပန်က လာတဲ့ပုဂ္ဂိုလ်တွေကို ပုဂံလိုက်ပို့ပေးဖို့ ဆိုလို့ သူ ပုဂံဘက် ခရီးထွက်သွားတယ်”

“ဟုတ်လား. . . ဒီသူငယ်က အလားအလာကောင်းတဲ့ သူငယ်ပါ၊ သူ ဘာဖြစ်လာမလဲဆိုတာ ပါပါတော့ စိတ်ဝင်စား တယ်. . . စောင့်ကြည့်ဦးမှပဲ”

စောင့်ကြည့်ပေါ့ ပါပါ၊ မကြာခင် သိရမှာပါ၊ ပါပါရဲ့ပါးစပ် က အလားအလာ ကောင်းပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး မြောင်းထဲ





ရောက်တာ ပါပါ မြင်စေရမယ်။

“ဒါထက် နန်းရှီလာကော ဘာဆက်လုပ်မလဲ”

“နန်းရှီလာ ကျောင်းဆက်တက်ဦးမယ်၊ ပြီးမှ တစ်ခုခု စဉ်းစားမယ်”

“ကောင်းသားပဲ. . . စဉ်းစားပြီးမှ အလုပ်လုပ်တာ အ ကောင်းဆုံးပဲ”

“ရှီလာ အိပ်ချင်ပြီ၊ ဂွတ်နိုက်. . . ပါပါ မာမာ”

“နိုက်. . . နိုက်”

ပါပါနဲ့မာမာကို ငါနှုတ်ဆက်ပြီး လသာဆောင်ကို ကျော ခိုင်းလိုက်တယ်။

လပြည့်ညမှာ နင်နဲ့ငါ ရွှေကျင်ချောင်းကမ်းနံဘေးမှာ လျှောက်ခဲ့ကြတာကို ငါသတိရလာတယ်။

နောက်ပြီး လပြည့်ကျော်တစ်ရက် စောင်းတီးတဲ့ညက ငါ့ရဲ့ ပေါက်ကွဲလုလုအခြေအနေကို ငါထိန်းလိုက်နိုင်ခဲ့တယ်နော်။

အခု နင်ဘာလုပ်နေသလဲ။ ဧရာဝတီမြစ်ကမ်းဘေးက သဲသောင်လွှလွှပေါ်မှာ ရွှရွှကလေး လျှောက်လှမ်းရင်း နင် ဘယ်သူ့ ကို တမ်းတနေမလဲဟင်၊ ငါသိချင်လိုက်တာ ရန်ကြီးအောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"နန်းရှီလာ"

"ဟယ်. . . ရန်ကြီးအောင်"

နင်က လာမယ်ဆိုရင် ကြိုတင်ဖုန်းဆက်ပြီးမှ လာတတ်တာ။ အခုလို ပြုန်းစားကြီး ရောက်လာတော့ ငါအံ့အားသင့်သွားတာပေါ့။

မိုးလင်းကာစပဲ ရှိသေးတာ။ ဒါတောင် ပန်းခြံထဲ လမ်းလျှောက်တုန်း နင်ရောက်လာတယ်။





"မင်္ဂလာနံနက်ခင်းပါ နန်းရှီလာ"

"မင်္ဂလာပါ ရန်ကြီးအောင်"

နင်ဟာ နှုတ်ဆက်စကားနှင့် နင့်ကိုယ်နင် ပြန်ထိန်းလိုက်တယ်လို့ ငါရိပ်မိတယ်။

"နင် ပုဂံသွားတယ်ဆို"

"ဟုတ်တယ်. . . မနေ့က ပြန်ရောက်တယ်"

"လာလေ. . . အိမ်ထဲ ဝင်ရအောင်၊ တစ်ခုခု စားရအောင်"

"နေပါစေ နန်းရှီလာ၊ မုန့်ဟင်းခါး စားခဲ့ပြီးပြီ"

"ဒါဖြင့် လာရင်းကိစ္စ အမိန့်ရှိပါဦး"

"ငါ နင့်ကို လက်ဆောင်ပေးချင်လို့"

"ထိုင်လေဟယ်"

ဂျပန်မြက်ခင်းစိမ်းပေါ်မှာ ချထားတဲ့ ကြိမ်ဆက်တီဝိုင်းလေးမှာ ဝင်ထိုင်ဖို့ ငါက ဖိတ်ခေါ်လိုက်တယ်။ နင်က အေးဆေးစွာ ဝင်ထိုင်ရင်း. . .

"အန်ကယ်တို့ကော မနိုးသေးဘူးလား"

"ပါပါတော့ နိုးဦးမှာ မဟုတ်ဘူး၊ မာမာတော့ နိုးပြီ၊ ဘုရားရှိခိုးနေတယ်"

"ရော့. . . နင်အတွက် ပုဂံက အမှတ်တရ လက်ဆောင်ပစ္စည်းလေးတွေ ငါဝယ်လာတာ လာပို့တာ"

"ဩော်. . . နင်ရဲ့စောစီးစွာ ရောက်လာရခြင်းအကြောင်းရင်းက ဒီလက်ဆောင်ပေးဖို့ကိုး"



www.burmeseclassic.com

www.burmeseclassic.com



ငါက ခနဲ့လိုက်တာ။ ဒါပေမယ့် နင့်မျက်နှာဟာ သိသိသာသာ ပျက်သွားတယ်။ ငါသိပါတယ် ရန်ကြီးအောင်။ နင်ဟာ အင်မတန် ရှုမောဖွယ် မဆုံးအောင် သာယာတဲ့မြင်ကွင်းအလှကို နင်ခံစားပြီးတဲ့အခါ နင့်နှလုံးသားရပ်ဝန်း တည်ရှိရာမှာ ရှိနေတဲ့သူကို မျှဝေခံစားစေချင်လို့ ရောက်လာတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့်

"မဟုတ်ပါဘူး. . . ပြောစရာလဲ ရှိလို့ လာခဲ့တာ"

"ဘာများလဲ"

"နင် အားသလား"

"တစ်ရက်ကိုး တစ်ရက်တစ်ဆယ်ပဲဟာ. . . အားတာပေါ့"

"အားရင် ဆရာမကြီးအိမ် သွားရအောင်"

"ဘာလုပ်မလို့လဲ"

"ဒီနေ့မနက်စာကို ဆရာမကြီးက ဂျပန်က ဧည့်သည်တော်တွေ ဖိတ်ထားတယ်"

"အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ"

"သိတဲ့အတိုင်းပဲလေ. . . ဆရာမကြီးက ငါတို့ မြန်မာ့အနုပညာဂီတကို ကမ္ဘာသိအောင် ပြချင်နေတဲ့သူဆိုတော့ ငါတို့တီးပြီး သီချင်းဆိုခိုင်းလိမ့်မယ် ထင်တယ်"

"ဆရာမကြီးက ငါ့ကို ခေါ်ခိုင်းတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . . နင်အားရင် လာစေချင်တယ်တဲ့"

"ကောင်းပြီလေ. . . ခု နင် ဘာနဲ့ လာတာလဲ"

"ဆိုင်ကယ်နဲ့"

"ဒါဖြင့် နင့်ဆိုင်ကယ် ဒီမှာ ထားခဲ့ပြီး ငါ့ကားနဲ့ သွားမယ်ဆိုရင် ငါလိုက်မယ်"





"ကောင်းပြီလေ"

ငါက နင်ပေးတဲ့ ကျွတ်ကျွတ်အိတ်ကို ဖွင့်ကြည့်လိုက်တယ်။ ယွန်းဗန်းတစ်ချပ်၊ လက်ဖက်အစ် တစ်လုံး၊ ကွမ်းအစ်တစ်လုံး၊ ပြီးတော့ ကိန္နရီကိန္နရာပုံ သရုပ်ဖော်ထားတဲ့ ယွန်းပန်းချီကားချပ် တစ်ခု။

"နင် ဘာစိတ်ကူးနဲ့ ဒီပန်းချီကားကို ရွေးဝယ်လာရတာလဲ"

နင့်မျက်လုံးအိမ်မှာ ထူးခြားတဲ့အရိပ်အယောင် လှစ်ခနဲ ပေါ်လာပြီးမှ နင်ဖုံးကွယ်ပစ်လိုက်တယ်။

"ဘာရယ် မဟုတ်ပါဘူး၊ ငါ့မျက်စိထဲမှာ အဲဒီကားက အကောင်းဆုံး ထင်လို့ပါ"

"ကိုင်း. . . ဒါဖြင့် နင်ခဏစောင့်၊ ငါအဝတ်သွားလဲရင်း ဒါတွေ ထားလိုက်ဦးမယ်"

"ကောင်းပြီ၊ ဩော်. . . ဒါထက် နန်းရှီလာ"

"ဘာလဲ"

"မြန်မာဆန်ဆန် ဝတ်ခဲ့နော်"

"ငါနားလည်ပါတယ်. . . နင် ဆရာမလုပ်ပါနဲ့"

"ဆောရီး. . . ပညာရှိ သတိဖြစ်ခဲ ဖြစ်မှာစိုးလို့ပါ"

"ဟွန်း. . ."

နင်ဟာလေ. . . ကိုယ့်ကိုယ်ကို အမြဲနှိမ့်ချပြီး ပြောဆိုတတ်တာကိုက အနိုင်ယူခြင်းတစ်မျိုးပေလား ရန်ကြီးအောင်ရယ်။

ငါ ယောနှစ်နံ့စပ် အဖြူခံပေါ်မှာ ရောင်စုံနှင်းဆီကလေး

www.burmeseclassic.com



ပါတဲ့လုံချည်ကို ဝတ်ပြီး ရင်ဖုံးလက်ရှည် ငုဝါရောင်လေး ဝတ်လိုက်တယ်၊ ဆံထုံး့ထုံးပြီး ဆင်းလာလိုက်တယ်။

"ဘယ်နှယ့်လဲ. . . အဆင်ပြေရဲ့လား"

"သိပ်ကို ကျက်သရေ ရှိပါတယ် နန်းရှီလာ"

"ပန်းပန်ဖို့ လိုတယ်ဆိုရင် ခြံထဲကပဲ ငါနဲ့ သင့်လျော်မယ့် ပန်း သွားခူးပေးပါဟယ်၊ ငါ ကားထုတ်လိုက်ဦးမယ်"

"အေး. . ."

နင့်ကို ငါဖြားယောင်းတာ မဟုတ်ပါဘူးနော်၊ နင့်အဖွတ္တကို ငါသိချင်လို့ စမ်းသပ်ကြည့်ရှုနေတာ။ နင့်ကို ငါအနိုင်ရဖို့ ကြိုးပမ်းမှုမှာ ငါဟာ မိန်းမမာယာ လက်နက်တွေနဲ့ ဖြားယောင်းလှည့်ဖြားပြီးမှ ရယူမှာ မဟုတ်ဘူး။

နင် ငါ့ကို အထင်ကြီးလေးစား မြတ်နိုးလာတာကိုပဲ ငါက ခံယူချင်တာ။

မာမာက အိမ်ရှေ့က ရပ်ကြည့်နေတယ်၊ ငါက ခွင့်တောင်းခဲ့ပြီးဖြစ်လို့ မာမာ ဘာမှမပြောဘူး။

နင် သိပ်တော်တယ် ရန်ကြီးအောင်။ ဘာဖြစ်လို့လဲသိလား။

နင်ဟာ ငါ့အတွက် ပန်းတကာ့ဘုရင် တော်ဝင် သဇင်ပန်း ခေါင်ခက်ကြီးကြီး သုံးခက်ကိုမှ ငါ့အတွက် ခူးလာလို့ပဲ၊ သစ်ခွမျိုးပေါင်းများစွာ ပွင့်လန်းနေတဲ့ ငါတို့ခြံထဲက နင် သဇင်ကိုမှ ရွေးခူးလာပေးတယ်နော်။ မာမာကို နှုတ်ဆက်ပြီးမှ. . .

"ငါမောင်းမယ် နန်းရှီလာ"

"ငါကလဲ နင့်ကို မောင်းခိုင်းမှာပါ"





ကားပေါ်မှာ ထိုင်မိကြတယ်ဆိုရင်ပဲ နင်က ငါ့ကို ကြည့်တယ်။ နင့်အကြည့်က သိမ်မွေ့နက်ရှိုင်းတယ်။ ငါ နင့်အကြည့်ရဲ့ အဓိပ္ပါယ်ကို နားမလည်ဘူး။

"နင် သိပ်ပြောင်းလဲလာတယ် နန်းရှီလာ"

"ဟုတ်တယ်. . . လူ့လောကကြီးမှာ တသမတ်တည်း သွားရတာဆို ရိုးအီသွားသလားလို့ တစ်ခါတစ်ရံ အပြောင်းအလဲ လုပ်ကြည့်တာလေ"

နင် သက်ပြင်းချတယ်။ ငါ့ကို သဇင်ပန်းသုံးပင် လှမ်းပေးပြီး. . .

"ငါ နင်နဲ့ ထိုက်တန်မယ် ထင်တဲ့ပန်း ရွေးခူးခဲ့တယ်. . . နင်ကြိုက်ရဲ့လား"

"ငါက သဇင်ပန်းကို အမြတ်နိုးဆုံးပဲ"

"ဒါပေမယ့် နင် ပန်းပန်တာ ငါမတွေ့ဖူးပါဘူး"

ငါက ပန်းပန်ရင်း နင့်ကို လှမ်းကြည့်လိုက်တယ်၊ ငါ ဘာပြောရမလဲ။ နင့်နှလုံးသားကိုလဲထိ. . . ငါ့ကျေနပ်ကြွေကိုလဲ မထိပါးစေမယ့် စကားမျိုးပဲ ငါရွေးချယ်သင့်တယ်။

"ဟုတ်တယ်လေ. . . အရင်တုန်းက ငါ့ဆံပင်ဟာ ပန်းပန်ထိုက်တဲ့ ဆံပင်ပုံစံမျိုး မဟုတ်ဘူး မဟုတ်လား၊ ခုလိုဆိုတော့ ပန်းပန်လှတဲ့ ဆံပင်မျိုး ဖြစ်သွားပြီ မဟုတ်လား"

"ဟုတ်တယ်. . . နင်ပြောတာ မှန်တယ်"

"ဒါကြောင့် ငါပန်းပန်တာ အခုအကြိမ်ဟာ ငါ ပထမဦးဆုံး ပန်းပန်ခြင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါဝမ်းသာပါတယ် နန်းရှီလာ"

"ဟင်. . . ဘာကြောင့်"

"ပန်းပန်တတ်လာတဲ့ မိန်းမသားတစ်ယောက်ရဲ့ကေသာကို ကိုယ်တိုင်စိုက်ထားတဲ့ပန်း မဟုတ်ပေမယ့် ကိုယ်တိုင်ခူးပေးခွင့်ရတဲ့ အတွက်ပါ"

"သြော်. . ."

ငါပြုံးလိုက်တယ်။

နင် ဘာမှ မပြောတော့ဘဲ ကားကို မောင်းထွက်လိုက်တယ်။ နင် ကားမောင်းကျွမ်းကျင်သားပဲ၊ နင်ကားမောင်းတာကို ငါ ပထမဦးဆုံးအကြိမ်အဖြစ် ငါတွေ့ဖူးခြင်းပဲ။

လောကကြီးမှာ နင်မတတ်တဲ့ပညာများ ရှိသေးရဲ့လား ရန်ကြီးအောင်ရယ်။







## အခန်း(၂၉)

နင့်ကို ငါအံ့သြရပြန်ပြီ။ နင် ဘာသာစကား ဘယ်နှစ်မျိုး လောက်များ တတ်ထားသလဲ ရန်ကြီးအောင်ရယ်။ ဂျပန်လူမျိုးနဲ့ နင် ဂျပန်စကား ပြောတယ်။

ပြင်သစ်လူမျိုးနဲ့လည်း ပြင်သစ်စကား ပြောတယ်။ နင် မရတဲ့စကားမျိုးဆိုရင် အင်္ဂလိပ်လို ညှပ်ပြောတယ်။

ငါတော့ ခွေးအကြီး လှည်းနင်းသလိုဖြစ်နေလို့ ဝင်ထောက် ပေးရတဲ့အခါမျိုး ရှိတယ်။ ဂျပန်လူမျိုးတောင် နင့်စကားကို အင်္ဂလိပ်

www.burmeseclassic.com



စကားပြော မမြန်ဆန်ဘူး၊ မပီသဘူးနော်။ ငါလည်း နှုတ်အလေ့အကျင့်မျိုးကို မရှိလို့ ထစ်ခဲ့ရတယ်။

"နန်းရှီလာ"

နင်က ဆရာမကြီးနဲ့ ထမင်းပွဲ ဝိုင်းပြင်ပေးနေတဲ့ ငါ့ကို လာခေါ်တယ်။

"ဘာလဲ"

"နင့်ကို ဓါတ်ပုံရိုက်ချင်လို့တဲ့. . . ခွင့်တောင်းနေကြတယ်"

ငါက ဆရာမကြီးဆီ လှမ်းကြည့်လိုက်တယ်။

ဆရာမကြီးက. . .

"နေဦး. . . အခု မရိုက်ကြနဲ့ဦး၊ ထမင်းစားပြီး စောင်းတီးပြတဲ့အခါမှ ကြိုက်သလို ရိုက်ကြဖို့ မင်းပြောလိုက်ပါ ရန်ကြီးအောင်"

"ဟုတ်ကဲ့"

နင် ပြန်ထွက်သွားတော့ ဆရာမကြီးက ငါ့ကို နှစ်ကိုယ်ကြား မေးတယ်။

"နန်းရှီလာ"

"ရှင်. . ."

"ဆရာမကြီးဟာ သမီးတို့နဲ့ ဆယ်တန်းနှစ်ကမှ ဆုံစည်းခဲ့ပေမယ့် သမီးတို့အပေါ် နားလည်ဆုံးနဲ့ အရင်းနှီးဆုံး ဖြစ်ခဲ့တယ်နော်"

"ဟုတ်ကဲ့"

"ဒီလိုဆိုရင် ဆရာမကြီး မင်းကို ကိုယ်ရေးကိုယ်တာ စကားတစ်ခွန်း မေးမယ်ဆိုရင် ရိုင်းစိုင်းရာမကျဘူး ထင်ပါတယ်





နော်"

"ဆရာမကြီးက နန်းရှီလာကိုများ စကားပလ္လင် ခံနေရသေးသလား၊ ဆုံးမပိုင်ခွင့် ပြောဆိုပိုင်ခွင့်တွေ ရှိနေတာပဲ"

"ဒါတော့ ဒါပေါ့ကွယ်. . . ဒါပေမယ့် ဆရာမကြီး စကားတစ်ခွန်းကြောင့် မင်းရဲ့စိတ်မှာ အနှောင့်အယှက်ဖြစ်မှာ မလိုလားလို့ပါ"

"နန်းရှီလာ တော်ရုံတန်ရုံစကားလောက်ကို စိတ်မထိခိုက်တတ်ပါဘူး ဆရာမကြီး"

"မင်းခေါင်းမာမှန်း ဆရာမကြီး သိပါတယ်၊ ဒါပေမယ့် အသည်းနှလုံး မာမယ်တော့ မထင်ပါဘူး"

"ဘာဖြစ်လို့လဲ ဆရာမကြီး"

"မင်းနဲ့ရန်ကြီးအောင် ခုထက်ထိ သူငယ်ချင်းဘဝပဲ ရှိသေးတာကို ဆရာမကြီး အံ့ဩလို့ပါ"

"ကျွန်မကို ဘာမေးမှာလဲ ဆရာမကြီး"

"မင်း ရန်ကြီးအောင်အပေါ် ဘယ်လိုစိတ်ထားသလဲဆိုတာကို မေးချင်တာ"

ငါက ပြုံးလိုက်မိတယ်။ ဆရာမကြီးက ငါ့မျက်လုံးအိမ်ကို စိုက်ကြည့်နေတယ်ဆိုတာ ငါသိတယ်။ ငါ့အတွင်းစိတ်ကို ဖောက်ထွင်းမြင်နိုင်ပါမလား။

"ကျွန်မ ဆရာမကြီးကို တစ်ခုတောင်းပန်ပါရစေ"

"ဘာလဲ နန်းရှီလာ"

"ဆရာမကြီး မေးခွန်းထုတ်ရမယ့်သူ မှားနေသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . ဟင်း၊ မင်းဘာကိုဆိုလိုသလဲလို့ ဆရာမကြီး သိပါတယ်၊ ဆရာမကြီးကို ရန်ကြီးအောင်ကို အရင်မေးခိုင်းတာ မဟုတ်လား"

ငါ ခေါင်းငုံ့ပြီး ညိတ်လိုက်တယ်။ ဆရာမကြီး မျက်လုံးကို ငါရင်မဆိုင်ရဲဘူး၊ ငါ့အဖျှတ္တကို ဖောက်ထွင်းမြင်လိုက်ရရင် သူ့တပည့်အတွက် ကြိုတင်သတိပေး ကာကွယ်မှုတွေ မလုပ်ဘူးလို့ ပြောနိုင်မလား။

"ဆရာမကြီး . . ရန်ကြီးအောင်ကို မေးပြီးပါပြီ"

"သူ . . . သူ ဘာပြောလဲဟင်"

"အံ့ဩစရာ ဘိုပ်ကောင်းတာပဲ၊ သူက မင်းကို ကြောက်တယ်တဲ့လေ"

"ဟင်"

ငါ ကြက်သေ,သေသွားတယ်။ ငါ့လက်ထဲက ခွာလက်စ လိမ္မော်သီးတောင် ပြုတ်ကျသွားတယ်၊ နင်း . . နင်က ငါ့ကို ကြောက်တယ်၊ ဒါ . . ဒါဖြင့် ငါ့ရဲ့နှလုံးသားစစ်ပွဲ တစ်ဖက်သတ် ကြေညာချက်ကို နင်ကြိုသိနေရော့လား ရန်ကြီးအောင်ရယ်။

မဖြစ်နိုင်ဘူး . . . ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ နင် ငါ့ကို ချစ်ရမယ်၊ ချစ်ရေးမဆိုဘဲ မနေနိုင်အောင်ကို ဖြစ်လာစေရမယ်။







## အခန်း(၃၀)

"ဟဲလို"

"နန်းရှိလာ . . . ငါပါ"

"ဆို . . . ရန်ကြီးအောင်၊ ဘာကိစ္စလဲ"

"နင် ဘယ်နေ့ အားသလဲ"

"ဘာလုပ်မလို့လဲ"

"ပြောပါ . . . ဘယ်နေ့ အားသလဲဆိုတာကို"

"ဒီနေ့ပဲ အားတယ်၊ ကျောင်းဆက်တက်နေတာ နင်သိသား နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ငါ နင့်ဆီ လာခဲ့ရမလား၊ ဒါမှမဟုတ် ငါ့ဆီ နင် လာခဲ့မလား၊ နင် တစ်ခုခု ရွေးရလိမ့်မယ်"

"နှစ်ခုစလုံး မရွေးနိုင်ဘူးဆိုရင်ကော"

နင့်စိတ်ကို ငါစမ်းသပ်နေတာ၊ စမ်းသပ်ရင်းနဲ့ပဲ အဖြေမရ ဘူး၊ ပျောက်ဆုံးနေတယ်။

"ဒီလိုဆိုရင် ဝမ်းနည်းပါတယ် နန်းရှီလာ၊ နင့်ကို ငါ ဖုန်းနဲ့ပဲ နှုတ်ဆက်လိုက်ရလိမ့်မယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ငါ နင်နဲ့ တွေ့ပြီး နှုတ်ဆက်ချင်တယ်"

ငါ ကြာကြာဟန်မဆောင်နိုင်တော့ဘူး၊ နှုတ်ဆက်ခြင်း ဆိုတဲ့စကားကို ငါကြောက်တယ်၊ နင့်ကို ငါအနိုင်မရသေးဘဲနဲ့ နှုတ်ဆက်ခွဲခွာခြင်းကို ငါလိုလားပါ့မလား။

"ဒါဖြင့် လာခဲ့လေ"

"အေး. . . အခုပဲ လာခဲ့မယ်၊ ကျေးဇူးပဲဟာ"

နင် ဖုန်းချသွားတယ်။ နင် ဘာကိုကျေးဇူးတင်တာလဲ။ နင့်ကို တွေ့ခွင့်ပေးတဲ့အတွက်လား။ ငါ ဘာမှ လုပ်လို့မရတော့ဘူး။ နင်နဲ့ လာမတွေ့တဲ့ သုံးလေးလအတွင်း နင် ဘာတွေ ပြောင်းလဲနေ သလဲ။

ဆရာမကြီးအိမ်မှာ နိုင်ငံခြားဧည့်သည်တွေကို နေ့လယ်စာ ကျွေးပြီးတဲ့နေ့ နောက်ပိုင်း နင်နဲ့ငါ နှစ်ယောက်ချင်း မတွေ့ဖြစ်ကြ ဘူးနော်။ သြော်. . . ဖိုးချို မင်္ဂလာဆောင်တုန်းကတော့ အင်းလျား ကန် ဟိုတယ်မှာ ဆုံဖြစ်ကြသေးတယ်။ အဲ့ဒီနောက်ပိုင်း နင်ကပဲ





ငါ့ကို ရှောင်နေလို့လား မသိဘူး။ မတွေ့ဖြစ်ကြဘူးနော်။

"နန်းရှီလာ"

"ဟင်. . . မြန်သားပဲ"

"နင်တစ်ယောက်တည်းလား"

"ဟုတ်တယ်. . . ပါပါနဲ့မာမာလဲ ပါပါ ပင်စင်ယူပြီးတာနဲ့ ပြီးခဲ့တဲ့လကပဲ သူတို့ဇာတိ တောင်ကြီးအိမ်ကိုပဲ ပြန်နေကြတယ်၊ တစ်ခါတစ်လေမှ ငါ့ကို လာကြည့်မယ်တဲ့"

"ဟင်. . . နင်တစ်ယောက်တည်းလား"

"ဒေါ်တုတ်ရယ်၊ ဒရိုင်ဘာ အဘဖိုးထူးရယ်၊ ခြံစောင့် မောင်အေးရယ်တော့ ရှိတာပေါ့၊ ဒါထက် နင်ဘာစားခဲ့ပြီးလဲ"

"ဘာမှ မစားခဲ့ရသေးပါဘူး"

"အတော်ပဲ. . . ဒေါ်တုတ် မုန့်ဟင်းခါး ချက်ထားတယ်၊ သွားပြင်ခိုင်းလိုက်ဦးမယ်နော်"

နင့်ကို ငါထားရစ်ခဲ့ပြီး ဒေါ်တုတ်ကို နင်ရောက်နေတဲ့ အကြောင်းနဲ့ မုန့်ဟင်းခါးပွဲကို ကောင်းကောင်းပြင်ထား ပြောပြီး ပြန်ထွက်ခဲ့တယ်။

နင်ဟာ အိမ်ရှေ့ ရှိုးကေ့စ်ထဲက ရှေးဟောင်းပန်းချီ ပန်း လက်ရာတွေကို စိတ်ဝင်စားစွာ ကြည့်နေတယ်။

"ရန်ကြီးအောင်"

"သြော်. . . နန်းရှီလာ၊ နင့်မှာ ရှေးဟောင်းလက်ရာ အတော်စုဆောင်းမိနေပါလား"

"ဟုတ်တယ်. . . နင့်ကို အားကျလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



ငါ့အပြောကို နင်က သဘောကျစွာ ပြုံးလိုက်တယ်နော်။ နင့်အပြုံးဟာ သိပ်ကို သန့်စင်လွန်းတယ်။ တည်ငြိမ်ခန့်ညားတယ်။

"အရောင်းပြခန်းတစ်ခု ဖွင့်လှစ်လို့ရတယ်"

"စိတ်ကူးရှိတယ်. . . နောင်နှစ်လောက်ဆိုရင် အကောင်အထည် ဖော်ဖြစ်လိမ့်မယ်၊ နင် ကူညီပေါ့"

နင့်ကို ငါက အကြည့်နဲ့ နင့်အဖြေကို တောင်းခံလိုက်တာ နင့်မျက်နှာ ပြောင်းလွဲသွားတယ်။ တစ်မျိုးပဲ။

နင်က ရှုံ့ကွေ့စ်ရှေ့မှာ သွားရပ်တယ်။ အောက်ချင်းငှက်ငှက်မ ရုပ်လုံးပုံ ထွင်းထားတဲ့ ကျွန်းအထပ်သား ပန်းချီကားချပ်ကို မော့ကြည့်လိုက်တယ်။

"ဘာလဲ. . . နင်မကူညီနိုင်ဘူးလား"

"ဟုတ်တယ် နန်းရှီလာ"

"ဟင်"

ငါ့အတွက် မျှော်လင့်ချက်ဟာ နေဝင်ရတော့မှာလား ရန်ကြီးအောင်။ ငါ့မှာ ဆုံးရှုံးမှုတွေ သိပ်များနေပြီထင်တယ်၊ နင့်နှလုံးသားကို ပိုင်စိုးဖို့အတွက် အင်မတန် ခက်ခဲနက်နဲလိမ့်မယ်ဆိုတာ ယုံတောင် မယုံနိုင်စရာပဲ။

"ဝမ်းနည်းပါတယ် နန်းရှီလာ"

နင်က ငါ့ဘက်ကို လှည့်ပြီး ငါ့မျက်နှာကို အေးဆေးစွာ ကြည့်ပြီး တည်ငြိမ်စွာ ပြောလိုက်နိုင်ပေမယ့် ငါ့ရင်ထဲမှာတော့ သောကအပူမီး လောင်မြိုက်နေတယ်။

"နန်းရှီလာ. . . မုန့်ဟင်းခါး စားလို့ရပြီ၊ မောင်ရန်ကြီးအောင်. . . လာ၊ အားမနာတမ်း စားနော်၊ လာကြ. . . လာကြ"





"လာ. . . ရန်ကြီးအောင်"

နင်က ငါမခေါ်သေးရင် လာမှာ မဟုတ်ဘူး၊ ပေကပ်ရပ်နေရမှာ။ နင့်အကြောင်းကို ငါသိတယ်၊ နင်ဟာ ဘယ်တော့မှ ဆန္ဒကို လိုက်လျောတတ်တဲ့လူ မဟုတ်ဘူး၊ ထိန်းချုပ်စွမ်းအားကြီးတဲ့လူ ဖြစ်တယ်ဆိုတာ ငါသိပါတယ်။

ထမင်းစား စားပွဲဝိုင်းမှာ ထိုင်မိကြတယ်ဆိုရင်ပဲ. . .

"နန်းရှီလာ"

နင့်အတွက် ဟင်းရည်ဆမ်းပေးနေရင်း နင့်ကို လှမ်းကြည့်လိုက်တယ်။

"နင် ဆရာမကြီးအိမ်ကို လာတဲ့ နိုင်ငံခြားသားဧည့်သည်တွေကို မှတ်မိသလား"

"အင်း. . . ဆရာမကြီး ဂျပန်သွားတုန်းက မိတ်ဆွေဖြစ်တဲ့ ဂျပန်လူမျိုးကို ပြောတာမဟုတ်လား"

"ဟုတ်တယ်. . . အဲ့ဒီပုဂ္ဂိုလ်က အာရှတိုက်နိုင်ငံများရဲ့ ရှေးဟောင်းယဉ်ကျေးမှုကို လေ့လာလိုက်စားနေတဲ့ ပါမောက္ခတစ်ယောက်ပဲ"

"ဆရာမကြီးမိတ်ဆက်ပေးတုန်းက ပါမောက္ခတစ်ယောက်ဆိုတာတော့ သိထားသားပဲ၊ အဲဒါ ဘာဖြစ်လို့လဲ၊ နေဦး. . . စကားပြောတာလဲ ပြောတာပေါ့၊ မုန့်တွေ ပွကုန်မယ်. . . စားလိုက်ဦး၊ ငါ့လက်ရာတော့ မဟုတ်ဘူး"

နင်က မုန့်ကို ခပ်စားပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ. . . ငါလဲ နင့်လက်ရာ စားရလိမ့်မယ် ဆိုတာ တစ်ခါမှ မတွေးမိပါဘူး"

နင့်စကားက ရိုးသားခြင်းလား ဘာလဲ ငါမတွေးတတ်ဘူး ဒါပေမယ့် ရိုးသားခြင်းလို့ မှတ်ယူပြီး. . .

"ဘာဖြစ်လို့လဲ. . . နင်က ငါမချက်တတ်ဘူး ထင်လို့လား"

"နင့်မှာ အားချိန်ကော ရှိရဲ့လား၊ မီးဖိုချောင်ဆိုတာ အင်မတန် အချိန်ကုန်တာနဲ့အမျှ ပညာသားလဲ ပါတဲ့ အိမ်ရှင်မ အတတ်ပညာကို နင်စိတ်ဝင်စားမယ် မထင်လို့ပါ"

"မိန်းမသားတစ်ဦးဖြစ်တဲ့ ငါဟာ မီးဖိုချောင်ပညာလဲ တတ်ထားသင့်တယ် ထင်လို့ အကုန်သင်ယူတတ်မြောက်ထားပါတယ်၊ ဒါပေမယ့် အသုံးမကျသေးဘူး၊ မီးဖိုချောင်ကျဉ်းကျဉ်းလေးမှာ အချိန်ကို အများကြီး အသုံးမချနိုင်တာတော့ ကျိန်းသေတယ်"

"ကောင်းပါတယ်"

"ခနဲ့တာလား"

"မဟုတ်ပါဘူး. . . တကယ်ပြောတာပါ၊ ငါလဲ လိုအပ်ရင် ကိုယ့်ဘာသာကိုယ် ချက်စားနိုင်အောင်တော့ လေ့ကျင့်ထားရတာယ် ရှိတာပဲ၊ ခလုတ်နှိပ်လိုက်ရင် ပြီးနေတဲ့ကိစ္စတွေနဲ့ အာဟာရ ဖြည့်တင်းလို့ ရနေတာပဲ၊ အရသာခံဖို့အတွက်တော့ အချိန်ကုန်မခံသင့်ဘူးလို့ ငါလဲ ယူဆပါတယ်"

"ဒီလိုဆိုရင် နင်ယူမယ့်မိန်းမကတော့ ကံကောင်းမှာပဲ"

နင့်က ငါ့ကို ဖျတ်ခနဲ ငါ့ကို ကြည့်တယ်။ ငါ့ရင်တွေ အဆမတန် ခုန်လာတယ်။ နင့်အကြည့်နဲ့အတူ နင့်နှုတ်ခမ်းဖျားက ဖွင့်ဟတော





မယ့် စကားလုံးတွေကို ငါကြားချင်လိုက်တာ။ ဒါပေမယ့်. . .

"ငါ့ကြောင့် ဘယ်သူမှ ကံမဆိုးစေရဘူး၊ ငါနဲ့ ပတ်သက်သမျှ လူတွေအားလုံး ကံကောင်းစေရမယ်"

"ထပ်ထည့်ဦးလေ"

"တော်ပြီ"

"ကော်ဖီသောက်ဦး"

"အင်း. . . ဒါနဲ့ ငါ ပြောစရာစကား ဆက်ရဦးမယ်"

ဟုတ်ပါရဲ့။ နင်ရဲ့လာရင်းကိစ္စဟာ ပျောက်ပျောက်သွားတယ်နော်။ နင်နဲ့ငါ့အကြားမှာ ပြောစရာစကားတွေ အများကြီး ရှိနေတယ်။ ဘယ်တော့အခါမှ ကုန်မှာ မဟုတ်တဲ့စကားတွေ ရှိနေမှာပါ။

"အဲဒီပါမောက္ခနဲ့ ငါ ပုဂံလိုက်သွားသေးတယ်၊ နင်မှတ်မိတယ်နော်"

"အင်းပါ. . . နင့်လက်ဆောင်တွေတောင် ငါရသေးတာပဲ"

"အေး. . . သူက ငါ့ကို သဘောကျသွားတယ်၊ သူ့လိုအပ်ချက် သူ့မေးခွန်းမှန်သမျှကို ငါက ဖြည့်ဆည်းပေးနိုင်တယ် မဟုတ်လား"

"နင့်ရဲ့ရှေးဟောင်းအနုပညာ ယဉ်ကျေးမှုတွေကို လေ့လာလိုက်စားတဲ့ အကျိုးကျေးဇူးပေါ့နော်"

"ဒါပေါ့. . . အဲဒီပုဂ္ဂိုလ်က ဂျပန်ပြန်ရောက်တာနဲ့ ငါ့ကို ခေါ်ယူဖို့ စီစဉ်တော့တာပဲ"

www.burmeseclassic.com



"ဟင်. . . ဘာလုပ်ဖို့လဲ"

ငါ စိတ်တွေ သိပ်လှုပ်ရှားလာတယ်။ နင်နဲ့ငါ အဝေးဆုံးကို ရောက်ရှိတော့မှာပါလား။

"မြန်မာ့အနုပညာယဉ်ကျေးမှုကို ဂျပန်ဘာသာနဲ့ စာအုပ်ထုတ်ဖို့ရယ်၊ အာရှတိုက်၏အနုပညာယဉ်ကျေးမှုကို ဂျပန်ဘာသာနဲ့ရော အင်္ဂလိပ်ဘာသာနဲ့ပါ စာအုပ်ထုတ်တဲ့အခါ တတ်နိုင်သမျှ ငါအကူအညီပေးဖို့ပဲ"

"သြော်. . ."

ငါ့ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားတယ်။

ကြည့်စမ်း. . . သူများတွေက အက်စ်အီးစီ ရဖို့အတွက် ငွေကုန်ကြေးကျခံပြီး နိုင်ငံခြားတိုင်းပြည်မှာ ကာယအားစိုက်ထုတ်ဖို့ အမျိုးမျိုး ကြိုးပမ်းအားထုတ်နေရတဲ့အချိန်မှာ နင်ဟာ ပညာရှင်အဖြစ် အားကိုးတကြီး ခေါ်ယူခြင်းကို ခံရတဲ့သူပါလား။

"နင့်အတွက် ငါဂုဏ်ယူပါတယ်"

"ကျေးဇူးတင်ပါတယ်"

စကားစ ပြတ်သွားတယ်။ နင်လည်း ကော်ဖီတစ်ငုံသောက်ပြီး ငြိမ်သက်နေတယ်။

"ဘယ်တော့လောက် သွားရမလဲ"

"ကိစ္စအားလုံးပြီးတာနဲ့ ထွက်ဖြစ်လိမ့်မယ်၊ လက်မှတ်လဲ ပို့လိုက်တယ်"

"ဒါဖြင့်"

"အလွန်ဆုံး တစ်ပတ်ပေါ့"





သြော်. . . ဝေးရပြန်ပြီ။ ဘယ်လောက်ဝေးဝေးကို နင်ပြေးပြေး နင်ပြေးနိုင်သလောက်သာပြေး ရန်ကြီးအောင်။ ငါလိုက်မယ်။ ရေမြေအနှံ့ ဆုံးအောင်အထိ လိုက်မယ်၊ သည်ကမ္ဘာမှာ လိုက်လို့မမီသေးရင် နောက်ကမ္ဘာထိအောင် လိုက်မယ်သိလား။ ယောကျ်ားနဲ့ မိန်းမမှာ ယောကျ်ားက ဉာဏ်ရည်သာတယ်ဆိုတာ ငါလက်မခံနိုင်ဘူး။ နင့်ကို အနိုင်ရကိုရရမယ်။ အနှောင့်အယှက် မခံရသေးတဲ့ နင့်ဉာဏ်ရည်ဟာ ဘယ်လောက်များ ကောင်းနိုင်ဦးမှာလဲ။

"နင်မသွားခင်တစ်ရက် ငါ့အိမ်မှာ ညစာလာစားပါလား"

"အားမယ်မထင်ဘူး နန်းရှိုလာ၊ လိုအပ်မယ်ထင်တဲ့ စာရွက်စာတမ်းတွေ မှန်သမျှကို ငါထပ်မံစုဆောင်းသွားဦးမှာ"

"နင်စုဆောင်းထားတာတွေ ရှိတယ်မဟုတ်လား"

"ရှိတယ်. . . ဒါပေမယ့် ပိုတာ အကြောင်းမဟုတ်ဘူး၊ လိုတယ် မရှိစေချင်လို့ပါ၊ ငါ သေသေချာချာ စုံစုံစေ့စေ့ စုဆောင်းသွားရမှာ"

"ငါ ဘာကူပေးရမလဲ"

"ရပါတယ်. . . ဘာအကူအညီမှ မလိုပါဘူး၊ နင့်ကို ငါလာနှုတ်ဆက်တာ"

"နင်သွားမယ့်ရက် သိရင် ငါ့ဆီကို ဖုန်းဆက်ဦးနော်"

"အင်း. . ."

"ဒီကိစ္စ ဖိုးချိုနဲ့နှင်းနှင်းတို့ကော သိလား"

"မသိကြသေးဘူး. . . ဆရာမကြီးရယ် ငါ့သမိုင်းဆရာတွေရယ် ငါ့မိသားစုရယ် ပြီးရင် ပထမဦးဆုံးသူဟာ နင်ပဲ၊ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ လာနှုတ်ဆက်တာ၊ ကျန်သူငယ်ချင်းတွေကိုတော့ အချိန်ရရင် ဖုန်းနဲ့ပဲ နှုတ်ဆက်လိုက်တော့မယ်၊ ငါပြန်မယ်နော်"

နင်က ထိုင်ရာက ထလိုက်တယ်။ ငါလည်း လိုက်ထရတယ်။

ငါလေ. . . နင့်ကို မပြန်ပါနဲ့ဦးလို့ တားချင်တယ်။ စကားတွေ အများကြီးလည်း ပြောချင်တယ်။ ဒါပေမယ့် နင့်ကို တားမြစ်ခြင်းဟာ နင့်ကို ငါ အရှုံးပေးရာကျနေမှာပေါ့။

"ဒေါ်တုတ်. . . ကျွန်တော်ပြန်တော့မယ်၊ ဒေါ်တုတ် မုန့်ဟင်းခါးအတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ်တော်"

"ရန်ကြီးအောင်. . . တကယ်လို့များ နင့်ဂျပန်ပါမောက္ခကြီးက မြန်မာ့အစားအစာကို ဂျပန်လို ပြုစုချင်တယ်ဆိုရင်ကော"

"ငါ့မှာ ချက်နည်းပြုတ်နည်းစာအုပ်လဲ ပါသွားပါတယ်၊ မလိုအပ်ဘူးတော့ ထင်ပါတယ်၊ ဒါပေမယ့် လိုအပ်တာရှိရင် ဆရာမကြီးကို လှမ်းမေးလိုက်လို့ရတယ်၊ သမိုင်းအတွက်လဲ သမိုင်းသုတေသီတွေ ပါမောက္ခတွေ ရှိပါတယ်၊ သူတို့က ငါ့အတွက် ဝမ်းသာနေကြတယ်၊ နှုတ်ဆက်ပွဲ လုပ်ပေးဦးမလို့ ပြောကြပါတယ်၊ ငါက ဒုက္ခမပေးချင်လို့ ငြင်းခဲ့ရတယ်၊ အချိန်လဲ မပေးနိုင်တော့ဘူးလေ"

နင့်စိတ်ထားဟာ ဖြောင့်မတ်တယ်။ နင့်ဘဝကြီးကို သည်လိုပဲ သမိုင်းစာအုပ်တွေကြား မြန်မာတူရိယာ ပန်းချီပန်းပုတွေကြားမှာ မြှုပ်နှံတော့မှာလားလို့ ငါမေးလိုက်ချင်တယ်။ ဒါပေမယ့်





အဲသည်စကား ငါ ရေလာမြောင်းပေးစကား ဖြစ်သွားမှာကို ငါ စိုးရိမ်တယ်။

မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးနှစ်သက် တန်ဖိုးထားတတ်တဲ့ နင်ဟာ မြန်မာမှုစရိုက်နဲ့ ကိုက်ညီတဲ့ မြန်မာပီသသော မိန်းမတစ်ဦးကိုလည်း မြတ်နိုးနှစ်သက် တန်ဖိုးထားတတ်မယ်ဆိုရင် ဆန္ဒကို ဦးစားပေးတတ်တဲ့မိန်းမကို ကြိုက်နှစ်သက်မှာ မဟုတ်ဘူးပေါ့နော်။ ကျွန်ုပ်သိက္ခာကို ထိန်းသိမ်းတတ်သူ မြန်မာအမျိုးသမီးကိုမှ နင်နှစ်သက်မြတ်နိုးလိမ့်မယ် ထင်တယ်။ ဒါကြောင့် ငါ ဘာမှ မပြောတော့ဘူး။

အံ့ဩစရာကောင်းလိုက်တာနော်၊ ပြန်မယ်ဆိုပြီး ထလိုက်တဲ့ နင့်ခြေလှမ်းတွေ မရွေ့လျားသေးပါလား။ ငါပြုံးလိုက်တယ်။ ပြီးတော့. . .

"ရန်ကြီးအောင်"

နင်က ငါ့မျက်နှာကို တရှိုက်မက်မက် ငေးကြည့်နေတယ်နော်၊ နင်ဟာ သိပ်ကို စိတ်ကို ထိန်းချုပ်နိုင်စွမ်းရှိတဲ့ ယောကျ်ားတစ်ဦးပဲ။ ကြည့်စမ်း၊ မျက်ဝန်းဟာ နှလုံးသားရဲ့ဖော်ကောင်ပါ၊ ငါတွေ့ရပြီ။ နင့်မျက်ဝန်းအိမ်ထဲမှာ နင့်နှလုံးသားရဲ့ပုံရိပ်ရှင်ကို ငါတွေ့လိုက်ရတယ်။

"ရန်ကြီးအောင်"

"ပြောလေ နန်းရှီလာ"

ငါ့အသံက အနည်းငယ် တုန်ယင်နေတယ်၊ နင့်အသံက လုံးဝမတုန်ဘူး။ အေးအေးဆေးဆေးပဲ၊ ငါ နင့်ကို အရှုံးပေးရတော့



www.burmeseclassic.com

www.burmeseclassic.com



မလား။

"နင့်အတွက် ဝမ်းသာပါတယ် ရန်ကြီးအောင်"

"ကျေးဇူးတင်ပါတယ်"

ကြားကြားချင်းက ဂုဏ်ယူပါတယ်လို့ ပြောပြီးသားစကားကို ငါထပ်ပြောလိုက်မိတယ်။ ငါဘာဖြစ်နေသလဲ။ ထိန်းချုပ်ရတာတွေ များလွန်းလို့ မေ့လျော့ခြင်းတွေ ဖြစ်ကုန်ပြီလား။

"ပြောစရာရှိသေးလား နန်းရှီလာ"

ပြုံးပြုံးလေးနဲ့ ခေါင်းခါလိုက်တယ်။ နင် မှင်တက်သွားတယ်။ နင့်နှုတ်ခမ်းတွေ လှုပ်ရှားလာတယ်။

ငါ အသက်မရှူဝံ့ဘူး။ နင့်ဆီက ငါအကြားချင်ဆုံးစကား ကြားရတော့မယ် ထင်တယ်။

"ဒါဖြင့် ငါသွားမယ် နန်းရှီလာ"

"......."

ငါ ဘာမှ တုံ့ပြန်မှုစကား မပြောလိုက်ခင် နင် ချာခနဲ လှည့်ထွက်သွားတယ်။ လုံးဝလှည့်မကြည့်ဘူး။ တောက်လျှောက်ပဲ။

နင့်ဆိုင်ကယ်သံ ဝေးသွားတဲ့အထိ ငါ ကျောက်ဆစ်ရုပ် ဖြစ်ကျန်ရစ်ခဲ့တယ်။

သွားပြီ။ နင် ငါနဲ့ အဝေးဆုံးနေရာကို ရောက်သွားပြီ။ ဘယ်လောက်ဝေးဝေးပေါ့ ရန်ကြီးအောင်ရယ်. . . ငါလေ. . . ငါ။







## အခန်း(၃၁)

"ဟဲလို"

"ရန်ကြီးအောင်လား"

"ဟုတ်တယ် နန်းရှီလာ၊ ငါ မနက်ဖြန်ညနေ ထိုင်းအဲယားဝေးနဲ့ သွားတော့မယ်"

"ဟင်. . ."

ခွဲခွာခြင်းက သိပ်ကို သေချာနေပြီပေါ့ ရန်ကြီးအောင်ရယ်။ ဒါပေမယ့် ခေတ္တခဏ ဖြစ်ရမှာပါ။

"မြန်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ပတ်စ်ပို့လဲ ရပြီ၊ လေယာဉ်လက်မှတ်က လဲ ဟိုက ပို့ပေးလိုက်တာဆိုတော့ သိပ်ကို အဆင်ပြေပြီး မြန်ဆန် သွားတယ်"

"ငါလိုက်ပို့ရမလား"

နင့်ဆီက အဖြေကို ချက်ချင်းမရဘူး၊ စက္ကန့်အနည်းငယ် ကြာမှ. . .

"ရပါတယ်. . . နင် မအားရင်လဲ လိုက်မပို့နဲ့လေ"

"အားပါတယ်. . . ငါ နင်နဲ့ နင့်ပါမောက္ခအတွက် လက် ဆောင်ပစ္စည်းလေးတွေ ပေးစရာ ရှိနေတယ်"

"ဩော်. . . ဒီတစ်ခါ ငါ့ကို အဖော်မခေါ်ဘဲ နင် ဝယ် တတ်သွားပြီပေါ့"

"ဒီလိုပဲပေါ့လေ. . . အင်မတန် အလုပ်များနေတဲ့ နင့် အတွက် ငါလဲ အလိုက်သိရတာပေါ့"

"နန်းရှီလာ"

"ဘာလဲ ရန်ကြီးအောင်"

"နင် ငါ့တောင်းဆိုချက်တစ်ခုကို လိုက်လျောမလား"

"ဘာမှန်း မသိသေးဘဲနဲ့တော့ ငါ ယတိပြတ် ပြောနိုင်မှာ မဟုတ်ဘူး"

နင့်ဆီက သက်ပြင်းချသံကို ကြားလိုက်ရတယ်၊ နင့်ဆီက သည်အသံမျိုး ကြားရတာ ပထမဦးဆုံးအကြိမ် ထင်တယ်။ နင့်ရင် ထဲ မွန်းကျပ်နေပြီလား ရန်ကြီးအောင်ရယ်။

"နင် အခု ဘာလုပ်နေသလဲ"





"တယ်လီဖုန်း ဆက်ပြောနေတယ်လေ"

"လုပ်ပြီ. . . နင်အားရဲ့လား"

"အားချင်ရင် အားလိုက်လို့ ရတာပဲ"

"ဒီလိုဆိုရင် နင် ငါ့ကို စောင်းတီးပြီး သီချင်းဆိုပြပါလား"

"ဟင်. . . "

လုံးဝမျှော်လင့်မထားမိဘူးလေ။

"နင် ငါ့ဆန္ဒကို မလိုက်လျောနိုင်ဘူးလား နန်းရှီလာ"

"ဟင့်အင်း. . . မဟုတ်ပါဘူး၊ ငါ ဆိုပြတီးပြပါ့မယ်၊ ဟို. . ဟို. . နင်ကိုယ်တိုင် လာနားထောင်တော့"

"နာရီကိုလဲ ကြည့်ပါဦး နန်းရှီလာ"

ငါ နာရီမော့ကြည့်လိုက်တော့ ဆယ့်နှစ်နာရီ ထိုးလုနေပါပြီ ကောလား။

"ပြီးတော့ ဆိုင်ကယ်ရောင်းလိုက်ပြီလေ"

ဟုတ်သားပဲ. . . ဒါကြောင့် နင် မလာနိုင်တော့တာပေါ့ နော်။ ငါ ရင်ထဲမှာ တစ်မျိုးပဲ၊ ဆရာမကြီး ပြောတဲ့စကားကို ငါ အမှတ်ရလိုက်တယ်။ နင်က ငါ့ကို ကြောက်တယ်ဆိုတာလေ။

ငါသဘောပေါက်ပါတယ်၊ ဒါကြောင့် နင်မလာရဲတာ မဟုတ်လား။ စိတ်ချပါ ရန်ကြီးအောင်။ ငါ တစ်ဖက်သတ် ယှဉ်ပြိုင် နေတဲ့ နှလုံးသားစစ်ပွဲမှာ မာယာလက်နက် လုံးဝထုတ်မသုံးခဲ့ဘူး ဆိုတာ ငါ့ကိုယ်ငါ အသိဆုံးနဲ့ နင်လည်း အသိဆုံးဖြစ်မှာပါ။

"နင် မနက်ဖြန် သွားဖို့ကော"

"ဖိုးချို လိုက်ပို့လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒါဖြင့် ငါ လေဆိပ်ပဲ ဆင်းခဲ့တော့မယ်နော်"

"အင်း. . ."

တိုင်ကပ်နာရီက စက္ကန့်တံ ရွေ့လျားသံကိုပဲ ကြားနေရတယ်။

"နန်းရှီလာ"

"အင်း. . ."

"ငါ နားစွင့်နေတယ်လေ"

"နင် ဘာသီချင်း နားထောင်ချင်လဲ"

"ကိန္နရာချောင်းခြား ပတ်ပျိုး"

"ဩော်. . . ရန်ကြီးအောင်" လို့ ငါ့ရင်တွင်းမှာ ညည်းတွားလိုက်မိတယ်။ တစ်ဆက်တည်း တယ်လီဖုန်းခွက်ကို လှဲချလိုက်ပြီး စောင်းကောက်ကို သွားယူလိုက်တယ်။

ပြီးတော့ တယ်လီဖုန်းခွက်လေးရှေ့မှာ အနီးကပ်ဆုံး နေရာယူပြီး စောင်းကြိုးတွေ ညှိလိုက်တယ်။

နင် ဘာဖြစ်လို့များ ကိန္နချောင်းခြားကိုမှ နားထောင်ချင်ရတာလဲဟင်လို့ မေးလိုက်ချင်စိတ်ကို မျိုသိပ်လိုက်ရတဲ့ ငါ့ခံစားချက်ကို နင်ကတော့ သိနိုင်မယ် မထင်ဘူးပေါ့။

(မြူဝန်းလို့ ခို. . . အလိုဘယ်ဝယ်ရောက်လွှယ် ငယ်နိုင်ပဲ ပတ်ဝန်းဘယ်ညာ သီတာချောင်းရေကွဲ)၂ သည်း(သည်းကြွေ လောင်တောင်ခရီး၊ ဇနီးငယ်တည့် နန်းကိန္နရီမယ်၊ မြန်းရှာရတယ် ရေယာဉ်ဝယ်သည်တသွန်း၊ အလွမ်းတွေကကြွယ်)၂

(အို. . . လှမျှားမယ်၊ ဘယ်ပြည်တည့်လွမ်းရမယ်)၂





ကုန်းမြေဖွယ် ရေလှိုင်းတောင်က၊ ပူဗျာလည်နောင်စိုး၊ ဖန်လာမိုး (အိုညှိုးရက်၊ မြိုင်ယံကြောင့်ဖျားတအား ရက်ပံငယ်)၂။

(သဖြန်) ။ ။နောင့်နည်းတူ၊ ဖော်မပါ၊ သနားငယ်မူယူနှင့် ဂျောင်ရေတူတနယ်ဘက်မှာ၊ ကူးခက်လှပါ။ ။လေနှင့်စိုင်းပါလို့၊ တောင့်တိုင်းငယ်က၊ မှုန်လို့ပြာ၊ သေလာကြော့တခန်း၊ နန်နန်းကိန္နရီ မောင်ကြီးကို ကူလာညီ။ မြတ်ဂီဝါတောင် လိုဏ်ကွေ့မှာ၊ ဘုန်းမေ ကြောင့်ပန်း။

ငါ့ရင်ထဲမှာ ရှိုက်သံနှောကောင်း နှောပေလိမ့်မယ်။ နင် ကြားရရဲ့လား မသိဘူး။

ငါ စောင်းကောက်ကို ချပြီး တယ်လီဖုန်း ကောက်ကိုင်လိုက်တယ်။

"ရန်ကြီးအောင်"

"သိပ်ကို ကျေးဇူးတင်ပါတယ် နန်းရှီလာ၊ ငါ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်တော့ဘူး. . . အိပ်တော့နော်"

"ဂျလောက်"

နင် ငါ့ကို အနိုင်နဲ့ ပိုင်းသွားပြန်ပြီနော်။

တစ်နေ့မှာ နင့်ကို ငါ အနိုင်ကြီး နိုင်ရမယ်။


အဲဒီအခါ ငါ ဟက်ဟက်ပက်ပက် ပြုံးရယ်နိုင်ဖို့ စိတ်ဓာတ် ငါမွေးမြူထားရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

"အိုင်ဆေး. . . မင်း တည်င်းသီး ဆားရည်စိမ်ကို ဘယ်လို လုပ် သယ်သွားတာလဲကွ"

"လုပ်ပြီ ဖိုးချိုရာ. . . မလာသေးတဲ့အထဲကွာ"

"ဘယ်သူ မလာတာလဲ"

ဖိုးချိုရယ်၊ ဘိုးဘိုး၊ ဘွားဘွားနဲ့ နင်ဟာ ငါ့ကို မမြင်ကြဘူး စကားပြောနေတယ်။

"တည်င်းသီး ဆားရည်စိမ်"





"ဘူးယို လုပ်ပြီကွာ"

ငါ မနေသာတော့ဘူး။ အသံပေးလိုက်တယ်။

"ရန်ကြီးအောင်"

"ဟင်. . . နန်းရှီလာ"

အနောက်တိုင်းဝတ်စုံကို သေသေသပ်သပ် ဝတ်ထားတဲ့ နင်ဟာ အရုပ်အမောင်း ပိုမြင့်လာသလိုပဲ။ နင် ငါ့ကို ပြုံးပြတယ်။ နင့်အပြုံးဟာ သိပ်ကိုတောက်ပနေတယ်။

"နင် လာတယ်နော်"

"ငါက လာမယ်ဆိုရင် လာတာပဲ၊ ရော့. . . နင့်အတွက် လက်ဆောင်၊ ဒါက ပါမောက္ခအတွက်"

"ကျေးဇူးပဲဟာ"

ငါက နင့်ကို ပက်ကင်လုပ်ထားတဲ့ ဘူးလေးနှစ်ခု လှမ်း ပေးလိုက်တယ်။

"ဘာတွေလဲဟ. . . သိချင်လိုက်တာ"

ဖိုးချိုက စပ်ဖြဲဖြဲမျက်နှာနှင့် မေးသည်။ နင်က. . .

"ကွန်ဒြေရရ နေစမ်းပါကွာ"

အဲဒီအချိန်မှာပဲ ဆရာမကြီးနှင့် အမျိုးသားသုံးဦး ရောက် လာတယ်။ နင့်ရဲ့ဆရာတွေပေါ့။

နင်နဲ့ငါ စကားပြောချိန် မရတော့ဘူး။ ဒါပေမယ့် ဘယ်သူ နဲ့ စကားပြောပြော နင့်မျက်လုံးတွေဟာ ငါ့ဆီကိုပဲ ရောက်ရောက် လာတယ်နော်။

"သားက တစ်ညလုံး မအိပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

နင့်အဘွားက နင့်အကြောင်း ပြောပြတယ်။

"စိတ်လှုပ်ရှားနေတယ် ထင်တယ်၊ မိုးလင်းခါနီးမှ အိပ်သွားတယ်လေ"

ငါကော ဘာထူးသလဲ ရန်ကြီးအောင်ရယ်။ နင့်လိုပဲပေါ့။

ဒါပေမယ့် ခံစားချက်ချင်းတော့ တူညီကြမှာ မဟုတ်ဘူး။ ငါ့ခံစားချက်က ဝေးကွာသွားတဲ့ ကာလအပိုင်းအခြားအတွက် မချိတင်ကဲ အားမလိုအားမရ ဖြစ်မိတာ။

"နန်းရှီလာ"

နင်က နင့်ဆရာနဲ့ မိတ်ဆက်ပေးတယ်။

"ဆရာတို့ နန်းရှီလာကို သိပါတယ်ကွယ် . . . အီးမေကျ ကွင်းပဲကွယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

အဲဒီအချိန်မှာပဲ လေယာဉ်နဲ့ လိုက်ပါမယ့် ခရီးသည်တွေကို ခေါ်နေတဲ့အသံ ထွက်ပေါ်လာတယ်။

နင်က လိုက်ပို့သူအားလုံးကို နှုတ်ဆက်ပြီးမှ နောက်ဆုံး ငါ့ဆီကို ရောက်လာတယ်နော်။

"နန်းရှီလာ"

"ပြောလေ"

နင် တစ်စုံတစ်ခု ပြောလိမ့်မယ်လို့ ငါမျှော်လင့်မိတယ်။

"ငါ ပြန်လာမှာပါ"

ငါ့ရင်ထဲ ဟာခနဲ ဖြစ်သွားတယ် ရန်ကြီးအောင်ရယ်။ နင့်





မှာ ပြောစရာစကား မရှိတော့ဘူးလား။

ငါ့စိတ်ကိုငါ မနည်းထိန်းချုပ်လိုက်ရတယ်။ မျက်ရည်လုံးဝ မကျစေရဘူး။ ကျဖို့ မလိုအပ်ဘူးလို့လေ။

နင့်မျက်ဝန်းက ညှိုးနေတယ်။ ဒါပေမယ့် နင်ပြုံးပြနိုင်တယ်။

"ငါသွားမယ်"

နင် ချာခနဲ လှည့်ထွက်သွားတယ်။

လုံးဝလှည့်မကြည့်တော့ဘူး။ ကောင်းပါတယ်။ ဒါမှ ရစ်ဝဲကျလာတဲ့ ငါ့မျက်ရည်စတွေကို နင်မတွေ့နိုင်မှာ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## ရန်ကြီးအောင်...

အံ့သြစရာကောင်းလွန်းတဲ့ ယောကျ်ားတစ်ဦးဟာ နင် ဖြစ်လိမ့်မယ်လို့ ငါလုံးဝထင်မှတ်မထားဘူး။

ခုတော့ ကြည့်စမ်း။

သုံးနှစ်နဲ့ လေးလဆိုတဲ့ ကာလလုံးလုံး နင်ဟာ နန်းရှီလာဆိုတဲ့သူငယ်ချင်း ငါ့ကို လုံးဝ အဆက်အသွယ် မလုပ်ဘူး။

နင့်အသည်းနှလုံးဟာ သံမဏိလို မာကျောနေတယ်ပေါ့။

ဒါပေမယ့် ရန်ကြီးအောင်ရယ်။ သံမဏိအတွက် သံရည်ကျိုစက် ရှိပါတယ်။

ဒီလိုပါပဲ၊ နင့်နှလုံးသားကို အရည်ဖျော်ဖို့အတွက် နန်းရှီလာ ရှိနေတယ်လေ။

ဂျပန်ကနေ နင်က ငါ့ကို အဆက်အသွယ် မလုပ်ပေမယ့်





ငါက အရေးမလုပ်ဘူး။ ငါလဲ မဆက်သွယ်ဘူး။ ဘာဖြစ်လို့လဲ သိလား။

နင့်အသည်းနှလုံးမှာ ငါပစ်ခွင်းလိုက်တဲ့မြားတွေ စူးပြီး နင့်အသည်းနှလုံးမှာ အချစ်အဆိပ်ရည်တွေ ပျံ့နှံ့နေပြီဆိုတာ ငါ သိနေတယ်လေ။

မနက်ဖြန် နင် မြန်မာပြည်ကို ပြန်ရောက်တော့မယ်။

အဲဒီအခါ အချစ်အဆိပ်ရည်တွေ ပျံ့နေတဲ့ နင့်နှလုံးသားဟာ နန်းရှီလာကို တွေ့တာနဲ့ အရည်မပျော်ဘူးဆိုရင်တော့လည်း. .

ရန်ကြီးအောင်ရယ်. . .

နင် မျက်ခုံးမလှုပ်ဘူးလားဟင်။

မကြာခင် နင့်ရဲ့အသည်းနှလုံးတွေ မွမွကြေ ပျက်စီး အရည်ပျော်တော့မှာဆိုတော့ နင်-မျက်ခုံးလှုပ်သင့်တယ် ထင်တယ်နော်။

ငါပျော်လိုက်တာ ရန်ကြီးအောင်ရယ်။

ငါ့ရဲ့နှစ်ရှည် စီမံကိန်းကြီးက အကောင်အထည် ဖော်တော့မယ်နော်။


နင်နဲ့ တွေ့ချင်လှပြီ ရန်ကြီးအောင်ရယ်။ ဒါပေမယ့်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"ဟော့ကောင်. . . ဘူးယို"

"ဟာ. . . အိုင်ဆေး၊ မင်းပြန်လာပြီလား"

"အေးလေကွာ"

"ဘယ်နေ့ကလဲ"

"ဒီနေ့ပဲ. . . အိမ်မှာ ပစ္စည်းတွေ ချပြီးပြီးချင်း တန်းထွက်ခဲ့တာ"

"ငါ့ဆီကို. . . တယ်ဟုတ်ပါလား"





"မဟုတ်ဘူးကွ. . . နန်းရှီလာဆီကို"

"ခွေးမသား. . . အိုင်ဆေး"

"လုပ်စမ်းပါဦး ဖိုးချိုရာ၊ သူ့အိမ်မှာ သူမရှိတော့ဘူး. . . ရောင်းသွားပြီတဲ့"

"ဟုတ်လား. . . ငါလဲ မသိလိုက်ပါလား"

ငါ ပျာရပြီ နန်းရှီလာရယ်။

ငါ့ရဲ့မျှော်လင့်ချက်တွေ သဲထဲရေသွန် ဖြစ်ရတော့မှာလား။ ဂျပန်နိုင်ငံကနေ အောင်မြင်မှု သရဖူ ဆောင်းပြီး ငွေထုပ်ပိုက်ပြန်လာခဲ့တဲ့ ငါ့ရဲ့ပြည်တော်ပြန်ခရီးမှာ ဝမ်းနည်းကြေကွဲမှုတွေနဲ့ မိတ်ဆက်ရမှာလား နန်းရှီလာ။

"မင်းတို့ ဘာအသုံးကျသလဲ၊ တစ်မြို့တည်း နေပြီး ကိုယ့်သူငယ်ချင်းတစ်ယောက် အိမ်ပြောင်းသွားတာတောင် မသိရလောက်အောင် ညံ့ရသလား"

"ပြောတော့ အိုင်ဆေးရာ၊ နင်သွားနေတဲ့ကာလမှာ ငါတို့က သားတစ်ယောက် သမီးတစ်ယောက်တောင် စုဆောင်းမိနေတော့လဲ အလုပ်များပြီး မင်းရဲ့ချစ်လေး. . . အဲ. . . တညင်းသီးဆားရည်စိမ်လေးကို မျက်ခြည်ပြတ်သွားတယ်ကွာ"

"ဒါဖြင့် နှင်းနှင်းကော"

"သူလဲ ရှမ်းပြည်နယ်ဘက် ပိုစတင် ကျသွားပြီး အဲဒီမှာ အိမ်ထောင်ကျသွားတယ်ကွ"

"ကောင်းကွာ. . . နင်တို့သူငယ်ချင်းတွေ တစ်ကောင်မှ အသုံးမကျဘူး၊ ရတနာကော သိလား. . . မေးကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပိုဆိုးသေး. . . ကလေးနှစ်ယောက်နဲ့ ချာလပတ်ကို ရမ်းနေတာဗျ၊ ထဘီတောင် မနိုင်တော့လို့ ဘောင်းဘီဝတ်နေရတယ်"

"သေတော့မှာပဲကွာ. . . မင်းတို့အကြောင်းတွေ ငါမသိချင်ဘူး၊ ငါသိချင်တာ နန်းရှီလာအကြောင်းပဲ"

"အခုမှမှား ဖြစ်နေလိုက်တာကွာ၊ အခြေအနေတွေ ပေးနေတုန်းကတော့ ကျောက်ဆစ်ရုပ်"

"ဒါကတော့ ငါ့မှာ ပညာကလွဲရင် သူ့ကို စည်းစိမ်ချမ်းသာနဲ့ ထားနိုင်တဲ့အဆင့် ငါ့မှာ မရှိသေးဘဲကိုးကွ"

"ခု ရှိလာပြီပေါ့"

"ဒါပေါ့ကွာ. . . ယောကျ်ားတစ်ဦးအနေနဲ့ အိမ်ထောင်တစ်ခုကို တင့်တင့်တယ်တယ် ထူထောင်နိုင်တဲ့ အနေအထား ငါ့မှာ ရှိလာပြီလေ၊ ဒါကြောင့် ငါ နန်းရှီလာကို တွေ့ချင်တယ်"

"ဒါနဲ့ မင်းပြောဖူးတော့ သူ့အလှဟာ ဘာ. . ."

"ဟုတ်တယ်. . . Her beauty is not ordinary. Her beauty is an extra-ordinary လို့ ငါပြောခဲ့တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ. . . သာမန်ထက် လွန်ကဲတဲ့အလှကို မင်း နှစ်သက်တတ်ပြီလား"

"နဂိုကတည်းက နှစ်သက်မြတ်နိုးခဲ့တာပါကွာ၊ ဒါပေမယ့် မမှီတဲ့ပန်းကို တုံးခု လှမ်းဖို့ကို ကြိုးစားရသေးတယ်ကွာ"

"ငါတော့ ဦးနှောက်တောင် စားလာပြီ အိုင်ဆေးရာ၊ မင်း ဒီလောက်ဖြစ်မယ်မှန်းသိရင် ငါ စောစောစီးစီးကတည်းကသူ့ကို





မျက်ခြည်မပြတ် စောင့်ကြည့်ထားပါတယ်ကွာ၊ ဒါပေမယ့် ခုတော့"

"ဒါပေမယ့်တွေဘာတွေ မလုပ်နဲ့၊ မင်းလဲ ဝိုင်းစုံစမ်းပေးပါဦး"

"အေးပါကွာ"

"ဒါဖြင့် ငါပြန်မယ်"

"နေပါဦးကွ. . . ငါတို့အတွက် ဘာလက်ဆောင်မှ မပါဘူးလား"

"သြော်. . . ဟုတ်သားပဲ၊ ဒီမှာ"

လက်ထဲမှာ ဆွဲလာတဲ့အိတ်ကိုတောင် မေ့နေတဲ့ ငါ့အဖြစ်ပါ နန်းရှီလာ။ ငါ့စိတ်တွေဟာ ငါ့ခန္ဓာကိုယ်ထဲကနေ ကင်းကွာထွက်ပြေးပြီး နင့်ကို လိုက်ရှာနေပြီလေ နန်းရှီလာ။

"မင်းဟာ ဒီလောက်တောင် ဖြစ်နေရသလား အိုင်ဆေးရာ"

"ဟုတ်တယ် ဘူးယို၊ ငါ့အဖို့တော့ ဒီကိစ္စဟာ သေရေးရှင်ရေးကိစ္စပဲ၊ To me it is a matter of life and death ကွ. . . သွားမယ်"

ငါ ဖိုးချိုကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။ ငါ ဘယ်ကိုသွားရမလဲ။ နင့်ကို ငါ ဘယ်လိုလုပ်ပြီး ရှာရမလဲ နန်းရှီလာရယ်။

"အိုင်ဆေး. . . မင်းသွားရမှာ တံတားလေးကွ"

"ပြောတော့ ဖိုးချို၊ ခံစားတတ်ပုံချင်းမှ မတူညီဘဲကိုးကွ"

ငါ့ပိုက်ဆံအိတ်ထဲမှာ အမြဲတမ်း ရှိနေတဲ့ ကက်ဆက်ခွေလေးကို ကားကက်ဆက်ထဲ ထည့်လိုက်တယ်ဆိုရင်ပဲ နင့်အသံလေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတယ်။

မြူဝန်းလိုခို၊ ။ အလိုဘယ်ဝယ်ရောက်လွယ်ယယ်နိုင်ပဲ၊ ပတ်ဝန်းကျင်ဘယ်ညာ၊ သီတာချောင်းရေကွဲ့ . . .

တယ်လီဖုန်းထဲကတစ်ဆင့် ထွက်ပေါ်လာတဲ့ နင့်အသံနဲ့ စောင်းသံကို ငါ ကက်ဆက်ထဲ ဖမ်းယူပြီး ဂျပန်နိုင်ငံမှာ အလွမ်းဖြေခဲ့ရတာကို နင်သိပ့်ါမလား နန်းရှီလာ။

ခုတော့ မြန်မာပြည် ပြန်ရောက်လာပါလျက် သီတာခုနစ်တန် ကျော်လွှားပြီး လာလျက်ကယ်နဲ့ ငါ့မှာ အလွမ်းတောင် မပြေရသေးပါလား နန်းရှီလာရယ်။


နင် ဘယ်ရောက်နေသလဲ။ နင် ဘယ်မှာပုန်းပုန်း ငါကတော့ တွေ့အောင်ရှာမယ်။

ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ထဲက အင်္ဂလိပ်စာဌာနကို ငါ ဦးတည်လိုက်တယ်။

နင့်ကို ငါတွေ့ဖို့ဟာ ငါ့ရဲ့သေရေးရှင်ရေးကိစ္စပါ နန်းရှီလာ။







# အခန်း(၁၄)

နင် လေဆိပ်လိုက်ပို့တုန်းက ငါ့ကိုပေးခဲ့တဲ့ လက်ဆောင်ကျွန်းသား ပန်းပုရုပ်လေးကို ငါထုတ်ကြည့်လိုက်တယ်။ မြန်မာအမျိုးသမီးလေး စောင်းတီးနေတဲ့ပုံလေးလေ၊ နင့်ကိုယ်စားပဲ အမြဲသိမ်းထားပါတယ်။

နင့်ရဲ့အသံလေးနဲ့ ကိန္နရာချောင်းခြားကို တစ်ခွေလုံးအပြည့်ကူးထားပြီး ညတိုင်း ဖွင့်နားထောင်တယ်။ နင့်အရုပ်လေးနဲ့ ဆရာမကြီးအိမ်မှာ နင် စောင်းတီးနေတုန်းက ရိုက်ထားတဲ့ဓါတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



လေးကို တို့ရင်မှာ ထောင်ထားပြီး တစိမ့်စိမ့် ကြည့်လို့ စိတ်ကူးယဉ်ခဲ့ရတဲ့ ရက်ပေါင်း အသချေကို ငါဖြတ်ကျော်ခဲ့ရသူပါ နန်းရှီလာရယ်။ ခုတော့. . .

"ဟော့ကောင် အိုင်ဆေး"

"ဟာ. . . ဘူးယို၊ လာလေ"

ငါ ကက်ဆက်ကိုပိတ်၊ နင့်ဓါတ်ပုံလေးနဲ့ ပန်းပုရုပ်လေး စားပွဲပေါ်မှာ ပြန်ထောင်လိုက်တယ်။

"ဘာတွေလဲ"

"တွေ့တဲ့အတိုင်းပဲ"

"မင်းလည်း စိတ်ကူးနဲ့ပဲ ရူးမယ့်ကောင်"

"ဆိုစမ်း. . . ဘာသတင်းကြားသလဲ"

"သူ့အိမ်က နှစ်ချုပ်နဲ့ ငှားထားတာတဲ့ကွ"

"ဟုတ်လား. . . မင်း ဘယ်သူ့ဆီက ကြားခဲ့တာလဲ"

"အဲ့ဒီအိမ်ရှင်ဆီကိုပဲ သွားတွေ့ပြီး သေသေချာချာမေးမြန်းစုံစမ်းခဲ့တာပေါ့ကွာ"

"ဒါဖြင့် သူက ဘယ်မှာနေတာလဲ"

"တိုက်ခန်းကို နှစ်ချုပ်နဲ့ ပြန်ငှားနေတယ်ဆိုလားပဲ"

"ဘယ်မှာတဲ့လဲ"

"ဒါတော့ သူတို့လည်း အတိအကျ မသိသေးဘူး"

ငါ ခြေကုန်လက်ပန်းကျသွားတဲ့ တာဝေး အပြေးသမားလို ဖြစ်သွားရတယ် နန်းရှီလာ။

"ချိစ်ပုံလေးပါလား. . . မင်းကို ပေးထားတာလား"





"မဟုတ်ဘူး. . . ငါ့ဘော့စ်(Boss) ဆရာမကြီးအိမ်က နေ့လည်စာ စားပွဲမှာ ရိုက်ထားတဲ့ပုံလေ၊ ဘော့စ်ဆီက ငါရထားတာ၊ မြန်မာ့တူရိယာကဏ္ဍမှာတောင် ဒီပုံလေး ပါသေးတယ်"

နင့်အကြောင်း ပြောရမယ်ဆိုရင် မမောနိုင် မပန်းနိုင် အောင်ပါပဲ နန်းရှီလာ။

နင့်ကို ဖိုးချိုက ကွယ်ရာမှာ 'ချိစ်' လို့ နောက်ပြောင်ခေါ်ရာကနေ နောက်ပိုင်း နင်က အနောက်တိုင်းမဆန်တော့ဘဲ မြန်မာဆန်လာတော့ တညင်းသီး ဆားရည်စိမ်လို့ နောက်ပြန်တယ်လေ။

"ငါလည်း အင်္ဂလိပ်ခွဲ ဒီပ္လိုမာ English Department ကို ရောက်ခဲ့ပါတယ်၊ အမ်အေပြီးသွားပြီးကတည်းက ဌာနကို ရောက်မလာဘူးတဲ့"

"ထူးတော့ ထူးဆန်းတယ်၊ ကျောင်းမှာ ပြန်မလုပ်ဘူးဆိုရင် နိုင်ငံခြားများ ထွက်သွားသလား မသိဘူး"

"မဖြစ်နိုင်ဘူး ထင်တယ်"

"ဘာဖြစ်လို့ ပြောနိုင်တာလဲ"

"ငါ့စိတ်ထဲမှာ အလိုလို ထင်နေလို့ပါ ဖိုးချိုရာ၊ သူ မြန်မာပြည်ကို ဘယ်တော့မှ စွန့်ခွာမှာ မဟုတ်ဘူး"

"ဒီလောက်တောင် စိတ်ချင်း နီးစပ်နေရဲ့သားနဲ့ မင်းတို့ ဘာမှမဖြစ်ကြတာ အံ့ဩဖို့ကောင်းလိုက်တာ အိုင်ဆေးရာ"

"ဟုတ်တယ် ဖိုးချို တစ်ခါတစ်ရံ နှုတ်က ဖွင့်ပြောတာထက် ကို မပြောဘဲ နေတာက ပိုပြီးလေးနက်တဲ့စကားတွေ ဖြစ်နေတတ်တာမျိုးလည်း ရှိတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲဟာ. . . ငါ့တော့ ဘာမှ နားမလည်တော့ဘူး"

"မင်း ဘယ်နားလည်မှာလဲ ဘူးယို၊ Loving is a kind of art တဲ့လေ၊ ချစ်ခြင်းဟာ အနုပညာတစ်မျိုးဆိုတော့ အနုပညာ မခံစားတတ်တဲ့ မင်းအတွက် ချစ်ခြင်းရဲ့အတိမ်အနက်ကို မင်း သိမှာမဟုတ်ဘူး၊ မင်းသိတာ အိမ်ထောင်ပြုပြီး သားမယားအတွက် စီးပွားရှာဖို့လောက်ကိုပဲ သိတာမဟုတ်လား"

"ဒီမှာ အိုင်ဆေး၊ လူ့သဘာဝအရ လူသားတာဝန် ကျေပွန်စွာ ထမ်းဆောင်နေတဲ့ ငါ့ကို တာဝန်မကျေပွန်သေးတဲ့ မင်းက ဘာမှ မိချောင်းမင်း ရေခင်းပြစရာ မလိုဘူး၊ မင်းကို အကူအညီပေးမယ့် ငါ့ကို စေတနာပျက်အောင် ပြောပေး အိုင်ဆေး"

"ဆောရီး သူငယ်ချင်း၊ ဆရာတင်ပါတယ်၊ ငါ နန်းရှီလာကို သိပ်တွေ့ချင်နေတယ်. . . ဝိုင်းရှာပေးပါဦးကွာ"

"တွေ့တော့ ဘာလုပ်မှာလဲ"

ငါတွေဝေရပြီ နန်းရှီလာ။ ငါ နင့်ကို ဘာကြောင့် တွေ့ချင်ရတာလဲ၊ လွမ်းလို့ထင်တယ်။ ဒါမှမဟုတ် အင်မတန် ဆွဲဆောင်အား ကောင်းတဲ့ နင့်အပြုံးကို မြင်ချင်လို့ထင်တယ်။ တွေ့တော့ ငါ ဘာလုပ်ရမလဲ၊ ဘာပြောရမလဲ။

နင့်အတွက် ဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေ ပေးပြီး နင့်အပြုံးကို ထိုင်ကြည့်ချင်တယ်။ ငါ့ရဲ့ခံစားမှုတွေကို နင့်ကို ဖွင့်ဟ ဝန်ခံချင်တယ်။

ပြီးတော့ ငါ့ရည်မှန်းချက်တွေကို ပြောပြချင်တယ်။

"ဟော့ကောင် အိုင်ဆေး"





"ဘာလဲကွ"

"ငါမေးတာ ဖြေလေ"

"သူ့အပြုံးကို ငါသွားကြည့်မလို့"

"ဟေ. . ."

ဖိုးချိုက ငါ့ကို မျက်လုံးအပြူးသားနဲ့ လှမ်းကြည့်တယ်။

"ဟုတ်တယ်. . . ငါ သူ့အပြုံးကို သွားကြည့်မလို့၊ ဘာဖြစ်လို့လဲဆိုတော့ မင်းသိတယ်မဟုတ်လား ဖိုးချို၊ One Look One Smile Shakes my Heart are World တဲ့လေ၊ သူ့အပြုံးဟာ ငါ့ရဲ့အသဲနှလုံးကို တစ်ကမ္ဘာလောက် ကြာအောင် လှုပ်ရှားစေ တတ်တယ်ကွာ. . . ဒါကြောင့်ပါ"

"အားပါးပါး. . . အိုင်ဆေး၊ မင်းရောဂါဟာ သိပ်ကို ရင့်နေပြီကွ"

"ဟုတ်တယ်. . . မြင်ကတည်းက စွဲခဲ့တဲ့အချစ်ပါကွာ၊ ငါ သူ့ကို သိပ်ချစ်ပါတယ်၊ အချိန်နဲ့အခြေအနေအရ ငါ့ရဲ့ဆန္ဒကို ထိန်းချုပ်မှုတွေနဲ့ နှောင်ဖွဲ့ရတာပါကွာ"

"ငါ့မှာ ရင်ဖွင့်စရာဆိုလို့ ဖိုးချိုပဲ ရှိတယ်မဟုတ်လား၊ နန်းရှီလာ ရင်ထဲက အစိုင်အခဲကို ငါချေဖျက်ချင်ပါပြီ"

"စောစောစီးစီး ငါ့ကို ဖွင့်ပြောခဲ့ရင် မင်းတို့ကိစ္စ ခုလောက် ဆို ပြီးနေပြီ"

"ငါ့ခံစားချက်ကို ငါကိုယ်တိုင်ပဲ ရင်ဖွင့်ပြချင်တယ်၊ အောင်သွယ်မလိုဘူး ထင်လို့ပါ ဖိုးချိုရာ"

"အဲဒီလို နွေးနေ၊ အခုလောက်ဆိုရင် ယောကျ်ားမှာ.



www.burmeseclassic.com

www.burmeseclassic.com



ရနေပြီလား မသိဘူး”

“မဖြစ်နိုင်ဘူး. . . ဒါတော့ ငါအတပ်ပြောနိုင်တယ်”

“ဘာဖြစ်လို့လဲကွ”

“နန်းရှီလာဟာ တော်ရုံတန်ရုံ ယောက်ျားတစ်ဦးကို ချစ်နိုင်မှာ မဟုတ်သလို လက်ထပ်မယ့်သူလည်း မဟုတ်ဘူးဆိုတာကို ငါယုံတယ်”

“ဒါဖြင့် မင်းကိုကောကွာ”

“ဒါလည်း အတပ်ပြောလို့မရသေးဘူး၊ နန်းရှီလာရဲ့ အတွင်းစိတ်ဟာ သိပ်သိရခက်တယ်ကွ”

“မင်းကကော သူ့အတွင်းစိတ်ကို သိအောင် ကြိုးစားဖူးလို့လား”

“အချိန်နဲ့အခြေအနေ မပေးသေးလို့ပါကွာ”

“ကိုင်း. . . မိုးတောင် ချုပ်ပြီ၊ ငါပြန်တော့မယ်၊ ဒါထက် မင်း ဆရာမကြီး ဒေါ်ချစ်ရီတို့ဆီကော ရောက်ပြီးပြီလား”

“ဟုတ်ပါရဲ့”

“သွားမယ်သွားမယ်နဲ့ ငါးရက်တောင် ရှိသွားပြီ၊ နန်းရှီလာ သွားတတ်တဲ့နေရာကို လိုက်စုံစမ်းနေတာနဲ့ပဲ အချိန်တွေ ကုန်သွားတယ်၊ ဆရာမကြီးကို ငါသွားကန်တော့ရဦးမှာ”

“အိုင်ဆေး . . . မင်းတော့ မလွယ်ဘူး၊ ရူးနိုင်တယ်”

“ချစ်ခြင်းဟာ ရူးခြင်းတစ်မျိုးပဲပေါ့ကွာ”

ဖိုးချို့ကို အောက်ထပ်အထိ လိုက်ပို့ပေးလိုက်ရတယ် နန်းရှီလာ။





နင့်ကို ရှာဖွေနေတာနဲ့ပဲ ငါ့မှာ ဝတ္တရားတွေတောင် ပျက်ကွက်နေပါလား နန်းရှီလာ။

ရှာဖွေမဲ့သာ ရှာဖွေနေရတယ် နန်းရှီလာရယ်။

နင့်ဆီကများ စိမ်းကားရက်စက်တဲ့အကြည့်နဲ့ တုံ့ပြန်မှုတွေ ရမှာကို အင်မတန် စိုးကြောက်ခဲ့တဲ့ ငါဟာ နင့်ကို ဖွင့်ပြောဖြစ်ပါ့မလားဘဲ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၅)

"သာခု. . . သာခု. . . သာခု၊ ငါ့တပည့် လိုရာဆန္ဒတွေနဲ့ ပြည့်ပါစေကွယ်"

ဆရာမကြီး ဒေါ်ချစ်ရီကို ရောက်ရောက်ချင်းပဲ လက်ဆောင်ပစ္စည်းတွေ ချပြီး ငါ့ကန်တော့လိုက်တယ် နန်းရှီလာ။ ဆရာမကြီးက ဆုပေးရင်း မျက်ရည်တွေ ရစ်ဝဲလို့ပေါ့။

တပည့်တွေရဲ့သိတတ်မှုကို ရရှိတဲ့အခါတိုင်း ဝမ်းသာဝမ်းနည်း ပီတိကို ခံစားရတာ ဆရာတွေရဲ့ဘဝ ထင်ပါရဲ့ကွာ။





"လာ. . . ရန်ကြီးအောင်၊ ထမင်းစားခန်းကိုသာ တန်းလိုက်ခဲ့၊ ဒီနေ့ အုန်းနို့ခေါက်ဆွဲ ချက်တယ်၊ မင်းလာတာနဲ့ အတော်ပဲ"

"ကျွန်တော် ရောက်ကတည်းက လာဖို့ပါပဲ"

"ကိစ္စတွေ များနေတယ်ဆိုပါတော့"

"ဟုတ်ကဲ့"

"အုန်းနို့ခေါက်ဆွဲဆိုလို့ မင်းတို့အတန်းမှာ ဆရာမကြီး ဝင်ပြီး မြန်မာအစားအစာတွေကို အင်္ဂလိပ်လို မေးတဲ့အခါ နန်းရှီလာ တစ်မျိုးအမြဲမရတာကို မှတ်မိသေးတယ်"

"နန်းရှီလာဆိုလို့. . . နန်းရှီလာကို တွေ့သေးလား ဆရာမကြီး"

"ဟင်. . . မင်းနဲ့နန်းရှီလာ မတွေ့ကြသေးဘူးလား"

ဆရာမကြီးက တအံ့တသြနဲ့ မေးခွန်းပြန်ထုတ်တယ်။

ငါက ဣန္ဒြေမပျက် ခေါက်ဆွဲထဲကို ရှောက်သီးစိတ်လေး အသာညှစ်လိုက်ရင်း. . .

"သူ့အိမ်မှာ မရှိတော့ဘူး ဆရာမကြီး"

"ဟုတ်တယ်. . . သူ့အိမ်ကို သံရုံးကို ငှားလိုက်တယ်"

"ဟုတ်ကဲ့. . . ငှားလိုက်မှန်းတော့ သိပါတယ်၊ သံရုံးကို ငှားမှန်းသာ မသိတာ"

"ဆရာမကြီးဆီတော့ သီတင်းကျွတ်ဆိုရင် လာကန်တော့ရင်း ရောက်ပါတယ်၊ တစ်ခါတစ်ရံလည်း ဖုန်းဆက်ပြီး မာကြောင်းသာကြောင်း မေးရှာပါတယ်၊ သိပ်တော်တဲ့မိန်းကလေးပါ"

"စား. . . သားအဖိုးအဖွားတွေရော နေကောင်းကြရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား"

"ကောင်းပါတယ်. . . အခုဆိုရင် သိပ်အိမ်မကပ်ချင်ကြတော့ဘူး၊ ဘုန်းကြီးကျောင်း ရိပ်သာပဲ သွားနေကြတယ်"

"မင်းတို့ ရန်ကင်းမှာပဲလား"

"ခုလောလောဆယ်တော့ ရန်ကင်းမှာပဲ၊ ဒါပေမယ့် ကျောက်ကုန်းဖက်မှာ ကျွန်တော် ပို့ပေးတဲ့ငွေနဲ့ အဖိုးက မြေတစ်ကွက် ဝယ်ထားပေးပါတယ်၊ အဲ့ဒါဆောက်ဖို့ ဖိုးချိုကို အပ်လိုက်တယ်"

"ကောင်းပါတယ်. . . ဒါထက် မင်းဘာလုပ်မယ် စိတ်ကူးသလဲ"

အုန်းနို့ခေါက်ဆွဲ စားရင်း ဆရာမကြီး မေးတာတွေကို ဖြေရင်း နှင့်အကြောင်း ပျောက်သွားမှာကို ငါစိုးရိမ်နေတယ်။

ပျောက်သွားလည်း ငါသိချင်တာကို ပြောင်ဖွင့်မေးရမှာပဲ နန်းရှီလာ။ ဆရာတပည့်အရင်းတွေပဲ၊ ရှက်မနေနိုင်တော့ဘူး။

"ကျွန်တော် နေရာကောင်းကောင်းရွေးပြီး မြန်မာ့ရိုးရာ ပန်းချီပန်းပု တူရိယာပစ္စည်း အရောင်းပြခန်းဆိုင်ကို ဖွင့်မယ်၊ ပြီးတော့ သမိုင်းသုတေသနစာတမ်းတွေကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာနဲ့ ပြုစုရေးသားမယ် ဆရာမကြီး"

"သိပ်ကောင်းတဲ့ရည်ရွယ်ချက်ပဲ၊ ဒါပေမယ့် ဒီတစ်ခါတော့ မင်းဟာ နောက်ကျသွားပြီ၊ တစ်မဟုတ်တော့ဘူး၊ မင်းအကြံအစည်မျိုး မင်းထက် ဦးသူရှိသွားပြီ"

"ဟင်. . . ဘယ်သူလဲ ဆရာမကြီး"





"နန်းရှီလာလေ"

"ဗျာ. . . နန်းရှီလာ၊ ဟုတ်လား ဆရာမကြီး၊ ဒါဖြင့် သူ. . . သူက. . "

ငါ့စိတ်တွေဟာ ဣန္ဒြေမဲ့လောက်အောင်ကို လှုပ်ရှားသွားတယ် နန်းရှီလာရယ်။

ဆရာမကြီးက ပြုံးပြပြီး လက်ကာပြရင်း. . .

"နေ. . . နေ. . . ဆရာမကြီး မင်းကို သေသေချာချာ ပြောပြမယ်၊ မင်း အေးအေးဆေးဆေး စားရင်း နားထောင်ပါကွယ်၊ မင်းနန်းရှီလာက ဒီကမ္ဘာအပြင်ဖက်ကို ထွက်မပြေးပါဘူး"

ငါ နားရွက်တောင် မခတ်ရဲတော့ဘူးပေါ့ နန်းရှီလာ။ ဆရာမကြီးက ငါ့ရဲ့ရင်တွင်းဝေဒနာကို ဖောက်ထွင်းမြင်နိုင်တဲ့ ဉာဏ်မျက်စိ ရှိပုံရတယ်။

"နန်းရှီလာက ဗိုလ်ချုပ်ဈေးမှာ ပန်းချီ၊ ပန်းပုနဲ့ ရှေးဟောင်းအနုပညာ လက်ရာမွန်တွေကို စုဆောင်းပြီး အရောင်းပြခန်း ဖွင့်ထားတယ်လေ"

"ဆိုင်နာမည်ကော"

"နန်းရှီလာပဲ"

"ဟင်. . . ဒါနဲ့တောင် ဖိုးချိုက မသိဘူးတဲ့လား"

"ဒါမျိုးက နိုင်ငံခြားသား(Foreigner)နဲ့ တကယ့်ကို မြန်မာ့အနုပညာလက်ရာတွေကို နှစ်သက်မြတ်နိုး ခံစားတတ်တဲ့ လူမျိုးမှ သိမှာပေါ့ကွယ်"

"အဆင်ပြေရဲ့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အဆင်ပြေတယ်တော့ ပြောတာပဲ၊ မင်းသိတဲ့အတိုင်း နန်းရှီလာက အင်္ဂလိပ်စကားပြောလည်းကျွမ်း၊ သွက်သွက်လက်လက် ချက်ချက်ချာချာကလည်း ရှိတော့ မြန်မာပြည် ရောက်လာတဲ့ (Foreigner) မှန်သမျှ နန်းရှီလာ ဆိုင်ကနေ ပစ္စည်းမဝယ်လဲ ပြန်တဲ့သူဆိုတာ လုံးဝမရှိသလောက်ပဲ"

နင့်အောင်မြင်မှုအတွက် ငါ ဝမ်းသာဂုဏ်ယူပါတယ် နန်းရှီလာ၊ နင့်ကို ငါ ချက်ချင်းပဲ ပြေးတွေ့ချင်ပါတယ်၊ ဒါပေမယ့် ဈေးပိတ်ချိန်ကို ကျော်လွန်သွားပြီလေ။

"သူ အခု ဘယ်မှာလဲ ဆရာမကြီး"

"လမ်း(၄၀)မှာ နှစ်ချပ်နဲ့ တိုက်ခန်းငှားနေတယ်လေ၊ သူနဲ့ ဒေါ်တုတ် နှစ်ယောက်တည်းပဲ၊ ဒရိုင်ဘာ ဦးဖိုးထူးကလည်း ဆုံးသွား၊ ခြံစောင့်ကောင်လေးကလည်း ကလေးနှစ်ယောက်အမေ မုဆိုးမတစ်ဦးနဲ့ အိမ်ထောင်ကျသွားတယ်ဆိုတော့ နန်းရှီလာက အိမ်မှာ ဆက်မထားချင်တော့ဘူးတဲ့၊ ဒါနဲ့ နှစ်ယောက်တည်းဆိုတော့ ခြံကြီးဝင်းကြီးနဲ့ဆိုတော့လည်း မနေချင်ကြဘူးဆိုပြီး သံရုံးကို ငှားလိုက်ပြီး သူလည်း လမ်းလေးဆယ်မှာ နှစ်ချပ်နဲ့ ငှားနေလိုက်တာ"

"သူ့မိဘတွေကကော"

"အံ့ဩစရာကောင်းသားပဲ ရန်ကြီးအောင်၊ သူ့မိဘတွေဟာ ပါတီတက်၊ အရက်သောက်၊ ခေတ်ဆန်ဆန် အနောက်တိုင်းဆန်ဆန် နေခဲ့ကြသလောက် အသက်ကြီးလာတော့လည်း သူတို့ဇာတိမြေမှာ ဘုရားသွား ကျောင်းတက်နဲ့ အေးအေးချမ်းချမ်းပဲ နေချင်ကြတယ်တဲ့လေ၊ နန်းရှီလာက စိတ်ခါတ်ကြွဲခိုင်တဲ့ မိန်းကလေးပဲ၊ မိဘကို





ဒုက္ခမပေးဘူး၊ သူ့ခြေထောက်ပေါ် သူ ရပ်တည်ပြီး နေတယ်၊ မိဘတွေကိုလည်း သူပဲ ပြန်ရှာကျွေးနေတာပေါ့ကွယ်၊ ဟိုမှာက ဥယျာဉ်ခြံမြေနဲ့ အိမ်တစ်လုံးလည်း ရှိသေးတယ်လေ"

ဘာပဲပြောပြော နန်းရှီလာရယ်. . . ငါ့ရင်ထဲမှာ ရင်ခုန်သံစဉ်တွေ ခပ်ရိုင်းရိုင်း ပေါ်ထွက်လာတယ်။

"နန်းရှီလာ လိပ်စာ"

"နေပါဦး. . . သူ့လိပ်စာကတ်ကလေး ရှိပါတယ်၊ အိမ်ရှေ့ ရှိုးကေ့စ်ပေါ်မှာ ထင်တယ်၊ မင်းရှာယူသွား"

"ဟုတ်ကဲ့"

ငါသိပ်ပျော်နေပြီ နန်းရှီလာ၊ ဘာပဲဖြစ်ဖြစ် ငါ့ရင်ကို လှုပ်ရှားရိုက်ခတ်စေတတ်တဲ့ နင့်အပြုံးကို ငါ့မြင်ရတော့မယ်။

"သူ အိမ်ထောင်မပြုသေးဘူးလား ဆရာမကြီး၊ ဘာဖြစ်လို့ မပြုသေးတာလဲ"

ဆရာမကြီးက ငါ့အမေးတွေကို မဖြေသေးဘဲ ပြုံးပြုံးကြီး ငါ့ကို ကြည့်တယ်။

ငါ မလုံမလဲနဲ့ မျက်လွှာချလိုက်တယ်။ ပညာတွေ ဘယ်လောက် တတ်တတ် အသက်ဘယ်လောက်ပဲ ကြီးလာကြီးလာ ကိုယ့်ဆရာတွေ ရှေ့မှောက်ရောက်ရင် ကလေးလိုပဲ စိတ်ထားတွေ နူးနယ်သွားပြီး ရှက်ကြောက်ရွံ့ခြင်း ဝေဒနာလေးတော့ နည်းနည်းဖြစ်ဖြစ် ခံစားလိုက်ရတာပဲ ထင်တယ်။

"ရန်ကြီးအောင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီမေးခွန်းကို မင်း ဆရာမကြီးကို မမေးရဘူး၊ နန်းရှိုလာကိုပဲ မေးရမှာ"

ငါ့မျက်နှာ မီးဟပ်ခံလိုက်ရတယ်။

"ဆရာမကြီး တစ်ခုမေးချင်တယ်၊ မင်းစဉ်းစားပြီးမှ မင်းဖြေနော်"

"ဟုတ်ကဲ့. . . မေးပါ ဆရာမကြီး"

"မင်း နန်းရှိုလာကို ကြောက်သေးသလား"

"ဗျာ"

ငါ ဘယ်လိုဖြေရမှာလဲ နန်းရှိုလာ၊ ငါ အမှန်အတိုင်း ဖြေလိုက်ရမလား။

"မင်းဖြေရခက်နေသလား"

"ကျွန်တော်. . ."

ရှေ့မျက်နှာ နောက်ထားပြီး ဖြေလိုက်မယ်ဆိုရင်ပဲ ဆရာမကြီးက သဘောကျစွာ ရယ်တယ်လေ။ ငါဘာဖြေလိုက်တယ် ထင်သလဲ နန်းရှိုလာ။

"ဟုတ်ကဲ့. . . ကျွန်တော့်ဘဝမှာ အကြောက်ဆုံး လူတစ်ယောက်ဟာ နန်းရှိုလာဆိုတဲ့ မိန်းကလေးတစ်ဦးပါပဲ"

"ဟင်. . . ဟင်း. . ဟင်း. . . ရန်ကြီးအောင်ရယ်၊ ကမ္ဘာကို ပတ်ရဲတဲ့မင်းဟာ နှလုံးသားစစ်မြေပြင်မှာတော့ ကလေးလေးပဲ ရှိပါသေးသလားကွယ်"

တဲ့လေ။

ဆရာမကြီး ဘာကို ဆိုလိုလိုက်တာလဲဆိုတာ ငါ နား





မလည်အောင်ပဲ၊ ဒါပေမယ့် ငါမမေးတော့ပါဘူး၊ အချစ်ရေးမှာ ခုမှ သူညက စတင်ရမှာပါ။ ငါ့ဘဝမှာ အရှုံးဆိုတာ တစ်ခါမှ မရှိခဲ့ဖူးတော့ အချစ်ရေးမှာ အရှုံးသာ ဖြစ်ပေါ်ခဲ့ရင်. . .

ငါတုန်လှုပ်မိတယ် နန်းရှိုလာရယ်။

နင့်ကို ငါ ရင်ဆိုင်ရမှာ ကြောက်လာတယ်။

"ရန်ကြီးအောင်"

"ဟုတ်ကဲ့ ဆရာမကြီး"

"တကယ်လို့များ မင်း နန်းရှိုလာဆီ သွားတွေ့ဖြစ်ခဲ့ရင် ဆရာမကြီးက မတွေ့တာကြာလို့ လာလည်ပါဦးလို့ ပြောလိုက်ပါကွယ်"

"ဟုတ်ကဲ့"

"ကဲ. . . ကဲ. . . သွား. . . သွား၊ ခုလောက်ဆိုရင်တော့ နန်းရှိုလာက တိုက်ခန်းပြန်ရောက်ချိန် ထင်ပါရဲ့ကွယ်"

ငါပြန်ခဲ့တယ်၊ ကားကို မြို့ထဲဖက် ဦးတည်ပြီးမှ လမ်း(၄၀)ဘက် မသွားဖြစ်ဘဲ အိမ်ကို ပြန်ခဲ့တယ်။

တကယ်ပဲ နန်းရှိုလာ။

အချစ်ဆိုတာ အင်မတန် ခက်ခဲနက်နဲသိမ်မွေ့တဲ့ အနုပညာတစ်မျိုးဆိုတာ တကယ်ပါလား နန်းရှိုလာရယ်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၆)

ငါ ရင်တွေ သိပ်လှုပ်ရှားနေပါလား နန်းရှီလာ။ အချစ်ဆိုတဲ့ ဘာမှန်း မသိတဲ့ ဒြပ်မဲ့စိတ္တဇ နာမ်တစ်ခုဟာ ငါ့ကိုယ်ငါ ဘာတွေ ခံစားနေရမှန်း မသိအောင် လွှမ်းမိုးသွားနိုင်လိမ့်မယ်လို့ လုံးဝ တွေးမထင်ထားခဲ့ဘူး။

အနှစ်နှစ်အလလက အောင့်အည်းခဲ့ရတဲ့ ဝေဒနာတွေဟာ ငါ့တစ်ကိုယ်လုံးမှာ ရှိတဲ့ သွေးကြောမျှင်တွေထဲကို ပျံ့နှံ့နေပြီ နန်းရှီလာ။





"ဒေါ်နန်းရှီလာ ရှိပါသလား"

အရောင်းစာရေးမလေးတွေကို ငါမေးလိုက်တယ်။ Foreigner တွေနဲ့ ပြည့်နေတဲ့ နင့်ဆိုင်ကို ငါရောက်ခဲ့ပြီ နန်းရှီလာ။

"မမ မရောက်သေးပါဘူးရှင်"

"ခါတိုင်း ဘယ်အချိန် ရောက်တတ်သလဲ"

"ဆယ်နာရီခွဲပါ"

"အခု ဆယ်နာရီခွဲပြီပဲ"

"တစ်ခါတစ်ရံတော့ ဆယ့်နှစ်နာရီခွဲလောက်မှ ရောက်ပါတယ်၊ ကျွန်မတို့ ဘာအကူအညီပေးရပါမလဲရှင်"

မဆိုးပါဘူး။ နင့်ဝန်ထမ်းတွေဟာ ဆက်ဆံရေး ရည်မွန်ကြတယ်၊ ဈေးဝယ်လာတဲ့ Foreinger တွေကိုလည်း အင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင်နဲ့ ရှင်းပြနိုင်တယ်။

"ကျေးဇူးတင်ပါတယ်. . . နောက်မှ လာတွေ့တော့မယ်၊ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ငါ နင့်ရဲ့ခေတ်မှီ ခမ်းနား သေသပ်သန့်ရှင်းတဲ့ 'နန်းရှီလာ မြန်မာ့အနုပညာပစ္စည်း အရောင်းပြခန်း' ကနေ ပြန်လှည့်ထွက်ခဲ့တယ်။

ငါ နင့်အိမ်ကို လိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။

အချစ်စစ်ပွဲကို ရင်ဆိုင်ဖို့ ငါ့စိတ်တွေ သိပ်လှုပ်ရှားနေတာတော့ အမှန်ပဲ နန်းရှီလာ၊ ဖိုးချိုကို မခေါ်ခဲ့မိတာများ မှားသွားသလား။



www.burmeseclassic.com

www.burmeseclassic.com



လမ်း(၄၀)ရဲ့အလယ်ဘလောက် ပထမထပ်မှာ ရှိတဲ့ နှင့်တိုက်ခန်းရှိရာ လှေကားထစ်တွေကို တစ်ထစ်ချင်း နင်းတက်လာရတဲ့ ငါ့ခြေထောက်တွေဟာ ဘာဖြစ်လို့များ သိပ်ကို လေးလံနေရတာပါလိမ့်။

အချစ်ဆိုတာ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ တစ္ဆေသရဲ မဟုတ်နိုင်ပါဘူး။

အချစ်ဆိုတာ အနုပညာတစ်မျိုးပါလို့ ခံယူထားတဲ့ ငါဟာ ဘာဖြစ်လို့များ တုန်လှုပ်နေရပါလိမ့် နန်းရှီလာရယ်။

ဆရာမကြီးဆီက ရခဲ့တဲ့ လိပ်စာအရ နှင့်တိုက်ခန်းရှေ့ကို ငါရောက်လာပြီ နန်းရှီလာ။

ဒါပေမယ့် နန်းရှီလာ. . .

နှင့်ကို ပြောဖို့ ငါ့ရင်ထဲက စကားတွေအနက် ဘာကို ပြောရမယ်ဆိုတာ ငါစဉ်းစားလို့ မရတော့ဘူး။

နှင့်အပြုံးကို ငါကြည့်ဖို့လား။

နှင့်အပြုံးကို ရယူပိုင်ဆိုင်ဖို့အတွက် ငါကြိုးပမ်းဖို့ လာတာလား။

ငါဘာပြောရမယ်ဆိုတာ အစီအစဉ်တကျဖြစ်အောင် ပြန်စဉ်းစားလို့ မရတော့ဘူး။

မတတ်နိုင်ဘူး၊ နင်နဲ့ တွေ့မှပဲ မီးစင်ကြည့်ကရတော့မှာပဲ နန်းရှီလာ။

ငါ လျှပ်စစ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်တယ်။

ဟင်. . . အံ့သြဖို့ကောင်းလိုက်တာ နန်းရှီလာရယ်၊ ငါ့





လက်တွေ တုန်ယင်နေပါလား။

တိုက်ခန်းထဲက မြည်ဟည်းထွက်လာတဲ့ လျှပ်စစ်ခေါင်းလောင်းသံဟာ တုန်ယင်နေတဲ့ ငါ့နှလုံးသားကို ပိုပြီးခြောက်လှန့်လိုက်သလိုပါပဲလား။

သြော်. . . နန်းရှီလာရယ်။ အတွင်းပိုင်းထဲသို့ သွေးယိုစီးတဲ့ ဒဏ်ရာသည် ကြောက်စရာအကောင်းဆုံး ဖြစ်သည်ဆိုတဲ့စကားတယ်မှန်ပါလား။

The wound that bleedeth
in wardly is most dangerous,



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးအောင်...

ဆိုက်ဆိုက်မြိုက်မြိုက်ကို နင်ရောက်လာပြီပေါ့နော်။ သနားတယ်. . . နင့်ကို ငါသနားတယ်။

ဒါပေမယ့် တောသုံးထောင် အုပ်စိုးတဲ့ ကေသရာဇာမင်းဟာ သားကောင်ကို အလွတ်ပေးရိုးထုံးစံ ရှိသလား။


အဟင်း. . . ဟင်း. . . ဟင်း။

ဒီလိုပဲပေါ့ ရန်ကြီးအောင်။

နန်းရှိလာဟာလေ. . ၊ ဘယ်တော့မှ နင့်ကို အရှုံးမပေးဘူး မပေးနိုင်ဘူး။ ငါ့ရဲ့အမျှော်လင့်ကြီး မျှော်လင့်နေတဲ့ တံခါးဝကို နင် ရောက်လာပြီ။

ရာဇဝင်ကြွေးတွေ ပေးဆပ်ရတော့မယ်။ ဝင်ခဲ့တော့ ရန်ကြီးအောင်။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၇)

လျှပ်စစ်ခေါင်းလောင်းသံ စထွက်လာချိန်မှာ ငါ့လက်က စောင်းကြိုးပေါ် ကျရောက်သွားပြီ ဖြစ်နေတယ်။

နှင် မြန်မာပြည်က ထွက်ခါနီး နောက်ဆုံးညက သီဆိုခိုင်းတဲ့ ကိန္နရာချောင်းခြား ပတ်ပျိုးကို ငါတီးလိုက်မိတယ်။

အစက ငါဆိုဖို့ပါပဲ။

ဒါပေမယ့် သိပ်ကို အံ့ဩဖို့ကောင်းတယ် ရန်ကြီးအောင် ငါ လုံးဝဆိုလို့မရဘူး။ ဆိုရင်လည်း ငါ့အသံတွေ တုန်ယင်





နေမှာ သေချာတယ်။

ဒေါ်တုတ်က တံခါးဖွင့်ပေးလိုက်တယ်။

"ဟယ်. . . မောင်ရန်ကြီးအောင် ပြန်ရောက်လာပြီလား"

"ဟုတ်ကဲ့. . . နေကောင်းတယ်နော်"

"ကောင်းပါတယ်. . . ထိုင်လေ"

နန်းရှိလာကောလို့ နှင်မေးစရာမလိုလို့ မမေးတာပေါ့နော်။ ငါ့ရဲ့စောင်းလက်သံကို နှင်နားထောင်ရင်း ငါ့ထွက်အလာကို စောင့်မျှော်နေရမယ်။ အဲ့သည်ကာလလေးမှာ နှင်ရင်ခုန်နေစေရမယ်။

"ထိုင်ဦးနော်"

"ဟုတ်ကဲ့"

ဒေါ်တုတ်က ငါ့အိပ်ခန်းဝကို လာရပ်တယ်။ ငါက သိကြောင်း ခေါင်းညိတ်ပြလိုက်တယ်။

စောင်းကို ငါ ပြီးအောင်တီးတယ်။

ဆယ်မိနစ်ဆိုတဲ့ အတိုင်းအတာဟာ ဆယ်ကမ္ဘာလောက်ကြာသလိုပါပဲလား။

နှင့်ကို ကိုးနှစ်လောက် စောင့်ဆိုင်းခဲ့ရတဲ့ ငါရဲ့မျိုသိပ်မှုစွမ်းအားဟာ အစွမ်းကုန် ပေါက်ကွဲတော့မယ် ထင်တယ် ရန်ကြီးအောင်။ ငါ့ရင်ခုန်သံကို ငါကြားနေရတယ်။

ခြေဖျားလက်ဖျားတွေ အေးစက်လာတယ်။ ဒါပေမယ့် ငါ အမျှော်လင့်ဆုံးကာလကို ငါ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရမယ်။ ငါ အသာရွေလှမ်းထွက်ခဲ့တယ်။

ငါ့ခြေဖဝါးဟာ ကြမ်းပြင်နဲ့ ထိတွေ့ခြင်း ရှိရဲ့လား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့ကို မြင်မြင်ချင်း ထလိုက်တယ်။

"နန်းရှီလာ"

နင့်အသံက နှလုံးသည်းပွတ်ကြားက ယိုစိမ့်ထွက်လာတဲ့ အသံဖြစ်တယ်လို့ ငါယုံကြည်တယ်။

ငါဘာပြောရမှာလဲ။

ပြုံးလိုက်တယ်။ မနည်းအားယူပြုံးရတာဆိုတော့ အဲ့ဒီအပြုံးဟာ မချိပြုံးများဖြစ်သွားမလားပဲ။

"နန်းရှီလာ"

နင်က အားမလိုအားမရ ငါ့ကို ထပ်ခေါ်တယ်။ နင့်နှလုံးသားရဲ့ ပဲ့တင်ထပ်သံလားဟင်။

"နန်းရှီလာ. . . ငါလေ. . ငါ. . နင့်ကို. ."

နင် ဘာဖြစ်လို့ တုန်လှုပ်နေရတာလဲ ရန်ကြီးအောင်။

ရဲရဲတင်းတင်း ပြောလိုက်စမ်းပါ။ နင်က ရဲရဲတင်းတင်းပြောရင် ငါကလည်း ရဲရဲတင်းတင်း တုန့်ပြန်လိုက်မှာပေါ့။ ခုတော့ ငါ. . ငါ. . ဘယ်လိုတုံ့ပြန်ရမှာလဲ။

"ရောက်တည်းက လိုက်ရှာနေတာ"

"ဘာကိစ္စလဲ"

"ဟင်. . ."

ငါ့ရဲ့စိမ်းကားမာကျောတဲ့ စကားသံဟာ လည်ချောင်းကနေ ဆတ်တောက်တောက်ကြီး ပေါ်ထွက်လာတယ်။

အံ့အားသင့်သွားတဲ့ မျက်ဝန်းနဲ့ ငါ့ကို ငေးစိုက်လာတဲ့ နင့်အကြည့်ဟာ ထူးဆန်းတယ်။ ဒါပေမယ့် နင်ဟာ ခံစားချက်ကို





ကောင်းမွန်စွာ ဖုံးကွယ်လိုက်နိုင်တယ်။

"တွေ့ချင်လို့ပေါ့ နန်းရှီလာ"

"ထိုင်ပါဦး. . . အေးအေးဆေးဆေးပေါ့"

နင်က ပြန်ထိုင်လိုက်တယ်။ နင်ဝယ်လာတဲ့ပစ္စည်းတွေဟာ စားပွဲပေါ်က အိတ်တွေထဲမှာ တည်ငြိမ်စွာ ရှိနေတယ်။

"ငါ ဆရာမကြီးဆီက လိပ်စာရခဲ့တာ"

"ဟုတ်လား"

ငါသိသားပဲ။ ဆရာမကြီးက ငါ့ဆီကို ဖုန်းဆက်ပြောပြီးပြီပဲ။ ဒါတင်မကသေးဘူး။ ဆိုင်က ကောင်မလေးကလည်း စောစောကတင် ငါ့ဆီကို ဖုန်းဆက်ပြီးပြီ။

နင်ဟာ နှစ်ရှည်လများ စီမံထားတဲ့ ထောင်ချောက်ရဲ့ နှုတ်ခမ်းဝကို ရောက်နေပြီနော်။ နင်သိရဲ့လား။

"နင့်အတွက် ငါရောက်တဲ့နေရာတိုင်းက အမှတ်တရ လက်ဆောင်တွေ ဝယ်ခဲ့တယ်၊ ငါ့ဘော့စ်ကလည်း နင့်အတွက် ပေးလိုက်တာ ပါတယ်"

"ရန်ကြီးအောင်"

နင့်ကို ငါ ကြာရှည် သည်းမခံနိုင်တော့ဘူး၊ ငါလိုချင်တဲ့စကားက ဒီစကားမဟုတ်ဘူး၊ ငါလိုချင်နေတာတွေဟာ ဒါတွေမဟုတ်ဘူးလေ၊ နင်မြန်မြန်ပြောလိုက်စမ်းပါ။

"ဘာလဲ နန်းရှီလာ"

"နင့်လက်ဆောင်ကို ငါမျှော်လင့်နေတာ မဟုတ်ဘူး"

"သိပါတယ် နန်းရှီလာ၊ ဒါပေမယ့် ငါကလည်း ငါရောက်



www.burmeseclassic.com

www.burmeseclassic.com



လေရာရာမှာ အချိန်နဲ့အမျှ နင့်ကို သတိရနေတဲ့ အထိမ်းအမှတ် အနေနဲ့ ဝယ်မိတာပါ။ ပြီးတော့ နင့်ကို အမှတ်တရ ရှိနေကြောင်း နင်သိစေချင်တယ်"

နင့်စကားက သိမ်မွေ့လှချည်လား ရန်ကြီးအောင်။ ငါ့ရင်ထဲမှာ သိပ်ကိုခံရခက်တယ်။ နင် ငါ့ကို ရင်ဖွင့်လိုက်တာပေါ့နော်။

နင့်မျက်လုံးအိမ်မှာ မျှော်လင့်ချက်ရောင်ခြည်လေးတွေနဲ့ ဝင်းလက်တောက်ပနေတယ်နော်။

နင်ဟာ ဘယ်လိုကြည့်ကြည့် ယောကျ်ားပီသတယ်။

နင်ပြောလိုက်ပုံက နူးနူးညံ့ညံ့လေးဖြစ်ပေမယ့် စောင်းကြီးလိုပဲ မာတယ်၊ ခွန်အားရှိတယ်၊ ဆွဲဆောင်မှု ရှိတယ်၊ ဘဝင်ကို စွဲငြိစေနိုင်စွမ်း ရှိတယ်။

"ဒီမှာ ရန်ကြီးအောင် "

". . . . . . . ."

နင်က ငါ့ကို စူးစမ်းတယ်။ နင့်အကြည့်မှာ ဝေခွဲမရမှုတွေ ပါတယ်။

"နင် ဘာဖြစ်လို့ ငါကို မဆက်သွယ်သလဲ"

"အချိန်နဲ့အခြေအနေ မပေးသေးလို့ပါ နန်းရှီလာ"

"အခုတော့. ."

"အချိန်တန်ပြီ နန်းရှီလာ၊ နင့်ကို ငါခံစားခဲ့ရသမျှတွေ ဖွင့်ပြောဖို့ အချိန်တန်ပြီလို့ ငါယူဆတယ်. . . နားထောင်နိုင်မလား"

ငါက ဆိုဖာနောက်မှီကို မှီထိုင်ရင်း လက်ပိုက်လိုက်တယ်။ ပြီးတော့ ခပ်တိုးတိုးလေး ရယ်မိတယ်။





"ပြောသူက ပြောနိုင်ရင် နားထောင်နိုင်သူကလည်း နားထောင်နိုင်ရမှာပေါ့ ရန်ကြီးအောင်ရယ်"

"ခဏနော် နန်းရှီလာ"

နင်က ကက်ဆက်ရှိရာကို လျှောက်သွားပြီး နင့်လက်ကိုင်အိတ်ထဲက အခွေတစ်ခုကို ထည့်ပြီး ဖွင့်လိုက်တယ်။

ဖြူဝင်းလို့ရှို ။ ။ အလိုဘယ်ဝယ်ရောက်လွှယ်ငယ်နိုင်ပဲ ပတ်ဝန်းဘယ်ညာ၊ သီတာချောင်းရေကွဲ့။

"ဟင်. . . ဒါ"

နင်က အသံကို ခပ်တိုးတိုး လျှော့ဖွင့်ထားခဲ့ပြီး ဆက်တီမှာ ပြန်လာထိုင်တယ်။

"နင် တယ်လီဖုန်းထဲကနေ ဆိုပေး တီးပေးလိုက်တာလေ"

". . . . . . . ."

ငါ ဆွံ့အသွားပြီ ထင်တယ် ရန်ကြီးအောင်။

"အဲဒါ ငါ့အတွက် ခွန်အားသစ်တစ်ရပ်ပဲ နန်းရှီလာ၊ နင့်ကို ငါ မဆက်သွယ်ဘဲ နေနိုင်တဲ့ခွန်အားက ဒါပဲ"

". . . . . . . ."

"နင့်ကို ငါ စက္ကန့်နဲ့အမျှ သတိရခဲ့ပါတယ် နန်းရှီလာ၊ သတိရနေခဲ့တယ်ဆိုတာ ဂျပန်မှာ ရှိနေတဲ့ကာလတင် မဟုတ်ဘူးနော်၊ နန်းရှီလာဆိုတဲ့ နင့်ကို စတင်မြင်တွေ့လိုက်ချိန်ကတည်းက ဆိုပါတော့"

ငါမယုံဘူး. . . ဒါတွေ ငါလုံးဝမယုံကြည်ဘူး ရန်ကြီးအောင်။ နင်ပြောခဲ့တာတွေကို ငါမှတ်မိသေးတယ် ရန်ကြီးအောင်။

www.burmeseclassic.com



‘ပညာသင်နေတုန်းမှာ ငါ အချစ်ကိစ္စကို မစဉ်းစားဘူး၊ သူ့ကိုလည်း ချစ်ရေးဆိုဖို့ စိတ်မကူးဘူး’ ဆိုတာရယ်. . .

‘သူ့အလှဟာ ရိုးရိုးသာမန်အလှ မဟုတ်ဘူး၊ သာမန်ထက် လွန်ကဲတဲ့အလှကွ’ လို့ ဖိုးချိုကို နင်ပြောခဲ့တာ။

ပြီးတော့ နင် ဆရာမကြီးကို ဘာပြောခဲ့သလဲ။ ‘ကျွန်တော် သူ့ကို ကြောက်တယ် ဆရာမကြီး’ လို့ ပြောခဲ့တယ် မဟုတ်လား။

ဒါနဲ့များ ငါ့ကို မြင်စကတည်းက ချစ်နေတာတဲ့လား။ ငါ ဘယ်လိုယုံကြည်ရမလဲ။

“နင်မယုံဘူးလား နန်းရှိုလာ”

“. . . . . . .”

ငါ ခေါင်းခါရမလား ခေါင်းညိတ်ရမလား မသိလို့ ငြိမ်ငြိမ်လေး နေလိုက်တယ်.

ဟုတ်တယ်။ အချစ်ပွဲတစ်ခုကို သွေးအေးအေးနဲ့ ရင်ဆိုင်နေတဲ့ နင့်ကို ငါလည်း မတုန်မလှုပ် ရင်ဆိုင်ရမှာပေါ့။ မဟုတ်ဘူးလား။

“ပညာသင်ချိန်မှာ အချစ်ရေး ဦးစားမပေးချင်လို့ ဘွဲ့ရတဲ့ ကာလအထိ ငါမျိုသိပ်နိုင်ခဲ့တယ်”

ဘွဲ့ရပြီးတော့ကော ဘာလို့ ဖွင့်မပြောရသလဲလို့ ငါ မျက်လုံးနဲ့ပဲ မေးလိုက်တယ်။

“ဘွဲ့ရပြီးတော့ အလုပ်အတွက် ကြိုးပမ်းချိန်မှာပဲ ဂျပန်ကို ငါသွားရတယ်ဆိုတာ နင်သိပါတယ်၊ အဲ့ဒီကာလမှာ ငါ့ရဲ့မျိုသိပ်ခဲ့ရတဲ့စိတ်ကို နင် နားလည်မယ် မထင်ဘူး နန်းရှိုလာ၊ ငါသိပ်ခံစားခဲ့ရ





တယ်၊ နင့်ကို ငါ လုံးဝခွဲခွာမသွားချင်ဘူး၊ ဒါပေမယ့် လူ့လောကမှာ လူသားဖြစ်တဲ့ငါ. . အထူးသဖြင့် ယောကျ်ားသားဖြစ်တဲ့ငါဟာ မိန်းမတစ်ယောက်ကို ဘာမှပေးဆပ်နိုင်မှု မရှိဘဲ ရယူဖို့ ကြိုးစားမှာ မဟုတ်ဘူး၊ ဒါကြောင့် မေတ္တာနဲ့ပညာသာလျှင် ပေးစရာရှိသေးတဲ့ ငါဟာ ပညာနဲ့စီးပွားဥစ္စာ ရှာဖို့အတွက် တိုင်းတစ်ပါးကို ထွက်ခွာသွားခဲ့တာ၊ ဒါတွေ နင်သိပါတယ် နန်းရှိုလာ”

ငါ့ကို ကြောက်ပါတယ်ဆိုတဲ့ နင်ဟာ အခုတော့လည်း တကယ့်ကို စစ်မြေပြင်က သူရဲကောင်းကြီးတစ်ယောက်လိုပါပဲလား။

“ဟော့ဒီ နင့်သီချင်းသံလေးက ငါ့ရဲ့ခွန်အားတစ်ရပ်ပဲ၊ အားတဲ့အချိန်တိုင်း ဖွင့်ပြီး ငါ့ရဲ့အလွမ်းစိတ်ကို ဖြေသိမ့်ခဲ့ရတယ် နန်းရှိုလာ”

“ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့ နန်းရှိုလာ၊ ဘယ်အရာမဆို မဖြစ်ဖြစ်အောင် ကြိုးစားတတ်တဲ့ ထူးချွန်တတ်တဲ့ နင့်စိတ်ဓါတ်ဟာ ငါ့ရဲ့ခွန်အားပဲပေါ့၊ သုံးလေးနှစ်ဆိုတဲ့ကာလမှာ ငယ်စဉ်ကာလကတည်းက စောင်း ပတ္တလား၊ စန္ဒရားနဲ့ ကြီးပြင်းလာခဲ့တဲ့ ငါ့ထက် သာလွန်အောင် ကြိုးစားနိုင်ခဲ့တယ်၊ နင်ဟာ စိတ်ဓါတ်ပြင်းထန် ထက်မြက်တဲ့ မိန်းမတစ်ယောက်ဖြစ်လို့ နင့်ကို ငါစိတ်ချယုံကြည်တယ်၊ ဒါဟာ ငါ့ရဲ့ခွန်အားပဲ၊ နင့်အသံလေးမှာ နင့်စိတ်ဓါတ်တွေ လွှမ်းနေတယ်၊ ဒါ့ကြောင့် နင်ဟာ သာမန်ယောကျ်ားတစ်ယောက်ကို လွယ်လွယ်တကူ လက်ထပ်ယူမယ့် မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာလဲ

www.burmeseclassic.com



ငါယုံကြည်နေပြန်တယ်၊ ဒါ ယုံကြည်မှု ခွန်အားတစ်ရပ်ပေါ့”

နင့်စကားတွေက ငါ့ကို တွေဝေအောင် ပြုစားနေပါလား ရန်ကြီးအောင်။

“နန်းရှီလာ”

“. . . . . . .”

“နင့်ကို ငါသိပ်ချစ်ခဲ့တယ်ဆိုတဲ့စကား ပြောဖို့ လိုသေးသလား”

ကုလားကြီးနဲ့အရာကြီး အတူတူပါပဲ။ မလိုတော့ပါဘူး. . . လုံလောက်ပါပြီ။

“ပြောလေ”

“ဟင့်အင်း”

“ဒါဖြင့်. . .”

နင့်စကားကို မဆက်ဘဲ ငါ့ကို စူးစူးစိုက်စိုက် ကြည့်တယ်။

“ဟင်”

ငါ ရုတ်တရက် ထရပ်လိုက်မိတယ်။ နင့်မျက်လုံးက အရောင်တွေဟာ ငါ့နှလုံးသားအပေါ် ကျရောက်လာပါလား။ နေရောင်ခြည်ထက် ခွန်အားပြင်းတယ်၊ လရောင်လိုလည်း မအေးမြဘူး။ သိပ်ကို ခံရခက်တဲ့ ဝေဒနာတစ်ရပ်ကို ဖြစ်ပေါ်စေတယ်။

“နန်းရှီလာ”

နင် ထလိုက်တယ်။ ငါတုန်လှုပ်သွားတယ်။ ယောင်ပြီး နောက်ဆုတ်လိုက်မိတယ်။

“နင့်ကို ငါချစ်တယ်”





သိပ်ကို အရိုးဆုံးစကားပါ။ ဒါပေမယ့် ငါ့နှလုံးသားကို နက်ရှိုင်းစွာ စူးနစ်စိုက်ဝင်သွားတယ်။

“ငါ့ကိုကော နင်ချစ်တယ်မဟုတ်လား”

ကန့်ကွက်တယ်။ နိမိတ်ပြမေးခွန်း မမေးနဲ့လို့ ရင်ထဲကပဲ အော်ပစ်လိုက်နိုင်တယ်။

ငါဘာဖြစ်နေတာလဲ။ အနှစ်နှစ်အလလက မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်မျှော်လင့်ခဲ့ရတဲ့အချိန် ရောက်ပြီလေ။ ပြောလိုက်တော့။

“ပြောလေ နန်းရှီလာ”

နန်းရှီလာ. . . နင့်ရဲ့ညာလက်နဲ့ ရန်ကြီးအောင်ရဲ့ပါးကို ချပြီး နင့်ကို ငါမုန်းတယ်. . . သိပ်ကိုမုန်းတယ်။ ကမ္ဘာအဆက်ဆက် နင့်ကို ငါမုန်းတီးနေမယ် သိလားလို့ ပြောပြီး နှင်ထုတ်ပစ်လိုက်တော့လေ။ ငါ့ရဲ့စိတ်တွေက ငါ့ကို သတိပေးနေပြီ။ ဒါပေမယ့်. . . ကြည့်စမ်း။ နင့်မျက်နှာမှာ မျှော်လင့်ချက်ရောင်ခြည်တွေနဲ့ ဝင်းပနေတယ်။ သုံးနှစ်ကျော်ဆိုတဲ့ ကာလလုံးလုံးမှာ ပျောက်ကွယ်နေခဲ့ရတဲ့ နင့်မျက်နှာက ပိုပြီးရင့်ကျက်လာမယ့်အစား ပိုပြီးနုပျိုနေတယ်။ အချစ်ဟာ အရွယ်ကို နုပျိုသစ်လွင်စေသလား။

“နန်းရှီလာ”

နင်. . . နင် ရှေ့တိုးလာတယ်၊ ဟင်းအင်း. . . မတိုးနဲ့ နင် ငါ့ကို မထိနဲ့. . . နင့်ကို. . . နင့်ကို. . . ။

“သွား. . . သွား”

ငါ့မျက်လုံးတွေ ပြာဝေသွားတယ်။ လေဟာနယ်ထဲ လွင့်ပါ



www.burmeseclassic.com


www.burmeseclassic.com



သွားသလို ပေါ့ပါးလွင့်မျောသွားမယ် ထင်တယ်။ ငါ အားကိုးတကြီး ဆွဲမိဆွဲရာကို ဆွဲလိုက်ပေမယ့်. . . သွားပြီ။







# အခန်း(၃၈)

"နန်းရှိလာ. . ."

"နန်းရှိလာ. ."

"နန်းရှိလာ"

အဝေးဆုံးခေါ်သံတွေကနေ အနီးကပ်ဆုံးခေါ်သံကို ကြားလိုက်ရတယ်။

"နန်းရှိလာ"

ငါအမုန်းဆုံးလူသားရဲ့အသံပဲ။ ဒါပေမယ့် ဒီအသံကြားလိုက်ရတာနဲ့ပဲ ငါ့ကိုယ်ထဲက သွေးကြောမျှင်လေးတွေထဲကို ခွန်အားတွေ စိမ့်ဝင်ရောက်ရှိလာသလို အင်အားပြည့်ဖြိုးလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"သတိရပြီလား နန်းရှီလာ"

မျက်လုံးဖွင့်မကြည့်သေးဘဲ နင်က ငါ့ကို သတိရပြီလားတဲ့။

မဖွင့်ကြည့်သေးဘူး။ ငါစဉ်းစားနေချင်သေးတယ် ရန်ကြီးအောင်။ ငါ့ခန္ဓာကိုယ်ဟာ ဘာတွေနဲ့ တည်ဆောက်ထားသလဲဆိုတာ ခါတ်ခွဲကြည့်လိုက်ချင်တယ်။

အသား အရိုး သွေးနဲ့လို့ နင်ဖြေမှာလား ရန်ကြီးအောင်။

မဟုတ်ဘူး. . . လုံးဝမဟုတ်ဘူး။

မီးတွေ သံလိုက်ဓါတ်တွေနဲ့ တည်ဆောက်ထားတာ။

မီးဟာ နင့်ကို လောင်မြိုက်ဖို့. . .

သံလိုက်ဓါတ်ဟာ နင့်ကို အမုန်းဓါတ်နဲ့ ဆွဲငင်ဖို့. . .

ဒါပေမယ့်. . . အခု ဒါတွေ တစ်ခုမှ မဟုတ်တော့ဘူး။

ငါ့ခန္ဓာကိုယ် ဘာတွေနဲ့ တည်ဆောက်ထားသလဲ။

ဦးနှောက်နဲ့လား. . . နှလုံးသားနဲ့လား. . မျက်ရည်တွေနဲ့လား။ ငါ့မျက်ဝန်းနဲ့ နားသယ်စက်လေးတွေဟာ အပူပိုင်း စိုစွတ်ရပ်ဝန်းဖြစ်ကုန်တယ်။

"မငိုပါနဲ့ နန်းရှီလာ"

နင်က ငါ့မျက်ရည်တွေကို နင့်လက်နဲ့ တွေ့ထိ သုတ်ပေးနေပါလား။

"နင့်အနားမှာ ငါရှိပါတယ်၊ ငါဘာကူညီပေးရမလဲ နန်းရှီလာ"

ဒါ. . . ဒါ နင့်ရဲ့အောင်မြင်မှုကို စိန်ခေါ်တဲ့အသံလား။

"ဘာဖြစ်လို့ နင်ငိုနေရတာလဲ နန်းရှီလာ"





ငါ့မျက်ရည်စက်တွေဟာ နင့်အတွက် အထူးအဆန်းဖြစ်နေပြီလား ရန်ကြီးအောင်ရယ်။

"ဘာဝမ်းနည်းစရာ ရှိသလဲ"

နင့်ရှေ့မှာ ငါမှုလဲခြင်းဟာ ဒူးထောက်အရှုံးပေးလိုက်ခြင်းများ ဖြစ်သွားပြီလား။

"အားငယ်စရာလည်း မရှိဘူး၊ နင့်အပါးမှာ ငါလေ. . . အရိပ်လေးလို အမြဲရှိနေတော့မှာပါ၊ ငါတို့ လက်ထပ်ကြရအောင်လား နန်းရှီလာ"

ကြည့်စမ်း. . . နင်က ငါ့လက်ကို ဆုပ်ကိုင်တယ်။ ငါ့မျက်ရည်တွေကိုလည်း သုတ်ပေးတယ်။ ဒါ. . . ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့ အထက်စီးဆန်တဲ့အပြုအမူတွေပဲ။

ယောကျ်ားတွေက မိန်းမကို ချစ်တယ်ဆိုတာ မိန်းမထံကသူ ရနိုင်သလောက် ရယူဖို့ပဲ။ အပြန်အလှန်အနေနဲ့ အပေးမရှိဘူး၊ ဒါပေမယ့် သူတို့ ပေးတာတွေက တစ်ခါတစ်လေ သောကတွေ စိတ်ဆင်းရဲမှုတွေနဲ့ တစ်ခါတစ်လေ သေခြင်းပါပဲ။

"Men's idea of love is to take all he can get from a woman, and give her nothing in return but misery sometimes and sometimes death."

. . တဲ့လေ၊ ငါ ယောကျ်ားတွေကို မယုံကြည်ဘူး၊

ဒါပေမယ့် နင့်ကို. . .

"နန်းရှီလာ"

နင်က တိုးတိုးကလေး ထပ်ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ခံစားရသလဲဆိုတာ ငါ့ကို ပြောပြနိုင်မလား"

ရန်ကြီးအောင်ဆိုတဲ့ ရန်ကြီးအောင်ရဲ့ ပညတ်သွားရာ ခါတ်သက်ပါလေရော့သလား။

နင့်အပေါ် အနှစ်နှစ်အလလက စီမံကိန်းချပြီး သေသေချာချာ ပစ်ခွင့်လိုက်တဲ့ အမုန်းမြားကြီးကိုတောင် နင်ရိုက်ချိုးပစ်နိုင်ပါလား။

"ငါ့ကို ကြည့်ပါဦး နန်းရှီလာ"

ငါ မျက်ခွံတံခါးလေးကို သာသာလေး ဖွင့်လိုက်တယ်။

နင်က ပြုံးပြတယ်။ နင့်အပြုံးက အေးမြတယ်။ ဒါပေမယ့် ခွန်အားကြီးတယ်။

"နေသာတယ်နော်"

ငါ မျက်ရည်ကြားက ခေါင်းညိတ်လိုက်တယ်။

"ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေရတာလဲ နန်းရှီလာရယ်"

ဟင်. . . ဒါ. . . ဒါ ငါ့ရဲ့မသိစိတ်ကို နင် ဖောက်ထွင်းမြင်တယ်ဆိုတဲ့သဘောလား။

"နန်းရှီလာ. . . တိတ်တော့နော်၊ ငါ စကားတစ်ခု ပြောချင်တယ်"

". . . . . . ."

"Search not a wound too deep,

Lest thou make a new one"

နင်က ငါ့ကို ဒဏ်ရာကို သိပ်ပြီးနက်နက်မရှာပါနဲ့၊ နောက်





ထပ် ဒဏ်ရာအသစ်တစ်ခုကို ပြုလုပ်သလို ဖြစ်သွားမယ်. . . တဲ့လား။

နင့်ကို ငါသိပ်မုန်းတာပဲလို့ ပြောလိုက်ချင်တယ်၊ ဒါပေမယ့် မရပါလား ရန်ကြီးအောင်ရယ်။ ငါလေ. . . ဘာဒဏ်ရာကိုမှ ထပ်မရှာတော့ပါဘူး။ အမုန်းနဲ့အချစ်ကိုမှ ငါခွဲခြားမသိခဲ့တာ။

"ရန်ကြီးအောင်"

"ဘာလဲ နန်းရှီလာ၊ ပြောလေ. . . ပြောပါ"

နင်က ပြုံးပြုံးလေးနဲ့ ပြောလာတယ်။

ငါဘာပြောရမလဲ။

ပြောစရာတွေကတော့ ရင်နဲ့ မဆန့်အောင်ပါပဲ။

နင့်ကို ငါမုန်းတယ်လို့ ပြောလို့ကတော့ လုံးဝမရတော့ဘူး ဆိုတာ ငါ့ကိုယ်ငါ နားလည်လိုက်ပြီ။

ဒါဖြင့် ချစ်တယ်လို့ကော. . .

ပြောနိုင်လိမ့်မယ် ထင်တယ်။

ဟုတ်တယ်. . . နင့်ကို ငါချစ်တယ်။ ဘယ်လိုမှ မချစ်ဘဲ မနေနိုင်တော့ဘူး။ မချစ်ဘဲ နေကြည့်တယ်။ ဘယ်လိုမှ မရဘူး၊ အင်မတန်မှ ခွန်အားကြီးမားတဲ့အရာတစ်မျိုးက ငါ့ကို ဆွဲဆောင်နေတာကို ငါခံနေရတယ်။ အဲ့ဒါ ဘာလဲ။ နင့်ရဲ့အတွင်းခွန်အားပဲလို့ ငါထင်တယ်။ အဲ့ဒါဟာ မုန်းခြင်းလား ချစ်ခြင်းလား။ တစ်ခုခုပဲ ခုတော့. . . ငါသိပြီ။ အဲ့ဒါဟာ ချစ်ခြင်းပဲ။

နင် ငါ့ကို လွှမ်းမိုးနေတာဟာ ချစ်ခြင်းပဲ။ ချစ်ခြင်းမေတ္တာရဲ့ဆုလာဘ်ဟာ မနာလိုဝန်တိုမှုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ ငါ့အပေါ် အနိုင်ရတဲ့ နင့်အပေါ် မနာလို ဖြစ်ခဲ့တာဟာ ချစ်ခြင်းရဲ့ဆုလာဘ်ကြောင့်ဆိုတာကိုလည်း ငါ နားလည်လိုက်ပြီ။

နင့်ကို ငါသိပ်ချစ်နေတာပါလား။

ငါ နင့်ကို ပြုံးပြပြီး ကိုယ်မတ်လိုက်တယ်ဆိုရင်ပဲ နင်က ငါ့ကို ဖေးမတယ်။

အဲဒီအခါ ဖေးမလာတဲ့ နင့်ရဲ့လက်နှစ်ဖက်ကြားကို ငါ တိုးဝင်လိုက်တယ်ဆိုရင်ပဲ နင့်ဆီက အင်မတန် ထူးဆန်းအံ့ဩဖွယ် ရာကောင်းတဲ့ နှလုံးသည်းပွတ်ကြားက ယိုစိမ့်ထွက်လာသော ဝမ်း ခေါင်းသံတစ်ခုကို ငါကြားလိုက်ရတယ်။

"ဟာ. . . နန်းရှီလာ"

သွားပြီ. . . ငါရှုံးသွားပြန်ပြီ။

အနိုင်လိုချင်ပြီး ဘယ်တုန်းကမှ နင့်အပေါ် အနိုင်မရခဲ့တဲ့ ငါ နောက်ဆုံး အချစ်ပွဲမှာလည်း ရှုံးသွားပြန်ပြီ။

ဒါပေမယ့်. . .

သည်အရှုံးအတွက် ငါကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိပြီးပါ ကော ရန်ကြီးအောင်ရယ်။

မြမှုလဲခင်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com